www.burmeseclassic.com

ကိုရွှေတောသား

# ပြောစမှတ်တွင်မယ့် တောရစ်ခွင်

(ကျေးလက်ပျော် ဟာသလုံးချင်းဝတ္ထုစာစဉ်)



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှုမှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၈၈၇၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၈၉၆၀၇၀၈ |
| စီစဉ်သူ | - | ဟိန်းဇေ |
| မျက်နှာဖုံးပန်းချီ | - | ကိုညာဏ် |
| ထုတ်ဝေသူ | - | ဦးအောင်စိုး(၀၃၈၉၄) စိုးစာပေ ၅၅(၂)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးကျင်ရင်(၀၅၄၁၇) ရွှေခြသေ့ပုံနှိပ်တိုက် ၂၂၅၊ ၃၂လမ်း၊ ရန်ကုန်မြို့ |
| ကွန်ပျူတာစာစီ | - | နိုနို |

အုပ်ရေ ၅၀၀
တန်ဖိုး ၁၄၀၀ ကျပ်
၂၀၀၈ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်


www.burmeseclassic.com

www.burmeseclassic.com

စိုးစာပေ

၅၅ (E)၊ အနော်ရထာလမ်း...

www.burmeseclassic.com


၁။ ရွှေတောရဲ့ ဥသျှောင်

၂။ မနုဿတုန်းက သင်္ကြန်မှာ

၃။ ချစ်ခြင်းအစဆိုတာဟာ

၄။ ထိမထင်အပေါင်းအဖော်များတွေနဲ့

၅။ ပြာမဖုံးသောမီးခဲများ

၆။ လူမှန်နေရာမှန်

၇။ ဒါရိုက်တာနှင့်ဇာတ်ဆောင်များ

၈။ ဝတ်စုံကလေးရဲ့ဇာတ်လမ်းစဉ်

၉။ ပွဲကန့်လန့်ကာအဖွင့်

၁၀။ သုံးပွင့်တစ်ဆိုင်၏ ရန်များ

၁၁။ ကြားဖောက်ကိစ္စ

၁၂။ သည်လိုလည်းပဲဖြစ်တတ်တယ်

၁၃။ အလွဲလွဲရယ်တဲ့ အချော်ချော်

၁၄။ ဝေးရလေတော့မည်ဆိုသောခါ

၁၅။ အသည်းကောင်းလို့ ပွဲကောင်းသည်

၁၆။ ကိုယ့်အရုပ်နဲ့ကိုယ့်ဇာတ်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတောရဲ့ဥသျှောင်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

၆

သီတင်းကျွတ်မီးထွန်းပွဲတော်ကြီး ပြီးဆုံးခဲ့ပြီ။

သီတင်းကျွတ်ပွဲတော်ကြီး ပြီးဆုံးသွားခဲ့သည့်နောက် ဆီမီးတွေမြိုင်မည့် တန်ဆောင်မုန်းတန်ဆောင်တိုင်ဆိုတာကြီးက တရွေ့ရွေ့နှင့်လာနေပြီပင်။

သည့်အတွက်၊ ငွေးတောရွာတစ်ရွာလုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်နေကြလေသည်။ ယာထွက်သီးနှံတွေကလည်း ဟိုးခါတိုင်းနှစ်တွေနှင့်မတူ၊ အတော်ကလေးကို ဖြစ်ထွန်းအောင်မြင်ခဲ့သည်၊ ရလိုက်ကြသည်ကလည်း တကယ့်ကိုဈေးကောင်း။

ပြီးတော့ ... စပါးပင်တွေဆိုသည်မှာလည်း လယ်တစ်ပြင်လုံး စိမ်းသွေးတွေညို့နေခဲ့သည်။ အနှံကလေးတွေက မြရွှေလွှာကြားမှခေါင်းပြူလျက် လောကကြီးကို သွေးတိုးစမ်းနေသည့်အလား မကြာခင်ကာလမှာ ကောက်နှံတွေထဲ နို့နှစ်ခဲလျက် ဖုံးတုံးလုံးတုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပေဦးမည်ပဲ။ နောက် ... ကွမ်းခြံတွေကလည်း အပြိုင်း အရိုင်း။

သည်လိုမျိုး ယာထွက်သီးနှံများမှလည်းကောင်း၊ လယ်မှလည်းကောင်း၊ ခြံမှလည်းကောင်း အဘက်ဘက်မှ ဝင်ငွေတွေ ရနေသည့်အခြေ၊ ရဦးမည့်အခြေကြောင့် ဝွေးတောရွာတစ်ရွာလုံး ပျော်ရွှင်မှုအပေါင်းဖြင့် လှုပ်လှုပ်ခတ်ခတ်ဖြစ်နေကြခြင်းပင်။

"သည်နှစ်တန်ဆောင်တိုင်ကျရင်တော့ ဘုံကထိန် လှည့်တာလောက်၊ ဆီမီးတွေထွန်းတာလောက်၊ ကျီးမနိုးပွဲ လုပ်တာလောက်နဲ့တော့ မတင်းတိမ်ဘူးကွာ၊ တစ်ရွာလုံး ငွေရွှင်နေကြတဲ့ဥစ္စာ၊ ငွေရွှင်သလို ရွာသူရွာသားတွေလဲ ရွှင်ကြရလေအောင် ကိုယ့်အရပ်နဲ့ကိုယ့်ဇာတ်အဖြစ် ဇာတ်စင် ဆောက်ပြီး ယိမ်းကကြမယ်၊ ပြဇာတ်ကကြမယ်၊ ကိုင်း ... မကောင်းဘူးလား"

"ကောင်းတယ် ဖိုးအေး ... ကောင်းတယ်၊ ဒါပေ တယ်လို့ ပြဇာတ်ကိစ္စနဲ့ပတ်သက်လို့ ငါတို့က ဘာမှနားလည် တာမဟုတ်ဘူးနော်၊ အစစအရာရာ မင်းပဲဦးဆောင်ပြီး စီစဉ်ရမှာ"

ဝွေးတောရွာအရှေ့ပိုင်းရှိ ရိပ်သာအဆောက်အအုံဝယ် လူသားခေါင်း ဖိုးအေးဦးဆောင်လျက် ကာလသားအပေါင်းသည် တန်ဆောင်တိုင်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အတွက် အခြေအတင်ဆွေးနွေးနေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သည့်အတွက်တော့ မပူပါနဲ့ ညီကြီးရာ ... တို့ရွာမှာ 'သူ မပါ ဘယ်ဟာမှမပြီး'ဆိုတဲ့ ဆြာလုတစ်ယောက်လုံးရှိနေတဲ့ဥစ္စာ၊ ပြောလို့ပြောတာမဟုတ်ဘူး၊ ငွေးတောရွာတစ်ရွာလုံးမှာ သူ့လိုမျိုးစွယ်စုံရတဲ့ပုဂ္ဂိုလ် ဘယ်သူရှိလို့လဲ"

ဖိုးအေးပြောမည်ဆိုလည်း ပြောလောက်စရာ။

ဆြာလုကား ... ငွေးတောရွာ၏ကျက်သရေဆောင်။ တကယ့်ကိုစွယ်စုံရလေသော ပုဂ္ဂိုလ်ကြီးပါတည်း။

သို့ရာတွင် သူ့အထာကို သိထား,နားမလည်ထားပါက ပေါင်းရသင်းရတော့ အတော်ကလေးကိုခက်လိမ့်မည်ထင်သည်။

သူ၏အမည်နာမအပြည့်အစုံကား ... 'ဝိဇ္ဇာမဟိဒ္ဓိ အာယုဗေဒ ဆြာလု' ဖြစ်လေသတည်း။ အသက်အားဖြင့် (၇၀)သို့ချဉ်းပေပြီ။

ဗေဒင်လက္ခဏာမေးမလား၊ ကြည့်နိုင်းမလား။

မဟာဘုတ်ကိုအခြေခံ၍ ဒိုးဒိုးဒေါက်ဒေါက်မြည်အောင် ဟောချနိုင်၏။ လက်ဖဝါးပြင်မှလက္ခဏာအရေးအကြောင်းများကို ကြည့်လျက် ရှေ့ဖြစ်နောက်ဖြစ်တွေကို ကရားရေလွှတ်ချနိုင်၏။ ယောဂဆိုလည်း လာခဲ့၊ ဆြာလုနှင့်တွေ့လို့ကတော့ ဆေးကြိမ်လုံး တစ်ချက်ဝင့်လိုက်သည်နှင့် ဖဝါးနှင့်တင်ပါးတစ်သားတည်းဖြစ်အောင် ထွက်ပြေးသွားလိမ့်မည်။ အဖျားအနာဝေဒနာတို့အတွက်လည်း ဘာမျှပူနေစရာမလို၊ ကိုယ်တိုင်ထုထောင်းဖော်စပ်ထားသော မြန်... ဆေးဝါးများဖြင့် တိုက်ကျွေးကုသပေးလိုက်မည်သာဖြစ်၏။ ဘယ်... ဘယ်ဝါလာပင့်ပင့်၊ စိမ်းစိမ်းကျက်ကျက် ရွေးမနေတော့ဘဲသက်...



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းချမ်းသာအောင် လိုက်လံကုသပေးမည့် ဗိန္ဒောဆရာ တစ်ဆူလည်း ဖြစ်ပေ၏။

ဒါတင်ပဲလားဆိုပြန်တော့ . . . မဟုတ်တုံသေး။

ကိုယ့်ရပ်ကိုယ့်ရွာတင်သာမက ရွာနီးချုပ်စပ်မှ ဆိုင်ရာပိုင်ရာ နတ်ဒေဝတာတွေကို ပင့်ပေးဖို့ ပူဇော်ပ,သပေးဖို့ ဦးရှင်ကြီးတင်ပေးဖို့ ဘုရားကိုးဆူ ပူဇော်ပေးဖို့ စတာတွေအတွက် မေတ္တာရပ်ခံလာလျှင် လည်း ငြင်းသည့်,ပယ်သည် မရှိ။ ဦးရှင်ကြီးတင်ပေးဖို့ရှိလျှင် တင်ရမည့်နေ့ရက်အချိန်၌ ကိုယ်ပိုင်လေးတိုင်စင်ကျောင်းဆောင် ကလေးကိုထမ်းကာ တင်ပေးရမည့်အိမ်ရှိရာသို့ သွက်လက်ဖျတ်လတ် စွာ သွားရောက်လေ့ရှိစမြဲ။ ပြီးတော့ အိမ်ဆောက်ဖို့၊ ရှင်ပြုမင်္ဂလာ ကျင်းပဖို့၊ အာဝါဟဝိဝါဟကိစ္စတွေလုပ်ဆောင်ဖို့ကိစ္စတွေမှာလည်း နေ့ကောင်းရက်သာ ရွေးချယ်ပေးသူမှာ အန္နီ ‘ဝိဇ္ဇာမဟိဒ္ဓိ အာယု ဆေးဒါလွှာ’ပင် ဖြစ်ချေ၏။

နောက် . . . ဇာတ်စာတွေ၊ လက္ခဏာတွေကိုလည်း နှုတ် ဘိုက်ရထားသူ ဖြစ်ပြန်၏။ သည်လိုမျိုး စွယ်စုံရပုဂ္ဂိုလ်ဖြစ်သည့် အတွက်ကြောင့်လည်း ယခုလိုမျိုး ကိုယ့်အရပ်နှင့်ကိုယ်နှစ်ဆတ် ဆင်ယင် ကျင်းပမည်ဆိုလေသောအခါ ဆြာလှကိုပင် ဒက်ခနဲသတိရလိုက်ခြင်း ဖြစ်လေသည်။

သည်လိုရပ်ရေးရွာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝ တို့အတွက် အားစိုက်ခွန်စိုက်လိုက်ပေးရသည့်အတွက် အဖိုးသားနား အားဖြင့် မည်ရွေ့မည်မျှပေးမှဟူသော စိတ်ဓာတ်အရင်းခံ ဆြာလှ ထံတွင် လုံးဝမရှိ။ တန်ဖိုးအနည်းအများကိုလည်း သတ်မှတ်ထား

www.burmeseclassic.com



သည်မဟုတ်လေရကား ... ပေးချင်သလောက်ပေး၊ ကျေကျေ နပ်နပ်ပင်။

အဲ ... ငွေကြေးမတတ်နိုင်၍ ဂွေးတောရွာအနောက်ပိုင်း လမုပင်တောအုပ်ရှိ ကိုကရင်အရက်ဖိုမှ ဦးရေတစ်ပုလင်းလောက် ပေးလိုက်လျှင်လည်း အဆင်ပြေသည်။ ဆြာလှသည် အသက်အရွယ် ရလာသည့်တိုင် ညနေဘက် အပုပ်ချိန်ရောက်လေမလားဆိုမှဖြင့် တစ်ခွက်တစ်ဖလားလောက် ချလိုက်ရမှသာ နေသာထိုင်သာရှိ ချေမည်။

"ဟုတ်ပါပြီ ... ဆြာလှံကို ပြဇာတ်အတွက် တာဝန် ပေးတာက ဟုတ်ပါပြီ။ ဆြာလှကို မင်းသွားပြောရင် လက်ခံပါ့မလား ဖိုးအေး"

"အာ ... ဟုတ်ပါရဲ့၊ ငါသွားပြောလို့က အဘိုးကြီး အနေနဲ့ ရှောရှောရှူရှူ လက်ခံလိမ့်မယ်မထင်ဘူး"

ညီကြီး စောဒကတက်သည်က မှန်ပေစွ။

ဆြာလှကား ... လူ့ခွစာပီပီ ဖိုးအေးအပေါ်တွင် မျက်စိ စပါးမွေးစူးနေသည်မှာ သေချာသည်။ ဘာကြောင့်ဆို ... ဆြာလှ ၏ တစ်ဦးတည်းသောသမီးချောကလေး ဖြူမနှင့် တိတ်တခိုး ချစ်ကျွမ်းဝင်နေမိခဲ့ပြီမဟုတ်ပါလား။ သည်လိုမျိုးအသံတွေကို တစ်စွန်း တစ်စ ကြားနေရသော ဆြာလှအနေဖြင့် မျက်စိစပါးမွေးစူးရလေသ ဖိုးအေးအပေါ်တွင် အဘယ်မှာလာ၍ကြည်ဖြူနိုင်ပါချိမ့်။

"ဘာပဲဖြစ်ဖြစ်ကွာ ... တို့များဂွေးတောရွာရဲ့ သိန် ဆောင်တိုင်ဟာ အစည်ကားကြီးစည်ကားစေရမယ်၊ ရွာနီး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်စပ်ကပါ တအံ့တသြနဲ့လာရောက်အားပေးကြည့်ရှုရမယ့် အရုပ်ပြဇာတ်ကိုတင်ဖြစ်အောင်တင်ရမယ်။

သည်တော့ ဆြာလုနဲ့အဆင်ပြေရလေအောင် ညီကြီးရေ ... မင်းပဲဦးဆောင်ပြီး ကာလသားအချို့နဲ့ ဆြာလု ဆီသွားပြီး အကျိုးအကြောင်းပြောပြလို့ အကူအညီတောင်းပေးပါ၊ ဇာတ်စင်အတွက်တော့ ငါ့တာဝန်သာထား။ ဟုတ်ပလား''

''ကောင်းပါပြီ ... ဖိုးအေးရာ''

ဖိုးအေးက ကာလသားခေါင်းပီပီ လုပ်ဆောင်ရမည့်တာဝန်များကို ခွဲပေးလိုက်သည်။ ကာလသားအားလုံးကလည်း ကိုယ့်ရပ်ကိုယ့်ရွာ စည်ကားသာယာဖို့အရေးအတွက် လုံးပမ်းကြရန် အားခဲနေကြတော့သည်။

သည့်နောက်မှာတော့ ... သူတို့အားလုံး လူစုခွဲလိုက်ကြချေသည်။ →



www.burmeseclassic.com

www.burmeseclassic.com

နွေ . . . ထနောင်း၊ ဆောင်း . . . မန်ကျည်းတဲ့။

လူကြီးသူမများ၏ ရှေးဆိုရိုးစကား။

အေးမြသည့်အရိပ်အာဝါသနှင့်စပ်လျဉ်း၍ နွေရာသီ၌ ထနောင်းရိပ်သည် အေးမြခြင်းအတိ။ ဆောင်းရာသီဆိုလျှင်တော့ မန်ကျည်းရိပ်။

ငါးမည်ကြာခိုင် ကြိုင်လှိုင်သင်းသည့် သီတင်းကျွတ်ကို ဖြတ်ကျော်အပြီး ခဝဲတို့ ဝတ်မှုန်အစီအရီဆင့်သော လတန်ဆောင်ကို အချဉ်းဝယ် ဟေမန္တမြောက်ပြန်လေသည် ညင်းတသုန်သုန်ဖြင့် နှင်းမှုန်တို့ကို ကမ်းဆင့်လာခဲ့ပါပကော။

ဟေမန္တ၏နေ့လယ်ခင်းဆိုသော်ငြား . . . ခြံဝင်းအတွင်း၌ မန်ကျည်းပင်၏အရိပ်ကြောင့် အေးမြ၍နေလေသည်။ မန်ကျည်းပင်၏ခြေရင်းဝယ် ပင်စည်ကိုဝိုင်းပတ်လျက် သစ်သားကွပ်ပျစ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆောက်လုပ်၍ထားသည်။ ၎င်းကွပ်ပျစ်၌ ဆြာလှသည် တင်ပျဉ်ခွေထိုင်ရင်း ကွမ်းသီးခြမ်းတို့ကို တထပ်ထပ်ဖြင့်ညှပ်နေလေသည်။

ထိုစဉ်မှာပင် မန်ကျည်းပင်နှင့်မလှမ်းမကမ်းရှိ လေးပင်သုံးခန်းအိမ်ကြီးအတွင်းမှ အသက် (၁၈)နှစ်အရွယ် မျှစ်စို့မျှစ်ပေါက်ကြီးပမာ နုထွားစိုပြည်လှစွာသော လုံမေပျိုကလေးတစ်ဦးသည် ရေနွေးပန်းဖြင့် ထွက်လာခဲ့လေသည်။ ထိုမိန်းမပျိုကလေးကား ငွေးတောရွာတစ်ရွာလုံး၌ လှထွတ်မှန်ကင်းသည့် ဆြာလှ၏ရင်သွေးရင်နှစ် ချစ်သမီးကလေးပါတည်း။

"အဘ ... ရေနွေးကြမ်းရပြီ"

"အေး ... အေး ... ထားခဲ့ ... ထားခဲ့"

"ဒါထက် ... အဘထမင်းဆာရင်ပြောနော်၊ အားလုံးချက်ပြီးပြုတ်ပြီးနေပြီ၊ အဆင်သင့်ပဲ"

"ဆာတော့မဆာသေးပါဘူးကွယ် ... ဒါနဲ့ ဘာတွေများချက်ထားသတုန်း"

"အင်း ... ဘာတွေလဲဆိုတော့ ငါးဖယ်ခြစ်ကို ခရမ်းချဉ်သီးအနှစ်တွေနဲ့ ခပ်ပျစ်ပျစ်ကလေးချက်ပြီး နံနံပင်အုပ်ထ ားတယ်၊ တို့စရာက စိုင်သီးကလေးတွေရတာနဲ့ ခွဲပြီးရေစိမ်ထားလေရဲ့၊ အချည်သောက်ကတော့ ပဒတ်စာနဲ့ ဘူးသီးကို ဟင်းချိုချက်ထားတယ်လေ"

"ထမင်းတော့မြိန်ဦးတော့မှာပဲကွယ်၊ နောက်နာရီဝက်လောက်နေတော့မှ စားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ဒါဆို သမီး အဝတ်ကလေးတွေ သွား လျှော်လိုက်ဦးမယ်"

"အေး ... အေး ..."

အပါးမှဖြူမထွက်သွားတော့ ဆြာလှလည်း ဟင်းခနဲသက်ပြင်း ချလိုက်လေသည်။

ဩော် ... ရင်အသည်းနစ်အောင်ချစ်ရပါလေသော သမီးကလေး။

သည်မိတဆိုးသမီးကလေးအကြောင်း တွေးမိလေတိုင်း ဆြာလှအဖို့ ဝမ်းနည်းခြင်း, ဝမ်းသာခြင်းတို့ကို ခံစားရလေသည်။ ဝမ်းနည်းရခြင်းမှာ ဖြူမငယ်စဉ်ကပင် မိခင်ဖြစ်သည့် ဒေါ်အေးမ ကွယ်လွန်သွားခဲ့သောကြောင့်ဖြစ်သည်။ သမီးလေးဖြူမခမျာ သည် လိုမျိုး အပျိုကြီးဖားဖားဖြစ်လာသည်အထိ မိခင်၏အုပ်စီးမှုမခံရဘဲ ဖခင်ကြီး၏မေတ္တာရိပ်ဖြင့်သာ ကြီးမားခဲ့ရ၏။ ဆြာလှ၏ညီမ ဒေါ် ခင်ထွားကလည်း မိန်းမချင်းအနီးကပ်စောင့်ရှောက်ပေးခဲ့ရမှုကလည်း ကျေးဇူးတင်စရာပင်။

ခုဆို ဒေါ်ခင်ထွားတို့မိသားစု မရှိတော့။

မြို့ပြရန်ကုန်သို့တက်ကာ အထိုက်အလျောက် ကြီးပွား ချမ်းသာနေကြပေပြီ။ ဆြာလှကတော့ ဇနီးဖြစ်သူ ဒေါ်အေးမ ခေါင်းချ ခဲ့ရာ ငွေးတောရွာကလေးကိုဖြင့် သူ့တစ်သက် ဘယ်သောအခါမှ မခွာလိုတော့ဟု ဆုံးဖြတ်ထားသူပီပီ၊ သည်ငွေးတောရွာမှာပဲ ဘဝကို ဖြတ်သန်းနေတော့သည်။ သည်ကာလမှာပင် သမီးကလေးဖြူမက ဖခင်အပေါ် ရိုသေစွာလုပ်ကျွေးခဲ့သည်။ အိမ်မှုကိစ္စမှန်သမျှကို နိုင်နင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ထိန်းသိမ်းခဲ့သည်။ အနေအထိုင် သိပ်သည်းကျစ်လျစ်သည်။ သို့ဖြစ်၍လည်း တစ်ဖက်က မိဘမဲ့ခြင်းအတွက် ဝမ်းနည်းရသလို ကျန်တစ်ဖက်ကလည်း လိမ္မာရေးခြားရှိမှုအပေါ် ဝမ်းသာရပြန်ပါချေ၏။

သည်သို့ တောင်တောင်အီအီစဉ်းစားရင် ကွမ်းသီးညှပ်ခြင်းကိစ္စ ပြီးဆုံးသွားသည်။ အဲ ... တောင်ပိုင်းက လေဖြတ်ဝေဒနာရှင် ဒေါ်လှတင် လိမ်းကျံဖို့ရာ ဆေးဖော်ရဦးမည်။ ကိစ္စမရှိ။ ထမင်းစားသောက်ပြီးပါမှပဲ အေးအေးလူလူဖော်တော့မည်။ ထိုခဏ အဝတ်တွေလှန်းပြီးလေသော ဖြူမ ရောက်လာပြန်သည်။

"အဘရေ ... သမီး ထမင်းပွဲပြင်လိုက်တော့မယ်နော်"

"အေး ... အေး ... ပြင်လိုက်တော့ကွယ်၊ သမီးစောစောကချက်ထားတဲ့ ဟင်းတွေအကြောင်း ကြားရတာနဲ့တင် ဆာသလိုလိုရှိနေတာ၊ အင်း ... ထမင်းမစားခင်လေး နည်းနည်းလောက်တော့ ... အဟဲဟဲ ..."

ဆြာလှအဖို့ ထမင်းမစားမီ ယမကာဦးရေကလေးကို နည်းနည်းလောက်ပက်လိုက်ရမှ စားကောင်းသောက်ကောင်း၊ အဝင်ကောင်းကာ သွေးသားလည်ပတ်မှုတွေမှန်ကန်သည်ဟု ယူဆသည်။ ထို့ကြောင့်လည်း ထမင်းမစားမီကလေး သူ့အာသီသရှိရာကို ပြောချလိုက်ခြင်း ဖြစ်၏။ ထိုရောအခါ ဖြူမ၏မျက်နှာကလေးသည် ခပ်တင်းတင်းကလေးဖြစ်သွားပြီး ပါးလျသောနှုတ်ခမ်းအစုံမှာလည်း ခပ်ရှုံ့ရှုံ့ဖြစ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘနော် ... ဖြူမ မပြောချင်လို့ကြည့်နေရတာ၊ ကိုယ့်အသက်အရွယ်ကိုလဲ ထောက်ပါဦး၊ ညနေပိုင်း ထမင်း မစားခင် နည်းနည်းလောက်သောက်ရင် တော်ရောပေါ့၊ ခုဆို ... မနက်ပိုင်း ထမင်းမစားခင်ကလေးတောင်မှ သွေးတောင်းတယ်ဆိုရင် မဟုတ်တော့ဘူး"

"တစ်ခါတလေပါ သမီးရယ်၊ နောက်ပြီးတော့ ညနေ့ဘက်လို အများကြီးလဲ မဟုတ်ပါဘူး"

"တစ်ခါတလေဆိုတာ ကြာသွားရင် အမြဲတစေဖြစ်သွားတတ်တယ် အဘရဲ့၊ ခုဆို အရှေ့ပိုင်းကာလသားတွေက ကထိန်ပွဲကျရင် ဒိုးပတ်ဝိုင်းမှာ ရွာထဲကလူတွေ အကြောင်းကို သီချင်းဖျက်ဆိုကြမလို့တဲ့၊ အဲဒါ ကိုယ့်ဘက်က အနေအထိုင်မမှန်ရင် အဘအကြောင်းဟာ သီချင်းထဲ ပါသွားနိုင်တယ်နော်"

"ဒါတော့ စိတ်သာချသမီး၊ အဘရဲ့အနေအထိုင်ပိရိမှုက စံချိန်တင်သွားပါလိမ့်မယ်၊ အဘဟာ ဟောဒီဌွေးတော ရွာမှာ 'ဆြာလှ ... ဆြာလှ'ဆိုပြီး တကယ့်ကို ပဏာရ နေတဲ့ပုဂ္ဂိုလ်ကြီးပါ၊ ဘယ်သူကများ အဘကို လှောင်ရဲ ထေ့ရဲမှာတဲ့လဲ။

အဲ ... သမီးကသာ အဘကိုပြောနေ၊ အဘလဲ သမီးနဲ့ပတ်သက်တာတွေ မကြားရစေနဲ့ ဟုတ်ပလား"

သည်စကားကြားရတော့ ဖြူမရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ အဘတစ်ယောက် သူမနှင့်ပတ်သက်၍ ဘာအကြောင်း အရာတွေများ ဘယ်နေရာက ဘယ်လိုမျိုး ကြားနေရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ငွေးတောရွာကာလသားခေါင်းဖိုးအေးတို့ တိတ်ဆိတ်ဆိုး မေတ္တာမျှမိခဲ့ကြသည်ကို ရိပ်စားသွားမိခဲ့ပြီလား။

ဒါမျိုးဆိုတာက … ကဖော်သမားတွေစုဝေးတတ်သည့် ဆိုင်တန်းတောတို့၊ ခွက်ပုန်းဆိုင်တို့မှာ အများဆုံးကြားရလေ့ရှိတတ်သောအမျိုးပင်။ ဆြာလှအနေဖြင့် သည်နေရာ သည်ပတ်ဝန်းကျင်များသို့ သွားရောက်လေ့ရှိသည်မို့လည်း တစ်ခွန်းတစ်ပါဒ တစ်စွန်းတစ်စ ကြားလာရခြင်းလည်း ဖြစ်နိုင်ကောင်းသည်။

သို့ပါသော်ငြား … "ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့"ဆိုသော စကားလည်း အရှိသားကလား။ သည့်အတွက်တော့ ဖြူမတို့ ဣန္ဒြေ ထုံးဝမပျက်စေရ။

"ဖြူမအနေအထိုင် ဘာများမဟုတ်လို့လဲ အဘရယ် … အမဆုံးသွားပြီးကတည်းက အဘကိုပဲ အဖေလို တစ်မျိုး၊ အမလိုတစ်မျိုး လေးစားရှိသေပြီး သည်အသက်အရွယ်ထိ နေလာခဲ့တယ်မဟုတ်လား။ အဘမျက်နှာပျက်ရလောက်အောင် ဖြူမ ဘာတစ်ခုလုပ်ကိုင်ခဲ့ဖူးလို့လဲ"

သည်လိုမျိုး ပြုတော့မည့်မိုးသားအလား ကောင်းကင်မျက်နှာပြင်၌ အုံ့ဆိုင်းပြလိုက်လေသောအခါ ဆြာလှအနေဖြင့် ဆက်လုပ်၍မိုးရန် ပဒုမ္မာရွှေကြာရိုး မရှိလေသည့်အတွက် ပျာပျာသလဲ ပြန်သွားရတော့သည်။

သူသိပ်ချစ်ရသောသမီးလေးသည် သူ၏ဆူပူမှုကြောင့် ဆောကတွေ ဆူလောင်မြိုက်ကာ မျက်ရည်ကျရသည့်အဖြစ်မျိုးကို မလိုချင်ခဲ့။ အမေတစ်ခု သမီးတစ်ခုဘဝဖြင့် နေလာခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအား နေထိပန်းသွင် မညှိုးနွမ်းစေချင်ပဲ။ မိုးဆမ်းပန်းလိုသာ လန်းဆန်းနေစေချင်တော့သည်။

"သမီးလေးရယ် . . .

အဘရဲ့သမီးလေးဟာ ဣန္ဒြေသမ္ပတ္တိအပြည့်နဲ့ ပိုင်းအောင်းကျောက်ဖိ နေတတ်ထိုင်တတ်တယ်ဆိုတာ အဘသိတဲ နေပါ့မလား။ သမီးရဲ့ကိုယ်ကျင့်သိက္ခာကို အဘယုံပါတယ်၊ ဒါပေမယ့် . . . ကိုယ့်ဘက်က ဘာတစ်ခုအပြစ်ပြောစရာမရှိအောင် နေတတ်ထိုင်တတ်ရင်တော့ အကောင်းဆုံးပေါ့ကွယ်။

ပြောမယ့်လို့ပြောတာမဟုတ်ဘူး၊ ဟောဒီဂွေးတောတစ်ရွာလုံးမှာ ငါ့သမီးဖြူမလောက် ချောတဲ့လှတာမရှိဘူး၊ မိစုံဖစုံမဟုတ်လို့သာ ရွာခလေ့ထုံးစံအရ ငါ့သမီးလေးဟာ ကွမ်းတောင်ကိုင်မဖြစ်ရတာ၊ တကယ်လို့များ ဟောဒီဂွေးတောရွာမှာ မယ်ပြိုင်ပွဲသာပြုလုပ်ကြည့် . . . ငါ့သမီးတစ်ယောက်ပဲ 'ဂွေးတောမယ်'ဘွဲ့ရမှာ၊ သိလား"

"အို . . . အဘကလဲ၊ ပေါက်ပေါက်ရှာရှာ"

"ထားပါကွယ် . . . ထားပါ၊ အဲသည်လောက်လှတဲ့ ငါ့သမီးကို ဂွေးတောရွာက ဘာမှအဖြစ်မရှိတဲ့ ပေါက်ပန်းဈေးတွေနဲ့ မဖြစ်စေချင်ဘူး၊ ကေသရာဇာခြင်္သေ့မင်းတို့ရဲ့ဆီဆိုတာ သိင်္ဂီရွှေခွက်နဲ့ထည့်မှသာ တင့်တယ်တာ။

အထူးသဖြင့် ဂွေးတောရွာကာလသားတွေထဲမှာ ဟိုနေရာလဲစပ်စပ်၊ သည်နေရာလဲ စပ်စပ်,စပ်စပ်ဖြစ်နေတဲ့ ဖိုးအေးလိုကောင်မျိုးကို လုံးဝကြည့်လို့မရတာ အဲ့နဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုမျိုး ချစ်သူအပေါ် တစ်ဖက်သတ်အမြင်ဖြင့် ဖိနှိပ်ချိုးနှိမ်စကား ပြောသံကြားလေတော့ ရင်ထဲ တစစ်စစ်နာကျင်ရပါသည်ကော။

"အဘရယ် ... ကိုဖိုးအေးက အဘထင်သလိုမျိုး မဟုတ်ပါဘူး၊ ကာလသားခေါင်းဆောင်ဆိုတော့လဲ သူပဲ အစစအရာရာဦးဆောင်ပြီး နေရတာကာပါနေရတာပါ"

"ကွယ် ... ဘယ်လိုပဲဖြစ်ဖြစ် အဘကတော့ ငါ့ သမီးနဲ့ပတ်သက်လာရင် ဘာဆိုတာမှမကြားချင်တာအမှန်ပဲ၊ ကိုင်း ... အဘလဲ ထမင်းစားတော့မယ်ကွယ်"

ဖြူမအဖို့ သူမ မေတ္တာကြည်ဖြူခဲ့လေပြီဖြစ်သည့် ကိုဖိုးအေးနှင့် စပ်လျဉ်း၍ အဘ၏တစ်ယူသန်သဘောထားကို ကြားသိရလေသော အခါ မျက်နှာရောင်စဉ်တို့သည် ဟိုတောင်ဆီရယ်က ညို့တိုတိုရယ်၊ ညို့တိုတိုသဖွယ် ဖြစ်သွားရှာလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# မနှစ်တုန်းက သကြင်္န်မှာ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ငွေးတောရွာ၏အဝင်လမ်း။

သည့်အဝင်လမ်း၏ဘေးတစ်ဖက်တစ်ချက်မှာတော့ ထီးထီး မားမားကြီးစွင့်ကားလျက်ရှိသော ပိတောက်ပင်ကြီးတစ်ပင် ရှိလေသည်။ နွေဦးပေါက်ပြီဆိုလျှင်ဖြင့် သည့်ပိတောက်ပင်ကြီး၌ မြအဖူး တွေ သစ်သစ်ဝေနေတော့သည်သာ။

သည့်ပိတောက်ဖူးတို့သည် တောင်လေနှင့်မိတ်ဖွဲ့ရင်း တန်ဆာ မည်မှတ်၊ ဖက်ဆွတ်ရေတိုး သကြန်မိုးကို အမျှော်လင့်ကြီးမျှော်လင့် နေခဲ့ကြသည်။ သည့်သကြန်မိုးကိုသာ အားပါးတရ ပြည့်ပြည့်ဝဝ သောက်ချိုးလိုက်ရလျှင်ဖြင့် မြဝတ်လွှာစကို ဆွတ်ခွာချရင်း တစ်ပင်လုံး ဝါဝါရည်ရွှင်ဖြစ်နေတော့မှာ သေချာလေသည်။

ပြောရမည်ဆိုလျှင် ငွေးတောရွာတစ်ရွာလုံးသည် ငွေးပင် တွေ ပေါများသလောက် ပိတောက်ပင်ကတော့ ရှားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သူမည်ဝါစိုက်ပျိုးသွားမှန်းမသိရသည့် အဆိုပါပိတောက်ပင်ကြီးသည် တန်ခူးလရောက်ပြီဆိုမှဖြင့် ပန်းချစ်သူ ဌွေးတောရွာသူရွာသားအပေါင်း၏စောင့်မျှော်ခြင်းကို ခံယူရရှာသည်။ သင်္ကြန်လက်ဆောင်မိုးကို လစ်မစ်ပြည့်ဝစွာ သောက်သုံးပြီးပြီဆိုလျှင်ဖြင့် နောက်နေ့နံနက်အရုဏ်အတက်၌ ညင်းလေနှင့်အတူ ပိတောက်ရနံ့တွေကို ဌွေးတောရွာတစ်ရွာလုံးသို့ စီးလည်မျှောသမ်းပစ်မှာ သေချာသည်။ လင်းချင်းသောအလင်းရောင် ထွက်ပေါ်လာလျှင် ရွာသူရွာသားအပေါင်းတို့သည် ပိတောက်ပင်ရှိရာ အရောက်လာကြလျက် အကိုင်းတွေကိုချိုင်ကြမည်။ အခက်တွေကိုချိုးကြမည်။ ဘုရားလှူကြမည်။ ပန်ကြမည်။ လက်ဆောင်ပေးကြပါမည်။ တစ်ပင်လုံးပွင့်ဝေပေးလိုက်သောပိတောက်ပင်ကြီးခမျာမှာတော့ ပွင့်ဝေပေးလိုက်သည့်နောက်ပိုင်းအကိုင်းအခက်တွေ ပိုင်းပြတ်နေလျက် သူ့ကြောင့် ပျော်ရွှင်ကြည်နူးသွားကြပါကလားဟူသည့် ပီတိကိုသာ ခံစားရရှာလေသည်။

သင်္ကြန်လက်ဆောင်မိုးကလည်း ၊ မရွာပါသေး။

သည်တော့လည်း မြရွက်လွှာကြားမှ အလှဝှက်ကာထားသည့် စိမ်းမြမြပိတောက်ဖူးတံတို့သည် ဝတ်လွှာစကို ဆွတ်ခွာချ၍နေပါသေး။ သည်လိုမျိုးအနေအထားမှာပင် ဘယ်အရပ်ဒေသဆီမှ အဝေးလဲ်ရှောင်လာခဲ့သည်မသိတတ်နိုင်သော ငှက်မည်းမည်းလေးတစ်ကောင်သည် ပိတောက်ပင်ခွကြားသို့ ညွှတ်စာရင်းမတိုင်ဘဲ ရောက်ရှိလာခဲ့ချေသည်။

သည်ငှက်မည်းမည်းကလေးကို အင်မတန်မှ အမည်သည်းခြားချင်တတ်ကြသည့် မနုဿလူသားတွေက 'ဥဩ'ဟု ခေါ်ဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြကုန်သည်။ သည်ငှက်ကလေးသည် ဘာအစားအသောက်တွေ စားသောက်ခဲ့လေသည်မသိ။ လည်ချောင်းတွေယားယံလာသောအခါ ချောင်းဆိုးလိုက်လေသည်။ သူ့ချောင်းဆိုးသံက 'ဥသြ ... ဥသြ' ဖြစ်နေသည့်အတွက် 'ဥသြ'ဟူ၍ အမည်ပေးခြင်းခံလိုက်ရလေသလား။

ဒါကိုဖြင့် ငှက်မည်းအဖော်ကွဲကလေးက သိရှာလိမ့်မည်မဟုတ်ပါ။

သူ လည်ချောင်းယားယံသဖြင့် ဖွင့်ဖောက်မြည်ကြွေးသံကိုပင် အလွမ်းခံစားရှိသည့်လူတွေက 'နွေတေးရှင် အလွမ်းငှက်ငယ်လေး'ဟု သမုတ်ကြကုန်၏။ သူ့အသံကြားရလျှင်ဖြင့် တောင်တောင်အီအီတွေးတောကာ မျက်ရည်စို့ကြသူတွေလည်းမရှား။ အံ့မယ် ... သူ့သဒ္ဒါအသံကိုပင် 'ဖော်ဝေး ... ဖော်ဝေး'ဟူ၍လည်းကောင်း၊ 'ကိုယ်ရော ... ကိုယ်ရော' ဟူ၍လည်းကောင်း အသံဖလှယ်သူတွေ ရှိနေကြပြန်ပါသေး။

ဖော်ကွဲငှက်မည်းကလေးကတော့ 'ပုထုဇ္ဇနော ဥမ္မတ္တကော' တွေကိုကြည့်ရင်း ရယ်ချင်ပက်ကျိဖြစ်လာရင်းမှ သူ့ကိုယ်သူပင် ဘာရယ်မသိတတ်နိုင်သောအသံကို ဖွင့်ဖောက်လိုက်ပြန်သည်။

"ဥသြ ... ဥသြ ... ဥသြ"

"ဖော်ဝေး ... ဖော်ဝေး ... ဖော်ဝေး"

"ကိုယ်ရော ... ကိုယ်ရော ... ကိုယ်ရော"

သည်ကတည်းက မကြာခင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည့်အကြောင်း ဝေးတောရွာတစ်ရွာလုံး သိနားလည်နေပါတော့သတည်း။ ●

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ရွာဦးကျောင်းဓမ္မာရုံမှာတော့ ကာလသားအပေါင်း စုဝေးမိကြလေပြီ။ သူတို့သည် ငွေးတောရွာ၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲကို ရိုးရာဓလေ့နှင့်အညီ ပျော်ရွှင်စွာဆင်နွှဲကြရန် တိုင်ပင်ဆွေးနွေးကြဖို့ စုဝေးကြခြင်းဖြစ်လေသည်။

"သည်နှစ်လဲ ခါတိုင်းနှစ်တွေတုန်းကလိုပဲ သင်္ကြန်ပွဲ ဆင်နွှဲကြမှာပါ၊ ရေကစားမဏ္ဍပ်တွေ ဆောက်မယ်၊ စည်ပိုင်းတွေငှားပြီး ရေတွေဖြည့်လို့ ကစားစေမယ်၊ ဖိုးအောင်မြကြီးရဲ့ ဓာတ်စက်ငှားပြီး ပျော်ရွှင်မြူးဆိုင်ရအောင် သီချင်းတွေ ဖွင့်ပေးမယ်"

"ကောင်းတယ် ... ကောင်းတယ် ... မုန့်လုံးရေပေါ်လုံးကြမယ့် စတုဒိသာမဏ္ဍပ်မှာလဲ ဓာတ်စက်တစ်လုံးလောက် ... "



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... စိတ်ချ ... သီချင်းကောင်းတွေနဲ့ [illegible]ပေးမယ်၊ လူငယ်ကာလသားတွေက ရေထမ်းပုံးကိုယ်စီနဲ့ ကန်ထဲကရေတွေခပ်ပြီး သက်ကြီးရွယ်အိုဆရာသမားတွေကို ရေလှူကြမယ်၊ ဘုန်းတော်ကြီးကျောင်းက [illegible]အိုးတွေကိုလဲ ရေဖြည့်ပေးကြမယ်၊ ကာလသမီးတွေကလည်းပဲ သက်ကြီးရွယ်အိုတွေကိုခေါင်းလျှော်ပေးကြမယ်၊ ရေချိုးပေးကြမယ်၊ ခြေသည်းလက်သည်းညှပ်ပေးကြမယ်"

"နှစ်ဆန်းတစ်ရက်နေ့ကျရင် ငါးလွှတ်ပွဲကြီးလဲ လုပ်ကြဦးမယ်၊ အဲ ... ထူးခြားတာက ဘကြီးသာနိုးက ခိုင်းလို့မသင့်တော်တဲ့ သူ့ရဲ့နွားပြာကြီးတစ်ရှဉ်းကို သားသတ်ဖို့မရောင်းတော့ဘဲ ဘေးမဲ့လွှတ်မယ်တဲ့"

"သာဓုပါဗျာ ... သာဓုပါ ... သာဓုပါ"

"ပြီးတော့ ... အကြိုနေ့ညကစပြီး နှစ်ဆန်းတစ်ရက်နေ့ညအထိ လူငယ်ကာလသားအဖွဲ့က ဘုရားပင့်ပြီး ရွာထဲကို လှည့်ကြမယ်၊ အလှူခံကြမယ်၊ အားလုံး ကိုယ့်တာဝန်နဲ့ကိုယ် မပျက်ကွက်ကြစတမ်းနော်"

"စိတ်သာချ ... ဘယ်လိုနည်းနဲ့မှကို မပျက်ကွက်စေရဘူး"

သည့်နောက်မှာတော့ အကြိုနေ့မရောက်ခင်တစ်ရက်မှာ ဝါးများ၊ အုန်းလက်များကိုခုတ်ပိုင်း၍ ရေကစားမဏ္ဍပ်ကိုလည်း [illegible]ကောင်း၊ မုန့်လုံးရေပေါ်လုံးကြမည့် စတုဒိသာမဏ္ဍပ်ကိုလည်း [illegible] ဆောက်လုပ်ခဲ့ကြသည်။ ရေတိုင်ကီများငှားရမ်းကာ ရေ[illegible]မဏ္ဍပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အစီအရီထားရှိရင်း ကန်မှရေများခပ်ကာ အပြည့်ဖြည့်ခဲ့ကြသည်။ ထို့အတူ ကာလသမီးများကလည်း ရေစိမ်ထားသော ကောက်ညှင်းဆန်အား အရီးမြ၏ မုန့်ကြိတ်ဆုံရှိရာသွားရောက်ကာ မုန့်ကြိတ်ကြသည်။ ထန်းလျက်ခဲကို မုန့်လုံးရေပေါ်တွင်ထည့်သွင်းရန် အနေတော်လှီးကြသည်။ ထင်းခွဲသူခွဲကြသည်။ အားလုံးသည် ညီညီညာညာ တက်တက်ကြွကြွ။

အကြိုနေ့မတိုင်ခင် အဆိုပါရက်၏ညအခင်းရောက်လေသော့ မိုးရန့်ပါသောလေက တဂူးဂူးတဝေါဝေါ တိုက်ခတ်လာခဲ့သည်။ နွေနေ့လယ်ခင်းတုန်းက ချစ်ချစ်တောက်ပူလောင်ခဲ့သဖြင့် ကျောကော့အောင်ခံစားနေခဲ့ရသည့်အနေအထားမှ ခုလို မိုးရန့်ကို သယ်ဆောင်လာသောလေကြောင့် အနေရအထိုင်ရ သက်သောင့်သက်သာဖြစ်သွားရလေသည်။

"ဟာ ... မိုးတွေရွာလာပြီဟေ့ ..."

မိုးရန့်လေပြည်က ကလူကျီစယ်နေဆဲမှာပင် မိုးပေါက်တွေက တဖြောက်ဖြောက်သက်ဆင်းလာကြသည်။ ထိုအခါဝယ် နေအိမ်အချို့မှ လူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။ သိမ်းဆည်းခြင်းမပြုရသေးသော ထင်းတိုထင်းစများအား အမိုးအကာအောက်သို့ ပို့သွင်းခြင်းရယ်ပါ။ ထိုစဉ်မှာပင် တဖြောက်ဖြောက်ရွာသောမိုးသည် အားတွေမာန်တွေဝင်လာကာ ကောင်းကင်ယံမှတိမ်မျှင်တို့ကိုဖောက်ခွဲလျက် ဝုန်းဒိုင်းကြမ်း သွန်းချပါလေတော့သည်။

နောက်တစ်နေ့မနက်ခင်းရောက်လေသော် ညတုန်းက ရွာခဲ့သော တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုးကြောင့်ပွေး



www.burmeseclassic.com

www.burmeseclassic.com



တောရွာတစ်ရွာလုံး ပိတောက်ရနံ့တွေ သင်းထုံပျံ့မွှေးသွားခဲ့၏။ သည့်အတွက် ပိတောက်ပင်ရှိရာသို့သွားကြကာ ကာလသားတွေက ပိတောက်ခက်တွေကို ချိုးပေး,ချိုင်ပေးကြ၏။ လုံမပျိုတို့က ပင်ခြေအောက်မှ ပျော်ပျော်ပါးပါးကောက်ကြ၏။

သူတို့သည် ဦးဦးဖျားဖျားဆိုသလိုပင် ရွာဦးကျောင်းသို့သွားကာ ရှပ်ပွားတော်၊ စေတီတော်တို့ထံတွင် ပိတောက်ပန်းများကပ်လှူလိုက်ကြသည်။ ဘုန်းတော်ကြီး၏ဘုရားခန်းတွင်လည်း ညောင်ရေအိုးများကို ဆေးကြောသန့်စင်ကာ ပိတောက်ခက်များကို စိုက်ထိုးပူဇော်ခဲ့ကြ၏။ ဘုန်းတော်ကြီးကား ... သာဓုအကြိမ်ကြိမ်ခေါ်၍မဆုံး။

ထိုစဉ်မှာပင် ... ရေကစားမဏ္ဍပ်ဆီမှလည်းကောင်း၊ စတုဒီသာမဏ္ဍပ်ဆီမှလည်းကောင်း, ကုလားငအောင်နှင့် ကုလားကြည်ဝင်းတို့ပိုင်ဆိုင်သော ဓာတ်စက်တို့မှ သူ့ထက်ငါ မြည်သော၊ မိသော၊ ကြည်သော သီချင်းသံတို့ကိုဖွင့်လျက်ရှိလေရာ ငွေးတောရွာတစ်ရွာလုံး နိုးကြားလန်းဆန်းသွားပါချေ၏။

"အဘ ... သမီး မုန့်လုံးရေပေါ်လုံးပေးရအောင် ထွေးတင်တို့နဲ့ စတုဒီသာမဏ္ဍပ်ရှိရာ သွားဦးမယ်နော်"

"အေး ... အေး"

"ဪ ... ဒါထက် ဒီနေ့ အဘ သီလယူမယ် မဟုတ်လား"

"အင်း ... အဲ ... အဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘရယ် ... မကြာခင်နှစ်သစ်ကာလကိုရောက်တော့မယ်၊ သည်ရက်အပိုင်းအခြားကလေးမှာ သောက်စားတာ ခံဏ်လောက်ရပ်စေချင်တယ်၊ အဘ ဥပုသ်သီလစောင့်ရအောင်လို့ သမီးက ဖွယ်ဖွယ်ရာရာလေးတွေ ချက်ထားတာ၊ အဘလဲ ကုသိုလ်ရ၊ သမီးလဲ ကုသိုလ်ရအောင် သည်ရက်တွေမှာ ရွာဦးကျောင်းသွားပြီး ဥပုသ်ယူပါလား ဟင်"

ဖြူမက အချက်အလက်ပြည့်ပြည့်စုံစုံ၊ အကြောင်းအကျိုးအဖုံဖုံဖြင့် တင်ပြတောင်းဆိုလာလေတော့ ဆြာလုခမျာ ဘာမျှဆောဒကမတက်နိုင်အောင်ဖြစ်သွားရသည်။

"အင်းလေ ... သမီးပြောတာလဲ ဟုတ်ပေသားပဲ၊ ဘာလိုလိုနဲ့ အဘရဲ့အသက်တောင် ခုနစ်ဆယ်သက်တမ်းကပ်လာပြီ၊ ဟုတ်တယ် သမီး၊ သည်သင်္ကြန်ရက်တွေမှာ ငါ့သမီးလဲ စိတ်ချမ်းသာ၊ အဘလဲ ကုသိုလ်တွေရအောင် စိပ်ပုတီးနဲ့ရိပ်ကြီးခိုပါ့မယ် သမီး"

"ဟေး ... ဒါမှ ဖြူချစ်တဲ့အဘကွ"

ဖြူမခမျာ သူမ၏ဆန္ဒလိုအင် ပြည့်ဝသွားလေသည့်အတွက် ငါ်ကလေးငယ်တစ်ဦးပမာ လက်ခုပ်လက်ဝါးတီးရင်း ပျော်ရွှင်ကြည်နူးသွားလေသည်။ သည့်နောက် ချက်ချင်းဆိုသလိုပင် အိမ်ပေါ်မှဆက်လျက် ဖခင်ကြီး ဘုန်းကြီးကျောင်းရှိရာ ဆွမ်းချိုင့်ယူသွားနိုင်စေရန် စီမံလေတော့သည်။ ပြီးလျှင် အဝတ်ဗီရိုကိုဖွင့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးဝတ်ဆင်ရန် အဝတ်အစားများကို ရွေးထုတ်ပေးလိုက်သည်။ ဝတ်စုံက အပေါ်ဖြူ၊ အောက်ဖြူ။

"ဟဲ့ ... ငါ့ကို ဖိုးသူတော်ဖြစ်အောင်လုပ်နေတာလား"

"မဟုတ်ပါဘူး အဘရယ် ... အဖြူရောင်ဆိုတာ စိတ်ကိုသန့်ရှင်းစင်ကြယ်စေပါတယ်၊ အဘ ဖိုးသူတော်မဟုတ်မှန်း ခွဲခြားသိရလေအောင် ယောဂီတာဘက်တစ်ထည်လဲ ပါပါတယ် အဘရဲ့၊ ရေမိုးချိုးပြီး ဝတ်သွားနော်"

"အေးပါကွယ် ... အေးပါ ... အေးပါ၊ ဟော ... ထွေးတင်တို့တောင် ခြံထဲဝင်လာကြပြီ၊ ကိုင်း ... သွား ... သွား"

"ဟုတ်ကဲ့ အဘ၊ အပြန်ကျရင် အဘစားဖို့ မုန့်လုံးရေပေါ်တွေထည့်လာခဲ့မယ်"

"ဟဲ့ ... ထည့်မလာခဲ့နဲ့၊ ညနေကျရင် ဥပုသ်ကြီးနဲ့ဟာ၊ ဘာစားလို့ရမှာလဲ"

"အယ် ... ဟုတ်သားပဲ၊ ကိစ္စမရှိပါဘူး၊ အဘတို့ ဥပုသ်သည်တွေအတွက် ဦးဦးဖျားဖျား ကျောင်းကိုပို့လိုက်မယ့်ဥစ္စာပဲ၊ ကိုင်း ... သွားပြီ အဘရေ"

"အေး ... အေး"

ဖြူမတစ်ယောက် သွက်လက်ဖျတ်လတ်စွာဖြင့် ခြံထဲ ထွေးတင်တို့နှင့်အတူ ထွက်သွားလေတော့ ဆြာလုခမျာ ခွဲခွာ သောအကြည့်ဖြင့် ငေးကြည့်ကျန်ရစ်နေလေသတည်း။ ●

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းအာ့ဝဆိုတာဟာ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"မုန့်လုံးရေပေါ် × × အပျိုပိုင်း × × ရွာလယ်ပိုင်းက မဏ္ဍပ်မှာဗျ × × စည်ကားနေလိုက်တာ × × စည်ကားနေတာ × × စည်ကားနေလိုက်တာ × × အာ × × ဟာ × × ဟာ × × စည်ကားနေလိုက်တာ × ×

ဟေ့ × × ဟေ့ × × မောင်ကြီးရေ (ဗျို့ ဗျို့ ဗျို့)

တော့ × × တော့ × × မောင်ကြီးရေ . . . (ဗျို့ ဗျို့ ဗျို့ ဗျို့)

မုန့်လုံး × × မုန့်လုံး × × မုန့်လုံးရေပေါ် × × ရေပေါ်ပေါ်ပါတဲ့ မုန့်မုန့်လုံး × × × မုန့်လုံး × × မုန့်လုံး × × မုန့်လုံး × × ရေပေါ် × × ရေပေါ်ပေါ်ပါတဲ့ မုန့် မုန့်လုံး × × ×

သုံးဆောင်ရအောင် ကြွပါလားနော် × × ×



www.burmeseclassic.com

www.burmeseclassic.com



သုံးဆောင်ရအောင် ကြွပါကလားတော် × × ×

အမောပြေ × × × အချောတွေ × × × ဟောဗျ

× × × ခေါ်နေ × × ခေါ်နေ × × ×

အချောတွေ × × အမောပြေ × × ဟောဗျ × ×

ခေါ်နေ × × ခေါ်နေ × × ×

ပြုံးပြုံးလေးဝင်ကာလေ × × ×

စားလို့ကောင်းရဲ့လား × × × ကောင်းရဲ့လားတော်

× × × စားလို့ကောင်းရဲ့လား × × × ကောင်းရဲ့လားတော်"

စတုဒိသာမဏ္ဍပ်ဆီမှ ခေတ်စက်ပိုင်ရှင် ကုလားကြည့်ဝင်းက အခါရာသီနှင့်ကိုက်ညီမည့် မုန့်လုံးရေပေါ်သီချင်းကို ဖွင့်ပေးနေသည်။ မြို့မတို့ ကာလသမီးအုပ်စုသည် ညီညာဖြဖြ မုန့်လုံးရေပေါ်များကို လုံးနေကြသည်။ စကောထဲ၌ အလုံးကလေးများ တစ်ဗန်းပြည့်သွားလျှင် တစ်ယောက်က မီးဖိုရှိရာ ယူသွား၏။ အရီးသိုင်းခြုံက မုန့်လုံးကလေးများကို ပွက်ပွက်ဆူနေသော ဒယ်အိုးကြီးအတွင်း ထည့်လိုက်၏။ ထည့်လျှင်ထည့်ချင်း မုန့်လုံးကလေးများမှာ ဆူနေသောရေနွေးအတွင်း ငုပ်လျှိုးသွားကြပြီး မကြာခင်မှာပင် ရေနွေးမျက်နှာပြင်ပေါ်သို့ အလုအယက်ပြန်လည်တက်လာကြသည်။ ထိုအခါတွင် လက်ကိုင်တပ်ဇကာကြဖြင့် ကျက်လေပြီဖြစ်သော မုန့်လုံးရေပေါ်များကိုခပ်ယူကာ ရေစစ်ဆန်ကာထဲသို့ ထည့်လိုက်လေသည်။

ရေလည်းစစ်ပြီး၊ ခပ်နွေးနွေးကလေးလည်းဖြစ်ပြီဆိုလျှင်သော် ပန်းကန်ပြားထဲသို့ထည့်ပြီး အပေါ်မှခြစ်ထားသော အုန်းသီး



www.burmeseclassic.com

www.burmeseclassic.com



မှိုင်များကိုဖြူးထည့်ကာ တုတ်ချောင်းကလေးများ စိုက်ထိုးလိုက်ကြပြီး စားသောက်ကြမည့်သူတွေထံ ပို့ပေးလိုက်ကြသည်။

"ဟော ... ကိုဖိုးအေးတို့အုပ်စု သည်ဘက်ကိုလာနေကြပြီ မုန့်လုံးရေပေါ်စားရအောင် ခေါ်လိုက်ကြပါဦး"

ထွေးတင်က သွက်လက်စွာပြောဆိုလိုက်သည်။ ဤတွင် မုန့်ပန်းကန်များလိုက်ချပေးနေသည့် စိန်ဂွက်ထော်က မဏ္ဍပ်ဝမှ ဆီးကြိုလျက် ...

"တော့် ... ကိုဖိုးအေးတို့ မုန့်လုံးရေပေါ်သုံးဆောင်ရအောင် မဏ္ဍပ်ထဲကြွပါဦး"

"အေး ... တို့လာတာလဲ မုန့်စားဖို့ပဲ၊ များများသာထည့်နော်၊ မနက်လေးစာတောင် စားမလာခဲ့ရလို့ ဗိုက်ဆာနေတာဟ ... များများသာထည့်ဟာ ..."

"စိတ်ချပါတော် ... စိတ်ချပါ ... တစ်ဝတစ်ပြဲသာ အားမနာတမ်းစားစမ်းပါ"

ပြောပြောဆိုဆိုနှင့် စိန်ဂွက်ထော်သည် မုန့်လုံးရေပေါ်ပန်းကန်ကို သွားယူလေသည်။ ဤတွင် ထွေးတင်သည် ဖြူမအား နှုတ်ခမ်း၌ လက်ညှိုးကလေးကပ်ကာ ရှူးခနဲလုပ်၊ မျက်စိတစ်ဖက်မှိတ်ပြရင်း စိန်ဂွက်ထော်ကို အသာလှမ်းခေါ်ကာ သူမဖယ်ထားသော မုန့်လုံးရေပေါ်သုံးလုံးအား စိန်ဂွက်ထော်ကိုင်ထားသည့်ပန်းကန်ထဲသို့ ထည့်လိုက်လေသည်။

"ဟယ် ... ထွေးတင်ရယ်၊ မကောင်းပါဘူးဟယ်၊ ခများမယ် ဆာဆာလောင်လောင်ရှိလို့ အားပါးတရစားမယ် လုပ်နေတာ၊ အရသာပျက်သွားပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကောင်မ၊ ညည်းက ညည်းလူ ကိုဖိုးအေးကို ထိမှာစိုးလို့လား၊ မပူစမ်းပါနဲ့အေ ... သူ ကံကောင်းရင်လွတ်မှာပါ၊ ကျန်တဲ့လူတွေကတော့ မကောင်း သူထိပ်၊ ကောင်းသူထိပ်ပဲပေါ့"

ဖြူမမှာတော့ ထွေးတင်၏ စွပ်စွပ်စွဲစွဲစကားကြောင့် မျက်နှာ လေးရဲတက်သွားရှာသည်။ ဖြူမအနေဖြင့် ကိုဖိုးအေးနှင့် ရံဖန် ခါဆိုသလို ဆုံခဲ့ဖူးပါသည်။ ဆုံတိုင်းလည်း ကိုဖိုးအေး၏ ရွှန်းရွှန်း စားစား ရင်တစ်ခုလုံးဖောက်ထွင်းသွားစေသည့် အကြည့်တွေကြောင့် လည်း တထိတ်ထိတ်ရင်ခုန်ခဲ့ရသည်။ ကိုဖိုးအေး၏အကြည့်ကို မြှ အဓိပ္ပာယ်ပေါက်ပါ၏။ သို့ရာတွင် ကျွန်မမှာ မိန်းမသား ဖြာတ်ပါကလား။

ထိုအခိုက် ...

"အား ... ထိပဟေ့ ... ရှူးရှဲ ရှူးရှဲ ရေ ရေ ရေ ပေးပါဦး"

"ဟေး ... ဝါးဟားဟားဟား ..."

မုန့်လုံးရေပေါ်ထဲမှ ကုလားအော်ရှုတ်ကို ထိမိသွားသူကား ရွာ၏ကာလသားခေါင်းဆောင် ဖိုးအေးမှုဖိုးအေးအစစ်။

ဖိုးအေးသည် လျှာတစ်လစ်ထုတ်ကာ တရှူးရှူး တရှဲရှဲ ဖြစ်နေ၏။

"ကောင်းတယ် ကောင်းတယ်၊ အစားငမ်းတဲ့ကောင် ထိပလေ့စေ၊ အဲ ... အား ... ရှူးရှဲ ရှူးရှဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးအပေါ် ဝေဖန်သမှုပြုနေသော ညိုကြီးမှာလည်း ကုလားအော်ငရုတ် မိသွားပြန်လေပြီ။

"ရေ . . . ရေ . . . ရေပေးပါဗျို့"

ဖိုးအေးက ကြုံး၍အော်တော့သည်။ ဤတွင် ဖြူမသည် နေရာမှထလျက် ရေအိုးစင်မှ ရေတစ်ခွက်ကိုခပ်ယူကာ ဖိုးအေးတို့ထံ ရောက်သွားလေ၏။ ဤတွင် ရေခွက်ကိုလက်ဏမ်းသူက နှစ်ဦး ဖြစ်နေ၏။ ဖိုးအေးနှင့် ညိုကြီး။

ရေခွက်ကား . . . တစ်ခွက်တည်း။

သည်ခဏ ဖြူမ၏လက်ထဲမှရေခွက်သည် ဖိုးအေးထံသို့ ရောက်သွားလေ၏။ ထိုစဉ်မှာပင် ကာလသမီးအုပ်စုမှ ညာသံပေး အော်ဟစ်သံများ ပေါ်ထွက်လာလေရာ ထိုအခါမှ ဖြူမလည်း သတိ ရလာပြီး ခပ်ရှက်ရှက်နှင့်ပင် မုန့်လုံးရာနေရာသို့ပြန်လာပြီး ခေါင်းကြီး ငုံ့လျက် မုန့်တွေ တစ်လုံးပြီးတစ်လုံး လုံးနေလေတော့၏။

သည်အနေအထားကို သိ၍လားမသိ။

ဖိုးအေးလည်း ဖြူမအပေါ် စာနာစိတ်ဖြင့် အပေါင်းအပေါ် များကိုလက်တို့ကာ စတုဒိသာမဏ္ဍပ်အတွင်းမှ ထွက်သွားလေသည်။ ထိုအခါမှပင် ဖြူမလည်း ခေါင်းဖော်ရဲတော့သည်။

"ဟေး . . . ဟိုမှာ အရီးတင်တို့ မျောက်ဖြူကြီးတစ် ကောင်ကို ကြိုးတုပ်ပြီးဖမ်းလာတယ်ဟေ့ . . ."

မုန့်ကျွေးမဏ္ဍပ်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။

အရီးတင်နှင့် အရီးမြတို့ကား . . . ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ် ပိုင်ရှင်များဖြစ်ကြ၏။ ရွာထဲမှာတော့ တကယ့်ကိုခပ်ရွှတ်မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှစ်ဦးပင်တည်း။ ၎င်းတို့နှစ်ဦးစလုံး ထဘီကိုရင်လျားထားကြ၏။ ချက်နှာမှာတော့ အိုးမည်းတွေပေကျံလျက်။

"ဟဲ့ ... ငါတို့ကို အိုးမည်းသုတ်တဲ့မျောက်ဖြူကြီး သည်ကနေ့တော့ ငါတို့နိုင်းသလိုလုပ်မှ ကြိုးဖြေပြီး လွှတ်ပေးမှာ"

ကြိုးဖြင့်အတုပ်ခံရသူကို သေသေချာချာကြည့်လိုက်တော့ ထန်းရည်သမား ငတေ ဖြစ်နေသည်။ ငတေက ထန်းရည်ကလေး ခပ်ထွေထွေဖြင့် အရီးတင်တို့ကို အိုးမည်းသုတ်သည်။ ဤတွင် အကျမြန်ခြေမြန်နိုင်လှသော အရီးမြက ဆတ်ခနဲဆိုသလို ငတေ၏ ဆံထုံးကိုလှမ်းဆွဲထား၍ ငတေခမျာ လူ့ဗလံကလေးပီပီ ယက်ကန် ဆတ်ကန်နှင့် ရုန်းမထွက်နိုင်တော့။

ဤတွင် ၎င်းအား အပေါ်အင်္ကျီချွတ်စေလျက် အောက်ပိုင်း ဒီ ခါးတောင်းကျိုက်ခိုင်းသည်။ သည့်နောက် အေးစက်နေသည့် ထမင်းရည်ခပ်ပျစ်ပျစ်အား ငတေ၏တစ်ကိုယ်လုံးကိုသုတ်လိမ်းကာ အမှိုမှုန်များဖြင့် တစ်ကိုယ်လုံးကပ်ပေးလိုက်သည့်အတွက် ငတေခမျာ ချက်ချင်းစစ်မှ မျောက်ဖြူကြီးအသွင်ပြောင်းလဲသွားတော့၏။

"ဟဲ့ ... ငတေ၊ မျောက်သီချင်းဆိုပြီး မျောက်လို ကပြစမ်း"

"အမယ်လေးလေး ... ချမ်းသာပေးပါ အရီးတင်တို့ရဲ့"

"အောင်မာ ... ဘာအခုမှကြောက်ပါပြီလဲ၊ ငါတို့ကို အိုးမည်းသုတ်တုန်းက သုတ်ခဲ့ပြီးတော့၊ ကိုယ့်အလှည့်ကျ



www.burmeseclassic.com

www.burmeseclassic.com



နွဲ့မနေနဲ့၊ ဟဲ့ … မယ်မြ၊ နှင့်နို့ကို ဟိုအုန်းမှုတ်ခွက်ထဲ ညှစ်ထည့်စမ်း၊ ပြီးရင် သင်းပါးစပ်ကိုဖြဲပြီး လောင်းထည့်ရမယ်”

“အား … အား … သည်လိုတော့မလုပ်ပါနဲ့ ခင်ဗျာ၊ မျောက်သီချင်းဆိုပြီး မျောက်လိုက,ပြ၊ ကျွမ်းထိုးပြပါ့မယ်”

အရီးတင်နှင့် ငတေတို့၏ဝန်းကျင်မှာတော့ တကယ့် ပွဲကြီးပွဲကောင်းနှင့်ကြုံတွေ့ရသည့်အလား လူငယ်လူကြီးမကျန် ဝိုင်းကြီး ပတ်ကာ ဟားနေကြလေသည်။ သည်ခဏ … ငတေ လည်း လက်ကလေးနှစ်ဘက်ကိုရှု၊ ဒူးကလေးဖိုညွတ်လျက် မျက်လုံး လေး ကလယ်ကလယ်နှင့် မျောက်ကဲ့သို့ခုန်ဆွခုန်ဆွလုပ်ရင်း …

“ဟေးလားမျောက်ကြီး … ရှောက်သီးစားမလား၊ မစားချင်ဘူး × × ချဉ်ပြီး × × ချဉ်ပြီး × × ×

အမြီးရယ်ရှည် × × မွေးလေတဲ့မျောက်ကြီး × × ဟီးဟီး × × မယ်သီတာရအောင်ခိုးတယ် × × (အလိုဗျာ) မင်းရာမမျောက်သိုး × × ဗေပေါင်ထိ × × ဗေပေါင်ထိ ဗေပေါင်ဗပေါင်ထိ × × ×

သီချင်းလည်းဆို ပါးစပ်ဆိုင်းလည်းတီးရုံမက ကွေးနေအောင် က,လိုက်၊ ခုန်ပေါက်ပြီး ကျွမ်းပတ်ပတ်လည်အောင်ထိုးပြလိုက်သော အခါ ပွဲကြည့်ပရိသတ်ထံမှ လက်ခုပ်ဩဘာသံများ ဆူညံစွာထွက် ပေါ်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ထိမထင်အပေါင်းအဖော်များတွေနဲ့

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

၉

အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့များကို အောင်မြင်စွာ
စည်ကားသိုက်မြိုက်စွာ ကျော်ဖြတ်ခဲ့ပြီးသည့်သကာလ အတက်နေ့
ရောက်ရှိခဲ့လေပြီ။

သည်ကနေ့မှာတော့ ဖြူမတို့အုပ်စုသည် ရေကစား
အတွက် ရေကစားမဏ္ဍပ်သို့ ရောက်ရှိနေခဲ့သည်။ ဖြူမတို့ ရေက
ကြရန်အတွက် ဖိုးအေးတို့ကာလသားအုပ်စုတွေက ရေများဖြည့်
ကြလေသည်။

ထိုအချိန်ဝယ် အနောက်ပိုင်းသောင်းထွန်း၏အရက်
ကျူတောရိုးရွာမှ တာတီးတို့အဖွဲ့သည် လက်ဝံပင်ဆက်ရက်ကျသ
အလား ဆူညံသောင်းကျန်းနေကြလေသည်။

"ဟော့ . . . သောင်းထွန်း၊ နောက်ထပ်နှင်ပုံးချ"

"ဒါဆို ခြောက်လုံးရှိသွားပြီနော် ကိုတာတီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှလုံးရှိရှိကွာ … သောက်သမျှ အကုန်ရှင်း မယ့်ဥစ္စာ၊ အရစ်မရှည်နဲ့ … ကျူတောရိုးတာတီးကို ဘာထင်လို့လဲ"

တာတီး၏ခပ်ထန်ထန်စကားကြောင့် သောင်းထွန်းခမျာ ငြိမ်စင်းကျသွားသည်။ မဝပ်စင်းလို့လည်းမဖြစ်။ တာတီးက ကျူတော ရိုးမှာ နာမည်တစ်လုံးနှင့်လူ။ ထစ်ခနဲဆို ခြေမြန်လက်မြန်နှင့်သူကပဲ ဦးအောင်တွယ်ပစ်တတ်သည်ချည်း။ ရဲစခန်းအချုပ်နှင့်ဆိုလျှင် အိမ်ဦး ခန်းကြမ်းပြင်ပမာ။ သည်တော့လည်း ကျူတောရိုးမှာ တာတီးဆိုလျှင် သည်ရဲသူမရှိ၊ သည်လိုမျိုး မိုက်ဂုဏ်အားကိုးနှင့် တပည့်တပန်းများကို ဦးဆောင်လျက် ငွေးတောရွာသို့ ကြွားကြွားဝင့်ဝင့်ရောက်ရှိလာခြင်း ဖြစ်သည်။

"အား … ကောင်းလိုက်တဲ့ဦးရေကွာ၊ ကျူတောရိုးက အရက်နဲ့တော့ ဘာမှမဆိုင်ဘူး"

"ဟုတ်တယ်၊ အပြန်ကျရင်တော့ သုံးလုံးလောက် ဆွဲသွားရမယ်"

"အေ့ … အဲ့ … သွေးတွေလဲပူလာပြီ၊ သီချင်း ဆိုကြရအောင်ကွာ …"

"အေး … ကောင်းတယ်"

သည်နောက်မှာတော့ တာတီးဦးဆောင်သည့် ကဖော် သမားအဖွဲ့သည် လျှာလေးအာလေးဖြင့် သီချင်းတစ်ပုဒ်ကို သံပြိုင် တစ်ကြွေးကြတော့သည်။ သီချင်းက နာမည်ကြီးရေဒီယိုသီချင်း တစ်ပုဒ်ဖြစ်သည့် 'မိုးယံမှသည် ချစ်သူဆီသို့' သီချင်း။ သည်သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ကို မူလစာသားအတိုင်း မဆို၊ သူတို့အဖွဲ့ထဲမှ ဖိုးသမား ကေမင်းညို တစ်ဖြစ်လဲ ဘိုင်ကြီး ဖျက်၍စပ်ဆိုထားသည့် တေးစာသားအတိုင်း အော်ဟစ်သီဆိုကြလေ၏။

"နေညိုညို လေပြုံတော့ × × ထလာတဲ့စိတ်တွေရယ်
(အေ့ .. အဲ့ .. အော့ .. အူး .. ဂူး .. ဂူး)
လေယာဉ်စီးပြီး × × ခရီးအမြန် × × သွားလိုက်ချင်
ပါတယ် × × ခြေလျင်တောက်လျှောက် ဘုံဆိုင်နား
အရောက် မရပ်မနား × × ပြေးသွားချင်မိတယ် × × ×
အခုလိုပဲ ယင်းထပြိုကွယ့် အိမ်သူရယ် ... တောင်ပံ
ကလေးများရနိုင်ရင်တော့ × × ဝယ်ကြော်စမ်းကွယ် × ×
ဒါမှ × × ဖိုးသမားတွေရှိရာ အရက်ဆိုင်ထဲ × × ×
တို့လဲထိုင်နိုင်မယ် × × ×
(ဘုံဆိုင်မှာမျှော်နေမယ့် × × ဖိုးသမားများဆီကိုကွယ်
ကြက်တောင်ပံအမြည်းကလေး တို့ယူလာမယ် × × ×
ခွက်ထဲကို အရက်တွေငှဲ့ကာ × × ကြက်တောင်ပံမြည်းလို့
သောက်ချင်တယ် × × ×"
"ဟေး ... ဝါး ဟား ဟား ဟား ..."

သောင်းထွန်း၏အရက်ဆိုင်ကလေးအတွင်းမှာတော့ တာ[illegible] တို့အုပ်စု၏ ဟေးလားဟားလား အသံသေးအသံကြောင်[illegible] ဘဝင်ညံနေလေသည်။ အားလုံးသည် သူရာရှိန်တန်ခိုး[illegible] သွေး[illegible] လျက်ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီးက ခေါင်းဆောင်ပီပီ စကားစကိုဖြတ်လိုက်သည်။ နောက်ပါရဲရွေတော်များကလည်း တာတီး၏မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေကြရသူတွေပီပီ တာတီး နေရာမှထလိုက်သည်နှင့် အားလုံး ထလိုက်ပြီးသားဖြစ်သွားကြလေသည်။

တာတီးတို့ထလိုက်တော့ သောင်းထွန်းလည်း ပျာပျာသလဲဖြင့် . . .

"ကိုတာတီး . . . ကျွန်တော့်ကိုအရက်ဖိုးလေး . . ."

"ဟော့ကောင် . . . ငါတို့ မင်းတို့ငွေးတောရွာက ပြန်သေးတာမဟုတ်ဘူး။ အခု ရွာထဲကို ရေပက်ခံထွက်မလို့ အပြန်ကျ မင်းရဲ့ဆိုင်ထဲ ဝင်ဦးမယ့်ဥစ္စာ။ အဲသည်ကျမှ ရှင်းတာပေါ့၊ ကိုင်း . . . သွားကြမယ်ဟေ့ . . ."

တာတီး၏မာထန်ထန်စကားသံကြောင့် သောင်းထွန်းခမျာ မည်သို့မျှစကားဟဟမဆိုနိုင်တော့ဘဲ အငေးသားကျန်ရစ်ခဲ့လေသည်။ ပုဏ္ဏားကွယ်တွင်ရှိနေသော သောင်းထွန်း၏မိန်းမ မရွှေစာမှာမူ ပါးစပ်က ပွစိပွစိနှင့် တာတီးတို့လူရမ်းကားတစ်စုအား ခပ်တိုးတိုး ကျိန်ဆဲနေလေသည်။

တာတီးတို့အုပ်စုသည် ယိမ်းယိမ်းယိုင်ယိုင် အပြုံပြုံအလဲလဲဖြင့် ရွာလမ်းအတိုင်း သံသေးသံကြောင်တွေဟစ်လျက် ဝင်လာခဲ့ကြလေသည်။

"ဘယ်ခြောက်ကာ × × ညာကိုလှမ်းလို့ × × ညာ ခြောက်ကာ ဘယ်ကိုလှမ်းလို့ × × အပျိုလေးတွေကိုနမ်း နမ်း,နမ်းလိုက်မယ် × × ကြမ်း,ကြမ်းလိုက်မယ် × × ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ပလိုဂျိ × × ပလိုဂျိ × × ဗေပေါင်ထီးပေါင်ထီ ဗေထိ × × ဗေထိ × ×"

"ငွေးတောရွာထဲ × × တို့မျှားဝင် × ×"

"သမီးရှင်တွေ × × လက်ကမ်းကြိုတော့ × ×"

"သမက်ချောတို့လာချေပြီ × ×"

"ထွေလီထွေကာ မလုပ်ကြနဲ့ × ×"

"သောက်သောက်စားစားသမက်တွေ × ×"

"အဖိုးတန်ပေ ကျောက်စိမ်းတုံးကြီး × ×"

"တာတီးဆိုတဲ့ သည်မောင်ဟာ × ×"

"ကျူးတောရိုးမှာ သူ စူပါပဲ × ×"

"ငွေးတောရွာက အပျိုတွေ × ×"

"ချစ်ရေစင်နဲ့ ပက်ကြ × × လောင်းကြ × ×"

အတိုင်အဖောက်တွေက ညီညီညာညာ။

ခေါင်းဆောင်တာတီးက ရှေ့က တိုင်ချင်ရာသံချပ်ကိုတိုင်သည်။ နောက်မှတပည့်တပန်းတွေက ဖောက်ချင်ရာသံချပ်ကိုဖောက်သည်။ လိုက်လည်းလိုက်ဖက်ကြသည့် အူတော်ချင်းချင်း သီတင်းလွေ့လွေ့တွေပါတကား။

သူတို့၏ဗရုတ်သုက္ခ ဖြစ်နေပျက်နေပုံကို မျက်စိစပါးမွေးစူးကြလေရောထင့်။ ငွေးတောရွာရှိ အောင်နက်တို့၊ လေးလုံးတို့၊ ကုပ်ကြားတို့၊ ရန်လုံ့တို့ ကောက်ရတို့ မွေးနီတို့ သုနက္ခာအပေါင်းက ခွေးဘာသာဗေဒဖြင့် တာတီးတို့ငမူးအုပ်စုအား ဝိုင်းဝန်းထောနာပြုကြသည်။ အလစ်တွင် ဝင်ဆွဲဖို့အကွက်ချောင်းကြသည်။ ဤ၌



www.burmeseclassic.com

www.burmeseclassic.com



တာတီးတို့အုပ်စုက မြေစိုင်ခဲများကိုင်ကာ အနားကပ်သောခွေးများကို လှမ်းထုကြသည်။ ခွေးတွေကလည်း မရှောင်လျှင်လွတ်သည်ဆိုသော ထုံးကို နှလုံးမူလျက် လုံးဝဆိုလုံးဝမရှောင်။ သည်တော့လည်း ငွေးတောရွာတွင်းသို့ တာတီးတို့၏လူသံ၊ အောင်နက်တို့၏ခွေးသံတို့မှာ လုံးထွေးဆူညံလျက်ရှိနေတော့သည်။

"ဟော့ . . . ဖိုးအေး၊ ဟိုမှာ ကျူတောရိုးက တာတီးတို့လူသိုက် တို့ငွေးတောရွာကို လာမွှေနေပြီ"

"တွေ့တယ် ညီကြီး၊ ဒါပေမယ့် ကိုယ်က အိမ်ရှင်လို ဖြစ်နေတော့ အတတ်နိုင်ဆုံး သည်းညည်းခံရှုလိမ့်မယ်၊ သူတို့ဖာသာသူတို့ အချိန်တန်တော့ရဲ ပြန်ကြလိမ့်မပေါ့ကွာ"

"ပြဿနာမဖြစ်ရင်တော့ အကောင်းဆုံးပဲပေါ့ ဖိုးအေး ရယ်"

ထိုအချိန်မှာပင် တာတီးတို့အုပ်စုသည် ဖြူမတို့ရေကစားရာ မဏ္ဍပ်သို့ ရောက်ရှိသွားကြလေသည်။ ကလေးသူငယ်အပေါင်းသည် ပြွတ်တံကိုယ်စီဖြင့် ရေစုပ်ကာ တာတီးတို့အုပ်စုအား ထိုးပက်ကြလေ၏။

"ဟေး . . . ဝါး ဟား ဟား ဟား . . . ပိုက်စုတ်လေးနဲ့ပက်တာလောက်တော့ ရယ်တာပေါ့ ရယ်တာပေါ့"

"ပြွတ်စုတ်ကလေးနဲ့ပက်တာလောက်တော့ ရယ်တာပေါ့ . . . ရယ်တာပေါ့ . . ."

"ကန်တော်ကြီးကိုခြေကန်ပက်တော့ ရယ်တာပေါ့ ရယ်တာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်းယားကန်ကိုခြေကန်ပက်တော့ ရယ်တာပေါ့ . . . ရယ်တာပေါ့ . . ."

"အပျိုပိန်ပိန် ရေမစိမ်နဲ့ . . . အီကြာကွေး . . . အီကြာကွေး . . ."

"အပျိုဝဝ ရေမစနဲ့ . . . ပေါင်မုန့်ကြီး ပေါင်မုန့်ကြီး"

"စိပ်ပုတီးနဲ့ရိုပ်ကြီးနဲ့ ဥပုသ်သည်ဆို နာနာပက် . . နာနာပက် . . ."

"သိကြားမင်းရဲ့ပုရပိုက်မှာ တို့ရဲ့နာမည်မှတ်မသွားဘူး"

"ဟေး . .'. ဝါး ဟား ဟား ဟား"

ဟစ်ချင်ရာဟစ်၊ ဆိုချင်ရာဆိုကြ၊ ကချင်ရာကကြရင်း ရေကစားမဏ္ဍပ်မှာတော့ လုံးလုံးထွေးထွေးဖြစ်၍နေချေ၏။ သည်လို မျိုး မူးမူးရူးရူးလူတွေရောက်လာသဖြင့် ဖြူမလည်း ဖလားကိုယူကာ လှည့်ထွက်ရန်ဟန်ပြင်လိုက်သည်။ ဤတွင် တာတီးတို့လူစုသည် ဖြူမကို ဝိုင်းပက်လိုက်ကြသည်။ ဖြူမခမျာ ကြောက်လန့်စိုးရိမ်စိတ် များဝင်သွားပြီး ရင်ဗိုသွားခဲ့ရလေသည်။

"ရှင် . . . ရှင် . . . ရှင့်တို့ . . ."

"မကြောက်ပါနဲ့ မိန်းကလေးရယ်၊ အစ်ကိုကြီးတို့က ငွေးတောရွာသားအဖြစ်ခံယူရအောင် သင်္ကြန်ရက်မှာ တိုင်းခန်းလှည့်လည်ပြီး ခြေစကြာဖြန့်လာခဲ့တာပါကွယ့် အဲ့ . . . အဲ့ . . ."

သူရာတန်ခိုးက တာတီး၏စိတ်ကို ပင့်နှိုးလျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ကိုခရာတာတီးရဲ့အကြိုက်ပဲ ဟေ့ ... လိုက်လဲလိုက်ဖက်ပါရဲ့ဗျာ ..."

"အနီကလေးလဲ ဇိမ်ပဲ"

"အဝါကလေးလဲ ဇိမ်ပဲ"

"ပန်းရောင်ကလေးလဲ ဇိမ်ပဲ"

"ဖနီးလောင်းကို လိုက်လံရှာ ... တွေ့ပါပြီဗျာ ငွေးတောရွာက ..."

"ဝါး ဟား ဟား ဟား ..."

တာတီးတစ်ယောက် ဖြူမ၏အလှအပတွင် ယစ်မူးသွားပြီး ပတ်ဝန်းကျင်ကို ဘာမျှမမြင်တော့၊ သည်လောကတစ်ခုလုံး၌ သူနှင့် ဖြူမသာ နှစ်ဦးတည်းရှိနေသည်ဟု ထင်မြင်ယူဆနေမိလေ၏။ ထို့ကြောင့်လည်း အပါးတွင်ရှိနေသော ဘာလီရေပုံးကိုဆွဲကာ တိုင်ကီထဲမှ ရေခပ်လိုက်ပြီး ဖြူမအား ခေါင်းပေါ်မှလောင်းချလိုက်လေရာ ဖြူမခမျာ တဝူးဝူးတဝါးဝါးဖြင့် ရေမွန်းသွားလေသည်။

"ဟေး ... အချစ်ကလေး၊ ချမ်းသွားပြီ ချမ်းသွားပြီ"

"ချမ်းတုံချမ်း ... ချမ်းတုံချမ်း ... ချစ်လိုက်တာ ချမ်းတုံချမ်း ..."

တာတီးက ပြောပြောဆိုဆိုနှင့် တစ်ကိုယ်လုံးကြွက်စုတ်ပမာ ဖြစ်သွားသောဖြူမကို အာသာငမ်းငမ်းဖြင့်ကြည့်လိုက်သည်၊ ရေတွေ တစ်ကိုယ်လုံးရွှဲနစ်သွား၍ အဝတ်အစားများ ကိုယ်ခန္ဓာတွင်ကပ်သွားသည့်အတွက်ကြောင့် ဖြူမ၏အလှအပ၊ ရှိုက်ကြီးဖိုငယ်များက အသွယ်သွယ်ထွက်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အလှအပတွေမြင်ရတော့ တာတီးခမျာ ဘယ်လိုမှ စိတ်ထိန်းနိုင်ဟန်မတူတော့။ ၎င်း၏လက်ကြမ်းကြီးက ရေစိုရွဲလျက်ရှိသော ဖြူမ၏ပခုံးသားကို တဘတ်ဘတ်မြည်အောင် ပုတ်လေတော့သည်။

"ရှင် ... ရှင်တို့ ... မယုတ်မာနဲ့"

"အဟက်ဟက် ... ယုတ်မာတာမဟုတ်ပါဘူးကွယ်၊ သမုဒ္ဒရာပမာ မေတ္တာအင်အားတွေကြီးမားလို့ ဆီးမနိုင်တားမရဘဲ ကြင်နာယုယနေမိတာပါကွယ့်၊ အဲ့ ... အဲ့ ... အေ့"

ပြောလေ ကဲလေ၊ မန်းလေ ပြဲလေ ဆိုသကဲ့သို့ပင် ကိုယ်ထိလက်ရောက်စော်ကားမှုတွေပြုလာလေတော့ သည်အန္တရာယ်မှ လွတ်မြောက်နိုင်ရန် ဖြူမ လှည့်ထွက်ဖို့ကြိုးစားသည်။

သို့ရာတွင် ... မလွယ်ကူတော့။

သခင်အားရ ကျွန်ပါးဝသည့်အလား တာတီး၏တပည့်တွေက ၎င်းတို့၏ဆရာအတွက် ဖြူမအား ဝိုင်းကြီးပတ်ပတ် ကာရန်ထားလိုက်ကြလေသည်။

"ရှင်တို့ ... ဖယ်နော်၊ ဖယ် ... ဖယ် ... သူများရွာကိုရောက်လာပြီး စော်ကားမော်ကားမလုပ်ကြနဲ့"

"ဟေး ... တို့က ဘယ်ရွာကိုမှဂရုစိုက်တာမဟုတ်ဘူး၊ ဌွေးတောရွာကကောင်တွေလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"

အခြေအနေတွေက ဝရုန်းသုန်းကား။



www.burmeseclassic.com

www.burmeseclassic.com



ကြာလျှင်ဖြင့်မလွယ်။

တာတီး၏ ဆိုးမိုက်မှုအနေအထားက ရင်းနေထိုင်ရာ ဘျူတော်ရိုးသာမက ရွာနီးချုပ်စပ်တိုင် ပျံ့လွင့်နေသည်မို့ တော်ရုံ သတ္တိရှိသူအနေလောက်ကဖြင့် တာတီးဖြင့် မည်သို့မျှယှဉ်၍ရလိမ့် ည်မဟုတ်ချေ။ တာတီးက လက်ယဉ်သည်။ ကိုယ်ခံပညာလည်း ခတောက်တခေါက်တတ်မြောက်ထားသေးသည်။ သည်တော့လည်း ဘွေးတောရွာမှာ ကာလသားအချို့ခမျာ ဝေးဝေးကခွာလျက် အနေ အထားကို အကဲခတ်နေကြလေသည်။

ထိုခဏ အခင်းဖြစ်နေရာဆီသို့ ဖိုးအေး ရောက်ရှိသွားလေ သည်။ သူနှင့်လိုက်ပါလာသူက ညိုကြီး။

"ဟော့လူတွေ ... ခင်ဗျားတို့ လွန်လွန်းပြီထင်တယ်၊ သူတစ်ပါးရွာကိုလဲ ကျူးကျူးကျော်ကျော် ရောက်ရှိလာသေး၊ ည်သည်က ည်သည်လိုမနေဘဲ စော်စော်ကားကားနဲ့"

ပြောပြောဆိုဆိုနှင့် ဖြူမအား ဝိုင်းပတ်ကာရန်ထားသည့် ဘာတီး၏တပည့်များကို လက်နှစ်ဘက်နှင့်တွန်းဖယ်ပစ်လိုက်သည်။

သည့်အတွက် ဖြူမ ထွက်ပေါက်ရသွားသည်။

"ကဲ ... ဖြူမ၊ သွားတော့ ... အိမ်ပြန်တော့"

"ဟုတ် ... ဟုတ်ကဲ့"

ဖြူမအဖို့ ခုမှပဲအသက်ရှူချောင်သလိုဖြစ်ကာ ထွက်ပေါက် ရသွားခဲ့ပြီး နေရာမှ တစ်ဟုန်ထိုးထွက်လာခဲ့လေတော့၏။ ဖိုးအေး ကိုလည်း ရင်ထဲ၌ အတိုင်းမသိ ကျေးဇူးတင်သွားရသလို စိတ်ဓာတ် မြင့်မားမှုအပေါ်တွင်လည်း လေးစားသွားမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းက ဒီရွာမှာ ဘာလဲ"

မစားရသည့်အမဲ သဲနှင့်အပက်ခံလိုက်ရသည့်အတွက် တာတီးအဖို့ ရှုံးရှုံးရှဲရှဲဖြစ်သွားခဲ့လေသည်။ ဖိုးအေးကိုလည်း စားမတတ်ဝါးမတတ် အံကြိတ်လျက်ကြည့်နေလေသည်။

"ကျုပ်လား ... ဝေွးတောရွာက ဝေွးတောရွာသား ပေါ့ဗျ"

"ဝေွးတောလောက်ကတော့ ငါ့အဖို့ သေးနဲ့မွှောပစ် သလောက်ပဲဟေ့ ... ကိုယ်နဲ့မဆီမဆိုင် သက်သက်မဲ့ ဝင်ရှုပ်တဲ့ငနာထော့ တာတီးရဲ့လက်သံကိုပေးခဲ့မှ တော်ရော့မယ်"

"ဟုတ်တယ် ကိုတာတီး၊ ဆော်သာဆော်ဗျာ ... ကျွန်တော်တို့လဲ လက်တွေယားနေပြီ"

တပည့်အပေါင်းက တာတီးကို ဘီးတပ်ပေးနေကြသည်။ မြှောက်ပင့်သွေးထိုးပေးနေကြသည်။

"ဟုတ်ပြီ ... မဆိုင်တဲ့အပေါက် ဂလိုင်နဲ့ခေါက်တဲ့ ဝေွးတောရွာသား၊ ကိုင်း ... ငါ့တပည့်တို့ ... မင်းတို့ရဲ့ ပညာတွေနဲ့ ဆုံးမပေးလိုက်ကြစမ်း"

"ကိုင်း ... လာပြီဟေ့ ..."

"ဖြောင်း"

"ခွပ်"

"ဘုတ်"

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

တာတီး၏တပည့်ကျော်တွေက ဖိုးအေးကိုမဲလျက် ဝင်ရောက်လုံးထွေးသတ်ပုတ်ကြသည်။

ဖိုးအေးကလည်း ခေသူတော့မဟုတ်။ သူ့ဘကြီးထံမှ သိုင်းပြောင်းပြန်အခြေခံအကွက်ရှစ်ဆယ်မျှကို ပိုင်ပိုင်နိုင်နိုင် သင်ယူတတ်မြောက်ထားသူပီပီ ခုတ်၏။ ခတ်၏။ ပယ်၏။ ထိုး၏။ ရှောင်၏။ တိမ်း၏။ သည်အုပ်စုတွေအထဲ သူငယ်ချင်းညိုကြီးကလည်း တစ်ဖက်တစ်လမ်းမှ ဝင်ရောက်ကူညီသဖြင့် လုပသောပွဲကလေးတစ်ပွဲဖြစ်နေလေသည်။

တစ်ဖက်မှလာသော လက်သီးချက်ကို ပွတ်ကာသီကာလေး တိမ်းရှောင်လျက် အားထည့်ထားသောတံတောင်ဖြင့် အရှိုက်ကို ပင့်ဆောင့်လိုက်လေရာ အင့်ခနဲမြည်သံနှင့်အတူ တစ်ယောက်ခမျာ ပုံလဲကျသွား၏။ ကျန်တစ်ယောက်က ဖိုးအေး၏အရှိုက်ရှိရာသို့ ခေါင်းဖြင့်ပြေးတိုက်လေရာ ဖိုးအေးလည်း ထိုသူထက် သွက်လက်သောအရှိန် ညာဘက်ဒူးကို ဆတ်ခနဲ ပင့်တင်လိုက်ရာ ခွပ်ခနဲမြည်သံပေါ်ထွက်လာပြီး မြေပြင်ပေါ်သို့ ဟပ်ထိုးလဲကျသွားပြန်လေတော့၏။ ဖိုးအေး၏တိုက်ကွက်တွေက သွက်လက်သကဲ့သို့ပင် ညိုကြီးကလည်း အမှီလိုက်နိုင်ခဲ့သည်။ ညိုကြီးသည် ဆတ်ခနဲဆိုသလို မြေပြင်ပေါ်ရှိ ရေဆွဲပုံးကို ကောက်ကိုင်ကာ တာတီး၏တပည့်ခေါင်းတုံးပြောင်၏ဦးခေါင်းကို စွပ်ချလိုက်ရာ ခေါင်းတုံးလည်း မမြင်မစမ်းဖြင့် ပတ်ချာရမ်းနေတော့သည်။ ဤတွင် ညိုကြီးသည် ထိုခေါင်းတုံးရေဆွဲပုံးစွပ်၏တင်ပါးကို ဆောင့်ကန်ထည့်လိုက်၏။ ခေါင်းတုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှေ့သို့ဟပ်ထိုးဟပ်ထိုးဖြစ်သွားပြီး ရေတိုင်ကီနှင့်ဦးခေါင်း ဒိုင်းခနဲ မဟာမိတ်ဖြစ်သွားသည့်သကာလ ကြယ်တွေ့,လတွေ့, ဖျောက်ဆိပ်တွေ စုံသွားလေတော့သည်။

"အလဲ့ . . . ဝွေးတောရွာက ကောင်တွေကလဲ အလာသားပါပဲကလား၊ ငါ့တပည့်တွေခံရတာထက် မချို မဆန့်ခံရမယ်ပေ့ . . ."

တာတီးတစ်ယောက် မိုက်ဂုဏ်ဖြင့်အကြီးအကျယ်ပေါက်ကွဲနေလေပြီ။ သို့ဖြင့် ဖိုးအေးရှိရာဝင်သွားပြီး ဘယ်ဝိုက်,ညာဝိုက် သက်သီးများဖြင့် တဝိုးဝိုးမြည်အောင် လက်စွမ်းပြလေတော့သည်။

လက်သီးချက်များကား ပြင်းထန်လှပါဘိ။

အရှောင်အတိမ်း ကျွမ်းကျင်လွန်း၍သာ။

သို့မဟုတ်ပါက တာတီး၏လက်သီးချက်တစ်ချက်လောက် မိလိုက်ပါက လောကကြီးနှင့် ခေတ္တခဏမျှ အဆက်ပြတ်သွားနိုင်သည်။

ဤနေရာတွင် တာတီးသာ ယမကာမမှိုဝ်ထားလျှင် ဖိုးအေး အဖို့ မလွယ်လောက်သည့်အနေအထား ဖြစ်သွားနိုင်သည်။ အထိ အခုတ် အသတ်အပုတ်တို့ဖြင့် လူတွင်ကျယ်လုပ်နေသူအတွက် သည်အတွေ့အကြုံတွေက ရှိးကောင်းရိုးနေပေလိမ့်မည်။ ရန်မ သော ဖိုးအေးအဖို့မူ တာတီး၏ ထိုးခုတ်သတ်ပုတ်မှုတို့ကို သ စွာ တိမ်းရှောင်နေရသည်။ သည့်လိုအနေအထားမျိုး၌ ကြီးလ အတင်းဝင်၍ မတတ်သာသောအနေအထား။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းဆီမှ ရပ်ကြည့်နေသောဖြူမအဖို့ လေးစားအားထားစိတ်နှင့်အတူ ဖိုးအေးအတွက် ရင်တဖိုဖိုဖြစ်နေရှာပါသည်ကော။

"ဟိုင်း ... ယား"

"ဖြောင်း"

တာတီးက ဖိုးအေး၏နံစောင်းကို ညာခြေဖြင့် ဖြတ်ကန်သည်။ သည်တော့ ဖိုးအေးလည်း နောက်တစ်လှမ်းဆုတ်ကာ လက်ဖျံစောင်းဖြင့် အဟုန်ပြင်းစွာဝင်လာသော တစ်ဖက်သား၏ ညာခြေအား ဗယ်ခုတ်ပစ်လိုက်ရသည်။ အခြေအနေမဟန်တော့ပြီဖြစ်သော တာတီးသည် ရုတ်တရက် ခါးအနောက်ဘက်သို့ လက်တစ်ဖက်စမ်းကာ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။

"ဖိုးအေး ... သတိထား၊ သတိထား"

တာတီးဆွဲထုတ်လိုက်သည်က အရိုးအသွား ခြောက်လက်မခန့်ရှိမည့် ဓားမြှောင်တစ်ချောင်းတည်း။ ဖြူမမှာတော့ နိမ့်တုံမြင့်တုံ လှုပ်ခုန်နေသောရင်အစုံကိုဖိရင်း ဘုရားတ,နေမိလေသည်။

ညိုကြီးသည် ဖိုးအေးကို ကူညီရန်အတွက် လက်နက်တစ်ခုခုကို အမြန်ရှာနေလေသည်။ ဟော ... တွေ့ပါပြီကော။ မလှာပ်နှင့်မလှမ်းမကမ်းရှိ ကုက္ကိုပင်အောက်၌ ဝါးဆစ်ပိုင်းတစ်ခု။ သည့်အတွက် ဝါးဆစ်ပိုင်းကိုပြေးယူဖို့ လုပ်သည်။

"ဝုစ်"

"ဝုစ်"

"အ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖိုးအေးရဲ့လက်မောင်းကို ခါးရှုပ်ပြီးထိုးမိပြီ"

ထိုခဏမှာပင် ရပ်ရွာထဲမှ လူစုလူဝေးတွေ ပြေးထွက်လာကြသည်။ ဝါးဆစ်ပိုင်းကို ရလိုက်ပြီဖြစ်သော ညီကြီးသည် တာတီးကိုရိုက်ရန် ပြေးလာ၏။ ဖိုးအေးက လက်မောင်းမှဒဏ်ရာကို လက်တစ်ဖက်ဖြင့်ပိတ်လျက် မောဟိုက်နေလေသည်။

"လိုက်ဟ ... လိုက်ဟ"

"ချကွာ ... ချ ... ချ"

"တို့ရွာကို လာစော်ကားတဲ့အကောင်တွေ ခဲနဲ့ထုပေဟ့"

အခြေအနေမလွယ်ကူတော့မှန်း သိနေခဲ့ပြီမို့ တာတီးနှင့်တကွ လဲနေကြသော တပည့်တပန်းအပေါင်းလည်း ပုဆိုးမနိုင်ဘာမနိုင်နှင့် ရွာလမ်းအတိုင်း ဖုန်တထောင်းထောင်းထအောင် ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးထွက်သွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ပြာမပုံးသောမီးခဲများ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဖြူမအဖို့ မနှစ်တုန်းက သင်္ကြန်ကာလကိုတွေးရင်း ထမင်းအိုးကို မွှေနေလေသည်။ မီးရှိန်နည်းနေသည်မို့ မဏိသြဃသားထင်းခြောက်နှစ်ချောင်းကို မီးထဲထိုးလျက် မီးပြောင်းဖြင့် သုံးလေးချက်ခန့် မှုတ်ပေးနေလေသည်။

မကြာခင် ... အဘသည် ဒေါင့်ကွေးရွာမှ လူနာလာပင့်သူနှင့်လိုက်သွားပေလိမ့်မည်။ အဘမရှိသည့်အခိုက်ဝယ် ချစ်ရသူကိုဖိုးအေးသည် မယောင်မလည်ဖြင့် အိမ်သို့ဝင်လာမည့်အရေးအတွက် ရင်တဖိုဖိုဖြစ်နေမိပြန်သေးတော့သည်။

ချစ်ခြင်းအစ မျက်စိကဟု ဆိုသူတွေဆိုခဲ့ကြ၏။

သည်အဆိုကို ဖြူမ မငြင်းပါ။

ဖြူမအဖို့ရာလည်း ချစ်ခြင်းကို မျက်စိဖြင့်စခဲ့သည်မှန်ပါချေ၏။ သည်အစပြုလေသော မသိနိုးနား၊အချစ်တရားသည် သူ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်တွင် ကာကွယ်စောင့်ရှောက်သည့်စိတ်ဓာတ်ကြောင့် ညွှန့်ညှောက်နိုးကြားလာခဲ့ရသည်။ သူမကြောင့်ရရှိသွားရှာသော ဒဏ်ရာအနာတရအတွက် သနားခြင်းဓာတ်ခံက အချစ်တရားတို့ အမြစ်ပွားလာပြီး ပင်စည်ထုထည်ကြီးမားလာကာ အချစ်ပင်၏အရိပ်အာဝါသအောက်၌ ဖိုးအေးနှင့်ဖြူမတို့ အဘ လုံးဝမသိသေးသော ချစ်အိမ်ကလေးဆောက်ရန် ချစ်ပန္နက်ကို ရိုက်ဖြစ်ခဲ့ပါပြီ။

အဘအနေဖြင့် ဖိုးအေးအပေါ် အမြင်ကြည်လင်စေကြောင်း ဘုရားရှိခိုးတိုင်း ဆုတောင်းနေရသည်မှာ အမော။

မီးဖိုမှ မီးအားကောင်းလာသည့်အတွက် ထမင်းအိုးလည်း ပွက်ပွက်ဆူခဲ့လေပြီ။

"သမီးရေ ... ဖြူမ"

"ဟို ... ဒေါင့်ကွေးက လူနာလာပင့်တဲ့သူ ခြံထဲဝင်လာနေပြီ၊ သူနဲ့ အဘလိုက်သွားတော့မယ်"

"ဟင် ... အဘနှယ် ... ထမင်းလဲ မစားရသေးဘဲနဲ့၊ သိပ်မကြာပါဘူး၊ ကျက်တော့မှာပါ အဘရဲ့၊ ခုပဲ ထမင်းအိုးက ငှဲ့ရတော့မှာ၊ နပ်တာလဲ သိပ်မကြာပါဘူး၊ ဟင်းတွေနွှေးလိုက်တာနဲ့ ထမင်းပူပူ၊ ဟင်းပူပူလေး စားရတော့မှာပါ"

"နေပါစေတော့ သမီးရယ် ... လူနာအိမ်က ကျွေးမယ့်ဥစ္စာပဲ၊ အဲဒီမှာ အဘစားလိုက်တော့မယ်"

"ဟုတ်ကဲ့ အဘ"

"ဩော် ... ဒါထက် ... မနေ့က ရပ်ရွာမှာ ကျင်းပမယ့် တန်ဆောင်တိုင်မီးထွန်းပွဲတော်အတွက် အဘ



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးသွားတက်တော့ ပါလေရာဖိုးအေးဦးဆောင်တဲ့ ကာလသားအဖွဲ့က အဘကို အကူအညီတောင်းကြတယ်"

"ဘာများတုန်း အဘ"

ဖြူမအဖို့ ချစ်ရသူ ဖိုးအေး၏အမည်ကို ကြားလိုက်ရသည့်အတွက် စိတ်ဝင်တစားဖြစ်သွားကာ ထမင်းအိုးငှဲ့ရင်း မေးမြန်းလိုက်သည်။

"ကိစ္စကတော့ကွယ် ... တို့များဂွေးတောရွာကလေး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ပျော်ရရွှင်ရလေအောင် အရပ်ဇာတ်ကလေးလုပ်ချင်သတဲ့"

"ကောင်းတာပေါ့ အဘရယ် ... သမီးတို့လဲ ပွဲဝတ်နေကြတဲ့ဟာ"

"အေး ... အဲသည်အတွက် အရပ်ပြဇာတ်ရယ်၊ နောက်ပိုင်းဇာတ်ထုပ်ရယ်၊ တင်ဆက်ကပြဖို့ရာ အဘကို ပြဇာတ်ရေးပေးဖို့ နောက်ပိုင်းဇာတ်ထုပ်ကိုစီးပေးဖို့ အကူအညီတောင်းခံလာကြတယ်"

"သည်တော့ ... အဘက ဘာပြန်ပြောလိုက်သလဲ"

"ဘာပြန်ပြောရမလဲကွယ် ... အဘရဲ့ဘန်ဖိုးကို သိနားလည်ကြလို့ အကူအညီတောင်းခံလာကြတဲ့ဥစ္စာ၊ ရေးပေးမယ်လို့ ကတိပေးလိုက်တာပေါ့၊ သည့်အတွက် နောက်ရက်တွေမှာ ပြဇာတ်ရယ်၊ နောက်ပိုင်းဇာတ်ရယ် အဘ ရေးရမယ်၊ ပြီးရင် ဇာတ်ပိုးရှိတဲ့ကောင်တွေကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ဖို့ ဇာတ်တိုက်ပေးဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြဇာတ်ဆိုတော့ မင်းသမီးတွေဘာတွေ ငှားရမှာပေါ့ ... ဟုတ်လား အဘ"

"ငှားရမှာပေါ့ကွယ် ... ဒါမျိုးက အတွေ့အကြုံတွေ သဘာတွေရင့်နေမှကောင်းတာ၊ သည့်အတွက်တော့ မပူရပါဘူး၊ ရွှေပန်းတောက အဘတူလိုသားလိုဖြစ်နေတဲ့ မောင်ညွန့်တင်ကို ပြောရင်ရပါတယ်"

"ပြဇာတ်မင်းသမီးနဲ့ အဘပြောတဲ့ မောင်ညွန့်တင်က ဘာဆိုင်လို့လဲ"

"ဟဲ့ ... ဆိုင်ပါသော်ကော ဖြူမရယ် ... မောင်ညွန့်တင်ယူထားတဲ့မိန်းမက ဘယ်သူမှတ်လို့လဲ၊ နိုင်ငံကျော်ပြဇာတ်မင်းသမီး ပျော်ဘွယ်သူ မတင်နွဲ့လေ၊ အိမ်ထောင်ကျပြီးမှ ဇာတ်ထဲမလိုက်တော့တာ၊ တစ်ခါတလေ အရပ်ပြဇာတ်တွေက ကြိုက်ဈေးပေးပြီးငှားရင် သူ့ယောက်ျား မောင်ညွန့်တင်ကလဲ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ရင် လိုက်က,ပေးတယ်၊ သရုပ်ဆောင်တဲ့နေရာမှာတော့ တကယ့်ကို စံချိန်မီပဲ၊ နောက်တော့ သမီးတို့တွေ့ရပါလိမ့်မယ်"

သားအဖနှစ်ယောက် စကားလက်ဆုံကျနေစဉ်မှာပင် ဒေါ်ဒွေးရွှာမှ လူနာပင့်သူ ရောက်လာသည်။ သည်တော့လည်း ဝိဇ္ဇာဆိုဒွေ့ အာယုဗ္ဗေဒဆြာလှလည်း ဆေးလွယ်အိတ်ကလေးကောက်ဆွဲယူ၍ လူနာလာပင့်သူနှင့်အတူ အိမ်ပေါ်မှဆင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းပေပြီ။

ရာသီဥတုက ဝသန္တဇယားစောင်းကာ ဟေမန်ဦးကိုကူးခဲ့ပြီ ဖြစ်၍ မြောက်ပြန်လေဖြင့် တအေးအေးဖြစ်၍နေတော့သည်။ မကြာခင် ကာလ ခဝဲပွင့်တွေ အစီအရီ ဝတ်မှုန်ဆင့်ကြပေတော့မည်။

ဝိဇ္ဇာမဟာဒွိအာယုဗ္ဗေဒဆြာလှသည် လူနာကို သက်သာ သက်သာကြောင်းအတွက် ဓာတ်စာဆေးဝါးများနှင့် တိုက်ကျွေးကုသ ပေးခဲ့ပြီးသည့်နောက် ခြေကြွခကိုယူရင်း ဒေါင့်ကွေးရွာမှ ပြန်လာ လေသည်။ လူနာရှင်တွေက လှည်းနှင့်ပြန်ပို့ရန် စီမံကြသော်လည်း ဆြာလှက လက်မခံ။

"ဒေါင့်ကွေးနဲ့ ငွေးတောဆိုတာ ကက်ကင်းကျတဲ့ရွာ တွေဖြစ်ပြီး ဘာဝေးတာမှတ်လို့ ခုလို သာတောင့်သာယာ ရှိလှတဲ့ ညနေခင်းမှာ လမ်းလျှောက်ပြန်ရတာ သွေးလေ



www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်ပြီး ကျန်းမာရေးနဲ့လဲ ညီညွတ်ပါတယ်၊ သည်တော့ ကျုပ်လမ်းလျှောက်ပြီးတော့ပဲ ပြန်ပါရစေ"

သည်သို့ လူနာရှင်တို့အား ပြောဆိုပြီး တစ်ကိုယ်တည်းပင် ဆေးလွယ်အိတ်ကိုလွယ်ကာ လမ်းလျှောက်ပြန်ခဲ့လေသည်။ ထိုသို့ လမ်းလျှောက်ပြန်ရင်းမှာ ငွေးတောရွာတန်ဆောင်တိုင်ပွဲ၏ စင်တင် ပြဇာတ်၊ နောက်ပိုင်းဇာတ်တို့အတွက် ဇာတ်လမ်းစဉ်တို့ကို စဉ်းစားရင်း ဇာတ်လမ်းဆင်လာခဲ့တော့သည်။ သည်လိုနှင့် တဖြည်းဖြည်းဆိုသလို ဆြာလှ၏ခြေလှမ်းတွေက ငွေးတောရွာအနီးသို့ ကပ်လာခဲ့လေသည်။

"ဟော ... အာယုဗ္ဗေဒဆြာလှပါကလား၊ ဘယ်က ပြန်လာတာပါလိမ့်"

သူ့နာမည်ကိုခေါ်၍နှုတ်ဆက်သံကိုကြားလိုက်ရတော့ အသံ လာရာဆီသို့ ဆြာလှ စောင်းငဲ့ကြည့်လိုက်သည်။ အသံရှင်က ငွေးတောရွာ၌ ဝက်သတ်၊ နွားသတ်သည့် ကဖော်သမား ကျင်ဟုတ် ပင်တည်း။ အံမယ် ... လက်ထဲမှာလည်း ချိုင့်ကလေးတစ်ချိုင့်နှင့်။

"ဩော် ... ဘယ်သူများလဲလို့၊ ကျင်ဟုတ်ကိုး၊ အေးကွာ ... ဒေါင့်ကွေးက သာမောင့်ဘကြီး တိုနာရောဂါ ဖြစ်လို့ ငါလာပင့်တာနဲ့ ဆေးသွားကုပေးပြီး ပြန်လာခဲ့တာ၊ ဒါထက် ... မင့်လက်ထဲမှာလဲ ချိုင့်နဲ့၊ ဘယ်ကိုသွားပြီး ဘာလုပ်မလို့တုန်း"

"အပှီး ... သည်အချိန်ရောက်မှတော့ ဘာလုပ် မလို့လဲ မေးနေရသေးလား ဆြာလှရယ်၊ အရေးအကြောင်း က သွေးတောင်းနေပြီမို့ ထုံးစံအတိုင်း သောင်းထွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကဇော်တဲကိုပဲပေါ့၊ ချိုင့်ထဲမှာ မနက်က ဝက်ပေါင်ပေးလို့ ရလာတဲ့ ဝက်အူစုံအသည်းစုံကိုချက်ထားတာ၊ အရက်ဖိုး သက်သာအောင် အရက်နဲ့လဲသောက်မလားဆိုပြီး ဆွဲလာတာ"

ဝက်အူစုံအသည်းစုံဆိုသည့်စကားကို ကြားလိုက်ရတော့ အင်မတိအင်မတန် အစားကောင်းအသောက်ကောင်းတို့ကို မက်မောတတ်သည့် ဆြာလုလည်း ခံတွင်းတွေချဉ်တက်လာကာ သွားရည်များစီးကျလာသည့်အတွက် ဣန္ဒြေမပျက်စေရန် ဂွပ်ခနဲမြိုချပစ်လိုက်ရလေတော့သည်။

"ဟကောင်ရာ ... ဒါလောက်စားလို့ကောင်း၊ မြည်းလို့ကောင်းတဲ့ အူစုံအသည်းစုံတွေကို ဘာဖြစ်လို့ အရက်နဲ့ လဲရမှာလဲ"

"မလဲလို့ ဘယ်ဖြစ်ပါ့မလဲ ဆြာလုရယ်၊ သောက်စရာ အရက်ဖိုးမှမရှိတဲ့ဥစ္စာ"

"ဟကောင် ... ကျင်ဟုတ်၊ အဲသည်ကိစ္စအတွက် ဘာမှမပူနဲ့၊ အရက်ဖိုး ငါခံမယ်၊ မင်းရဲ့အူစုံအသည်းစုံကို တို့နှစ်ယောက်မြည်းကြမယ်၊ ဘယ့်နှယ်လဲ ... မကောင်းဘူးလား"

"အတိုင်းထက်အလွန် သံချွန်နဲ့ပလတ်စတစ်စုတ် ဆိုသလိုပါပဲလား ဆြာလုရယ်၊ ဟဲ ဟဲ ဟဲ ..."

သို့ဖြင့် ဆြာလုနှင့် ကျင်ဟုတ်တို့လည်း ချင်းချင်း ပြေလည်အောင်ညှိနှိုင်းဆွေးနွေးခဲ့ပြီးသည့်သကာလ ခိုတ်တူကိုယ်တူ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သွောင်းထွန်း၏အရက်ဆိုင်ရှိရာသို့ ချီတက်လာခဲ့ကြလေ၏။ အရက်ဖိုရောက်တော့ ဦးရေတစ်လုံးကိုမှာကာ ဆိုင်ထဲမှာ မသောက်တဲ လူမြင်သူမြင်သိပ်မရှိသည့် ဆိုင်အပြင်ဘက် ၄က်ပျောတောအုပ်၌ ဝိုင်းဖွဲ့လိုက်ကြသည်။

"အား ... ကောင်းလိုက်တဲ့အရက်ဗျာ၊ တစ်ခွက်ဆို ဆိုသလောက် အင်မတန်ထိတယ်၊ ကျုပ်တို့ရွေးတောက တော့ဖြင့် ဘယ်အရာမဆို ထိပ်ပဲ၊ အရက်ဆိုလဲ ဘယ်ရွာက အရက်နဲ့ယှဉ်. ပဲ၊ သောင်းထွန်းရဲ့လက်ရာကို ဘယ်သူမှ မီအောင်မချက်နိုင်ကြသေးဘူးလို့ထင်တယ်၊ ဟုတ်တယ်နော် ... ဆြာလှ"

"ဟုတ်ပကွာ ..."

ကျင်ဟုတ်က ရွေးတောရွာ၏အရက်ကောင်းပုံကို ငြိကာချဲ့ နေချိန်ဝယ် ဆြာလှသည် ချိုင့်ထဲမှ အသည်းဖတ်တစ်ဖတ်ကိုနိူက်ယူ ကာ စိမ်ပြေနပြေမြို့နေလေတော့သည်။ အရက်ကလည်း ဂွတ်ရှယ်၊ အမြည်းကလည်း ဂွတ်ရှယ်။

ထိုခဏမှာပင် မြောက်ပြန်လေ၏သယ်ဆောင်မှုကြောင့် ဒိုးပတ်စမ်းသံတွေ ကြားလာရလေ၏။

"ပတ်တပ် ... ပတ်ပတ် ... ဗေတိုးဖြောင်"

"ဗေပေါင် ... တူးပုံ ... တူးပုံ ... တူး ..."

"ပျပ် ပျပ် ပျပ် ဂျိ"

"ပတ်ဗေပုံ ... ပတ်ဗေပုံ ... ဖြုန်း ဖြုန်း ဖြုန်း"

"တူပေါင်း ... တူးပုံ ... တူးပေါင်း တူးပုံ"



www.burmeseclassic.com

www.burmeseclassic.com



ဒိုးပတ်သံတွေက အရှိုင်ဖြင့်အစချီလျက် စည်းချက်ဝါးကျစွာ ပေါ်ထွက်လာတော့သည်။

"ဟကောင်ကျစ်ဟုတ် ... ဒိုးပတ်သံတွေပါကလား"

"ဟုတ်တယ်လေ ဆြာလှရဲ့၊ မကြာခင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပတော့မယ်မဟုတ်လား၊ အဲသည်ကျ ရင် ရွာဦးက ကိုးနဝင်းစေတီတော်ကြီးမှာ ရွာလုံးကျွတ် ဆီမီးတစ်ထောင် ပန်းတစ်ထောင်ဆိုပြီး ဖိုးအေးတို့ ဒိုးအဖွဲ့က ကြိုတင်ဒိုးတိုက်နေကြတာ ဆြာလှရဲ့"

"တောက် ... ဟိုစပ်စပ်သည်စပ်စပ်နဲ့ ဖိုးအေးဆိုတဲ့ ကောင်ကတော့ မျက်စိစပါးမွေးစူးလောက်အောင် နေရာ တကာကိုပါတယ်ကွာ ... ဘာမှအရည်မရ အဖတ်မရနဲ့"

သမီးဖြူမနှင့်စပ်လျဉ်း၍ အသံသဲ့သဲ့ကြားနေရသည့်အတွက် ဖိုးအေးအပေါ် မြင်းပြင်းကတ်စွာဖြင့် ဆြာလှမှ အပြစ်တင်စကား ဆိုလိုက်သည်။

"ဟာ ... သည်လိုလဲမပြောနဲ့လေ ဆြာလှရဲ့၊ ဖိုးအေး တို့ကာလသားအဖွဲ့က ရပ်ရေးရွာရေးတွေမှာ တက်ညီ လက်ညီရှိကြလို့ ကျုပ်တို့ငွေးတောရွာကလေး စည်စည် ကားကား သာသာယာယာဖြစ်နေတာမဟုတ်လား။

"မနှစ်တုန်းက သင်္ကြန်မှာ ကျူတောရိုးက လူမိုက် တာတီးတို့အဖွဲ့ ကျုပ်တို့ရွာ လာစော်ကားတော့ ခင်ဗျား သမီးရဲ့အရှက်ကို ကာကွယ်ပေးခဲ့တာကော ဖိုးအေးတို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲသည်တုန်းက ငါ ဘုန်းကြီးကျောင်းသွားပြီး သီလယူနေလို့ပေါ့ကွာ၊ မဟုတ်ရင် ... ကျူတောရိုးကလူမိုက်တွေ ငါ့လက်နဲ့စိစိညက်ညက်ကျေသွားမယ်၊ ဟွန်း ... ဟွန်း ... ဟွန်း ..."

"သူခိုးပြေးမှထိုးကွင်းထ ဆိုသလိုမျိုး လုပ်မနေပါနဲ့ ဆြာလှရယ် ... ကိုယ့်အသက်အရွယ်ကိုလဲ ကြည့်ဦးမှပေါ့၊ ကျုပ်ကတော့ ကျုပ်မစွမ်းဆောင်နိုင်တာ စွမ်းဆောင်နိုင်တဲ့ဖိုးအေးကို သဘောကျတယ်ဗျ၊ ခင်ဗျားတို့ ကျုပ်တို့လိုတောင် အသောက်အစားမရှိရှာဘူး၊ သူ့အိမ်ရဲ့စီးပွားရေးကိုလဲ မလစ်ဟင်းအောင် အလုပ်လုပ်သေးတယ်။

တကယ်ပါ ... ကျုပ်မှာ ဆြာလှလိုသမီးမရှိလို့၊ ရှိများရှိလို့ကတော့ ဖိုးအေးကို အလိုလိုသမက်တော်ပြီး သားပဲ"

"ဟော့ကောင်ကျင်ဟုတ် ... တော်ကွာ ... မင်းပါးစပ်ပိတ်တော့၊ မင်းသမီးနဲ့ပေးစားချင်တာနဲ့ မဆီမဆိုင် ငါ့သမီးကို ဆွဲမထည့်နဲ့၊ သည်ကောင့်နာမည်ကို စကားထဲ ထည့်ပြောလာဦးမယ်ဆိုရင် ငါ ခုပဲထပြန်တော့မယ်"

ဆြာလှက နေရာမှတကယ်ထရန် ဟန်ပြင်လိုက်သည်။ ...တော့လည်း နောက်ထပ်တစ်ခွက်တစ်ဖလားမက ဇိမ်ခံချင်သေး... ကျင်ဟုတ်လည်း ပျာပျာသလဲဖြင့် ဆြာလှကို လှမ်းဆွဲလိုက်... ၍တွင် ဆြာလှခမျာ လုံချည်ပြင်မဝတ်ရသေးသည့်အတွက်... ကွင်းလုံးပုံကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ကောင်ကျင်ဟုတ် ... ဒါ ဘာ ဘာလုပ် ..."

"အား ... ကန်တော့ ဆြာလှ၊ ကန်တော့ ... ကန်တော့ ... မတော်တဆဖြစ်သွားတာပါ၊ တောင်းပန်ပါတယ်ဗျာ"

ပုဆိုးကျွတ်ကျသွားသည့်ဆြာလှအား ကျင်ဟုတ်ခမျာ တိုးလျှိုးတောင်းပန်ရတော့သည်။

"မင်းလုပ်လိုက်မှဖြင့် အရမ်းချည်းပဲ၊ တော်သေးတာ ပေါ့ကွာ ... လူမမြင်သူမမြင် ငှက်ပျောတောထဲမှာ နေရာယူမိပေလို့ပဲ"

"ဟုတ်ပါတယ် ဆြာလှရယ် ... ဟုတ်ပါတယ်၊ ဒါ့ထက် ... သည်လိုမျိုးသောက်ရတာ ဟိုမရောက် သည်မရောက်အနေအထားမျိုးမှာတော့ ချန်မထားခဲ့ပါနဲ့ဗျာ၊ ဆြာလှမကြိုက်ရင် ဖိုးအေးအကြောင်း စကားမဟာတော့ ပါဘူး၊ အဟဲ ... စံချိန်ကလေးကိုက်ညီသွားအောင် နောက်ထပ်တစ်ပိုင်း နောက်ထပ်တစ်ပိုင်း အဟဲ ... ဟဲ ဟဲ ..."

သည်လိုမျိုး ကျင်ဟုတ်မှ လေပြည်သွေးလာပြန်တော့ ဆြာလှအဖို့ ပျော့ပျောင်းသွားရပြန်ချေသည်။ မပျော့ပျောင်းလို့လည်း မဖြစ်။ ဘာကြောင့်ဆို ၎င်းကိုယ်တိုင်လည်း စံချိန်ပြည့်အောင် တွယ်ချင်နေသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ ... တစ်ပိုင်းမလုပ်နဲ့၊ တစ်လုံးသာ မှာလိုက်ပါ၊ ဒါမှ ငါလဲ စံချိန်ကိုက်မှာ"

သည်သို့ပြောဆိုရင် နောက်ထပ်တစ်လုံးမှာကာ တစ်ခွက်စီမော့လိုက်ကြရင်း အူစုံအသည်းစုံကို မြည်းလိုက်ကြပြန်သည်။ ထိုစဉ်မှာပင် ဒိုးပတ်ဝိုင်းမှ အတီးသက်သက်သာမကဘဲ အဆိုပါ ရောစွက်ပါလာလေတော့သည်။ တေးသွားက လွန်စွာမှနာမည်ကြီးလှသော နပန်းဆံ သီချင်းတေးသွား။

ဦးစွာ ... နဲ့သံက အကွန့်အညွန့်ကလေးဖြင့် အစချီလိုက်သည်။

နောက် ပြောလိုလိုဘာလိုလိုနှင့် အဖိုသံကို တတုံ့တုံ့ပေးပြီး အမသံနှင့်ရောစပ်ပြီးသကာလ ဗိန်းခနဲအုပ်ထည့်လိုက်သည်။ ပြီးလေသော် နပန်းဆံတေးသွားအလိုက်အတိုင်း စာသားတွေဝင်လာပါတော့၏။

"ဟင် ..."

ဒိုးပတ်ဝိုင်းမှပေါ်ထွက်လာသည့် တေးစာသား၊ သီချင်းသံတွေက ဩာလှ၏ခပ်ကုပ်ကုပ်နှုတ်ခမ်းမွေးကျင်စွယ်နှစ်ဘက်အားတော့ကော့ရွရွကလေး ထောင်ထသွားစေခဲ့သည်။

သည်လိုမဖြစ်ဘဲ ဘယ်နေမှာတဲ့နည်း။

သီချင်းစာသားတွေက ဘယ်သူ့အကြောင်းမှမဟုတ်။

သူ့အကြောင်းမှသူ့အကြောင်း၊ တကယ့်ကိုပေါ်တင်ကြီး။

"တို့များ × × မွေးသောဌာန × ×

ငွေးတောရွာက × × ဩာလှတို့များ × ×



www.burmeseclassic.com

www.burmeseclassic.com



အသောက်ချိန် အလွန်မှန်သတော့ × × ×
ကကျိုကကြောင်ကျ × × အမြည်းက ဇံရွေး × ×
မော့ကာပဲ × × အရပ်ထဲ × × ပါးစပ်ဖြဲ × ×
ဘယ်သူပဲတိုက်တိုက် × × သောက်လိုက်မယ် × ×
အဆင်သင့် × × ×
ပေးလာ ပုလင်း × × မနေးပါမငြင်း × × ×
ဘယ်သူများလဲလို့ × × မေးကာကြည့်လျှင် × ×"
"တောက်"

သီချင်းသွားက မဆုံးပါသေး။

သို့ပါသော်ငြား ဆြာလုဖို့ နားယံအတွင်းသို့ ထပ်မံဝင်ရောက်နိုင်ရန်အင်အားတွေ မရှိကြတော့။

သို့ဖြစ်၍ လွယ်အိတ်ကိုကောက်လွယ်ကာ နေရာမှဆတ်ခနဲထပြီး မိုးယံထိ ဒိုးသံတွေကို လိုမ့်ရာနေရာဆီသို့ ဆောင့်ဆောင့်ဆောင့်ဆောင့်နှင့် ထွက်သွားလေရာ ကျင်ဟုတ်လည်း ဘုမသိဘမသိဖြင့် အမြည်းချိုင့်ကိုဆွဲ၊ လက်ကျန်ပုလင်းကို ခါးကြားထိုးလျက် ဆြာလုနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

လဆန်း (၃)ရက် (၄)ရက်၏ တက်သစ်စလကလေးသည် ညအရေး၌ စောစီးစွာပေါ်ထွက်လာခဲ့ပြီး၊ စောစီးစွာပင် ငုပ်ဝင် ကွယ်လျှိုးသွားပြန်လေသည်။ သည်တော့လည်း ငွေးတောရွာတစ်ရွာ လုံးအဖို့ လရောင်အစား ကြယ်ရောင်ဖြင့် အလင်းမှုန်မှုန်ကလေးသာ ရှိနေတော့သည်။

သည်လိုအနေအထားမျိုးကား ချစ်သူစုံတွဲတို့၏အကြိုက်ပင် ဖြစ်ချေသည်။ ခုလည်း ဖြူမနှင့် ဖိုးအေးတို့သည် ဖြူမတို့ခြံထောင့်ရှိ ခါးစိုပ်အကွယ်တွင် ချိန်းတွေ့နေကြသည်။ အိမ်ပေါ်မှာတော့ ဆြာလု သည် စံချိန်ကိုက်သွားလေသည့်အတွက် တခေါခေါနှင့်ဟောက်၍ နေလေပြီကော။

"တော် ဘယ့်နှယ့်လုပ်လိုက်တာလဲ ကိုဖိုးအေးရယ် ... အဘလေ တော့်ကို တော်တော်လေးဒေါသထွက် နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ပျော်စေပျက်စေနဲ့ သီချင်းစာသားကို ဖျက်ကြည့်တာပါ ဖြူမရယ်၊ ဒိုးပတ်ဝိုင်းမှာဆိုဖို့မဟုတ်ပါဘူး၊ အဲဒါကို ကြည်လွင်တို့အုပ်စုက ငါမသိအောင် ငါ့ဆီက အဲသည်သီချင်းစာရွက်ကို ခိုးပြီး မနေ့က ငါရွာထဲမရှိချိန်မှာ ဟဲကြတာပါ၊ ယောက္ခမလောင်းကြီးက သီချင်းဖျက်ရေးတဲ့ လက်သည်ကိုမေးတော့ ဒီကောင်တွေက ငါ့ကို ထိုးချလိုက်တာ။

အဲသည်အတွက် အများကြီးတောင်းပန်ပါတယ် ဖြူမရယ် ... ဘွာတေးနော် ... ဘွာတေး ... ဘွာတေး"

"တော်စမ်းပါ ... တော်ကသာ ဘွာတေးလုပ်နေ၊ အဘကတော့ တော့်လက်ချက်မှန်းသိသွားလို့ တော့်ကို တော်တော်လေးအခဲမကျေဖြစ်နေတယ်"

"အေးပါ ဖြူမရယ် ... နောက်မဖြစ်စေရပါဘူး၊ ဒါထက် အရေးကြီးတဲ့ကိစ္စရှိတယ်ဆိုတာ ဘာလဲဟင် ဖြူမ"

"ဘာကိစ္စဖြစ်ရမှာလဲ ... အဘက ကျုပ် သည်ဝွေးတောရွာမှာရှိနေရင် တော်နဲ့တစ်ခုခုဖြစ်မှာစိုးလို့ ရန်ကုန်မှာရှိတဲ့ ကြီးတော်တို့ဆီပို့ဖို့အစီအစဉ်တောင် လုပ်နေပြီ"

"တယ် ... ဒါဆိုရင်တော့ ပြဿနာပဲ"

"ဘာအခုမှပြဿနာလဲ၊ ရန်ကုန်ကိုသာ ကျုပ်ရောက်သွားပြီဆိုရင် တော်နဲ့ဝေးတော့မှာ ကျိန်းသေပြီ၊ ဟိုရောက်တာနဲ့ ကြီးတော်တို့က သူတို့သဘောကျတဲ့ ရန်ကုန်သားနဲ့ အိမ်ထောင်ချပေးမှာတဲ့ တော်ရေ့..."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးလေးဗျာ ... ငါတို့ရဲ့ချစ်ခြင်းကို ခွင်းရက်လိုက်ကြတာ"

"ဟုတ်တယ် ... အဘက သိပ်စိတ်ကြီးတာ၊ ဗူးဆိုရင် ဖရုံသီးတဲ့လူစားမျိုးမဟုတ်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ဟာ ... ငါတော့ နင်နဲ့အဝေးမခံနိုင်ဘူး ဖြူမရယ်၊ အခုတောင်ခိုးပြေးလို့ရရင် ခိုးပြေးလိုက်ချင်တယ်"

"အိုး ... သည်လိုလဲ မလုပ်နဲ့ဦးလေ၊ အဘ စိတ်ဆင်းရဲမှာကို ကျုပ်မကြည့်ရက်တာ အမှန်ပဲ"

"ဒီလိုဆိုရင် နင်နဲ့ငါ ဝေးရလိမ့်မှာ ဖြူမရဲ့၊ ဝေးပြီဆိုရင်တော့ ဟောဒီကောင်ဖိုးအေး မိုလ်အောင်ဒင်လို တစ်ကိုယ်တည်း အရူးကြီးဖြစ်၊ ဇာတ်သိမ်းသလိုသိမ်းလိမ့်မှာ"

"တော်စမ်းပါ ... ခုမှ ကုလီကုမာတွေလာမလုပ်နေပါနဲ့၊ အဘ မျက်စိစပါးမွေးမစူးစူးအောင် လုပ်တုန်းကလုပ်ခဲ့ပြီးတော့၊ ဟွန်း ... ဒါထက် သည်နှစ်တန်ဆောင်တိုင်မှာ ကြီးတော်တို့က ရွာလာပြီး ကထိန်ခင်းကြလိမ့်မယ်၊ အပြန်ကျရင် အဘက ကျုပ်ကို ကြီးတော်တို့နဲ့ထည့်မပေးလိုက်ဘူးလို့မပြောနိုင်ဘူး။

ပြောမယ့်သာပြောတာ ကျုပ်လေ အဘကိုချစ်တယ်၊ ဒွေးတောရွာလေးကိုလဲ ချစ်တယ်၊ တော့်ကိုလဲ မခွဲနိုင်ဘူးတော့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ရှိုက်သံသဲ့သဲ့လေးလွှမ်းလာသည့်အတွက် ဖိုးအေးလည်း ဖြူမကိုထွေးဖက်ကာ ချစ်သူပါးပြင်ပေါ်သို့ကျအံ့ဆဲဆဲ မျက်ရည်တို့ကို တားဆီးနှစ်သိမ့်ပေးရချေသည်။

မြောက်ပြန်လေက တခွဲ့ခွဲ့။

ဝါးရုံများတို့သည် မြောက်ပြန်လေတွင် ယိမ်းတခွဲ့ခွဲ့ ကကြိုး ဆင်နေကြသည်။ ထို့အတူ ဝါးရုံရိပ်အောက်ရှိ ချစ်သူနှစ်ဦးသည် လည်း နွှမ်းဟတုံ့တင် ချစ်ပွဲတွေဆင်နေကြပါပြီကော။ ချစ်သူ၏ ကိုယ်သင်းရနံ့လေးက ပန်းလျှသမျှကို ပြေလျော့စေခဲ့သည်၊ ချစ်သူ၏ ကိုယ်ငွေ့ကလေးသည်လည်း မြောက်ပြန်လေကိုအန်တုကာ နွေးထွေး စေခဲ့သည်။

ထိုစဉ်မှာပင် အိမ်တွင်းဆီမှ ဆြာလှ၏ချောင်းဟန့်သံ ထွက် ပေါ်လာချေသည်။ ဒါဆို ဆြာလှ ရေဲဆာပြီးရေသောက်တော့မည် သဘော။

"ဟော ... ဟော ... အဘနိုးလာပြီ ကိုဖိုးအေး၊ တော်ပြန်ပေတော့၊ အဘသိသွားရင် အခြေအနေတွေ ပိုပြီးဆိုးသွားလိမ့်မယ်၊ ကိုင်း ... သွား ... သွား"

"အေးပါဟာ ... အေးပါ ... ငါလဲပြောမယ့်သာ ပြောတာ၊ ယောက္ခမလောင်းကြီးကို တကယ်ကြောက်ပါ တယ်၊ ကိုင်း ... သွားပြီ ဖြူမ၊ ကဲ ..."

"ရွှတ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးလည်း ဖြူမကိုနှုတ်ဆက်အပြီး လှုပ်တစ်ပြက် ဖြူမ၏ ပါးပြင်ကို အနမ်းတံဆိပ်ခတ်၍ ပုဆိုးကိုခေါင်းမြီးခြုံကာ ခြံဝင်းမှ ပြေးထွက်သွားလေသည်။

ဖြူမမှာတော့ ပါးပြင်ကို ကြည်နူးကျေနပ်စွာ ပွတ်သပ်လျက် အိမ်ပေါ်သို့ နောက်ဖေးမီးဖိုချောင်မှ လှမ်းတက်ခဲ့လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# လူမှန်နေရာမှန်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာဓမ္မာရုံမှာတော့ ကလေး၊ လူကြီး၊ ပရိသတ်တွေက စည်စည်ကားကား။

ဘာကြောင့်ဆို ... တန်ဆောင်တိုင်မီးထွန်းပွဲတော်၌ တင်ဆက်က,ပြရန် ပြဇာတ်တိုက်ဖို့ တိုင်ပင်နေကြသည်ကိုး။

"ငါ့ပြဇာတ်ရဲ့နာမည်ကို 'သုံးပွင့်တစ်ခိုင် ချစ်ခြင်းပြိုင်၊ ပိုင်ပိုင်ဘယ်သူပန်သလဲ' လို့ နာမည်ပေးထားတယ်"

အားလုံးသောပရိသတ်တွေကြားမှ အောင်မြင်ခံ့ညားစွာ ထွက်ပေါ်လာသောအသံ။

အသံပိုင်ရှင်ကား ဝိဇ္ဇာမဟာဒွိအာယုဗ္ဗေဒ ဆြာလုပါတည်း။

"ဟာ ... ကောင်းလိုက်တဲ့ပြဇာတ်နာမည်ပါပဲလား"

"ဟုတ်ပကွာ ... တကယ့်ကိုရှယ်မှရှယ်"

"ဘယ်လိုဇာတ်လမ်းမျိုးဖြစ်မလဲမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်တွေ လှုပ်လှုပ်ရွရွဖြစ်သွားပြီးသကာလ စူးစူးမ်းလို အသံစကားသံတွေ ပေါ်ထွက်လာခဲ့သည်။ ဒါကို ဆြာလုက သဘော ပေါက်သည်။

"အဟမ်း ... အဟမ်း ... ဟမ်း ..."

ချောင်းမဟန့်ချင်ဘဲနှင့်ဟန့်လိုက်ရသည့်ချောင်း။

သည်လိုအဟန့်ကောင်းသည့်ချောင်းကြောင့် မျက်လုံးပေါင်း များစွာသည် ဆြာလုအပေါ်သို့ စုပုံကျရောက်ခဲ့တော့သည်။ သည် ကနေ့ပွဲကား ဆြာလု၏ပွဲဟူ၍လည်း ဆိုနိုင်ကောင်းပါချိမ့်။

"ဇာတ်လမ်းကတော့ လေးပွင့်ဆိုင်ဇာတ်လမ်းဆိုပါ တော့ ... ငယ်သူငယ်ချင်းသုံးယောက်ရှိတယ်၊ သူတို့ သုံးယောက်စလုံးက မိန်းကလေးတစ်ယောက်တည်းကိုပဲ ရွေးချစ်မိကြတယ်၊ မိန်းကလေးအနေနဲ့ သုံးယောက်စလုံး အပေါ် မေတ္တာရှိပေမယ့် မိန်းမကောင်းပန်းပန် တစ်ပွင့်ပန် ဆိုသလို တစ်ယောက်တည်းကိုပဲ ရွေးချယ်ရမှာမို့ အကျပ် အတည်းတွေ့နေရတာပေါ့၊ အဓိကသရုပ်ဆောင် ဇာတ်လိုက် သုံးယောက်မှာ တစ်ယောက်က ကောလိပ်ကျောင်းသား နောက်တစ်ယောက်က ရဲ၊ ကျန်တစ်ယောက်ကတော့ လူဆိုးခေါင်းဆောင်၊ မင်းသမီးအနေနဲ့ ကျုပ်အသိ နာမည် ကျော် ပြဇာတ်မင်းသမီးတစ်လက်ကို မြှုတက်ပြီးငှားမယ်"

"ဘယ် ... ဘယ်မင်းသမီးလဲဟင် ..."

"တော်တော်ကောချောရဲ့လား"

"ဟိုဟာဒီဟာတွေတောင့်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဝွေးတောရွာကလူသားတွေအဖို့ ဆြာလှ၏စကားကြောင့် ရင်တွေတလှပ်လှပ်ဖိုသွားကြရင်း အချင်းချင်း တီးတိုး,တီးတိုး သဖန်း ပိုးတွေလုပ်နေကြလေ၏။

"အဟမ်း ဟမ်း ... မင်းသမီးကတော့ ပျော်ဘွယ်သူ မတင်နွဲ့တဲ့"

"ဟေး ... မိတယ်ကွာ ... မိတယ်"

"တောက် ... တကယ့်ကိုရှယ်ပါပဲလား၊ တွဲရမယ့် မင်းသားတော့ တာဝတီံသာရောက်တာပဲ"

မင်းသမီးနာမည်ပြောလိုက်ပြန်တော့လည်း ဝွေးတောရွာ ကာလသားတွေ လှုပ်လှုပ်ရွရွဖြစ်သွားပြန်သည်။

"သည်တော့ ... နာမည်ကျော်မင်းသမီးနဲ့တွဲဖို့အရေး ဟောဒီဝွေးတောရွာက ဇာတ်လိုက်သုံးယောက် လိုပါတယ်၊ အဲဒီဇာတ်လိုက်သုံးယောက်ကို အခုကြွလာတဲ့ပရိသတ်ကပဲ အဆိုပြုကြပါ"

သည်လိုမျိုး အစထောင်ပေးလိုက်ပြီး အတန်ငယ်မောသွား သည်လား၊ ဟန်လုပ်သည်လားမသိ၊ ဆြာလှလည်း ရပ်နေရာမှ ထိုင်ချလိုက်ပြီး ကွမ်းအစ်ထဲမှ ကွမ်းရွက်ထုတ်ကာ ကွမ်းဝါးဖို့ ကွမ်းယာနေကြတော့သည်။

လူငယ်ကာလသားအဖွဲ့ကား တရုန်းရုန်းဖြစ်နေကြလေပြီ။

"ငါ သရုပ်ဆောင်မယ်ဟေ့"

"မင်းသရုပ်ဆောင်မယ့်ဟာ ငါကတော့ ဘာလို့သရုပ် မဆောင်နိုင်ရမှာတဲ့လဲ၊ ဒီတော့ ငါလဲ မင်းသားလုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မင်းတို့ချည်းရမလား၊ ငါလဲ မင်းသမီးနဲ့ တွဲပြီး အပြွတ်ကြဲမှာပေါ့"

"ငါက ကောလိပ်ကျောင်းသားလုပ်မယ်၊ မင်းတို့က ရဲနဲ့ လူဆိုးလုပ်"

"အောင်မာ ... မင်းရုပ်မင်းရည်နဲ့ ကောလိပ် ကျောင်းသားတဲ့၊ ဟား ဟား ဟား မတန်တရာကွာ .."

"ဟုတ်ပ့ါကွာ ... ရုပ်ကိုက ထောင်တစ်သက် တစ်ကျွန်းကျမယ့် လူဆိုးအစုတ်ပလုပ်ရုပ်၊ မုဒိန်းကောင် ရုပ်"

ငွေးတောရွာဓမ္မာရုံထဲမှာတော့ တစ်ယောက်တစ်ပေါက်ဆို သလို အသံဗလံတွေက ဆူညံစွာပေါ်ထွက်လာချေသည်။ သည် အခြေအနေကို ငွေးတောရွာ၏ ရပ်မိရပ်ဖတစ်ဦးဖြစ်သော ဦးမင်္ဂလာ က ဝင်ရောက်ထိန်းသိမ်းလိုက်ချေ၏။

"အဟမ်း ... အဟမ်း ... မင်္ဂလာ ... ခုလိုမျိုး ကိုယ်ဖြစ်ချင်ရာတွေ တစ်ယောက်တစ်ပေါက် ပြောနေလို့ကတော့ အလုပ်ဖြစ်လာမှာမဟုတ်ပါဘူး၊ သရုပ် ဆောင်လုပ်ဖို့ရာ လွယ်တယ်လို့မထင်ကြပါနဲ့ အရည်အချင်း ရှိမှပါမှ သရုပ်ဆောင်လုပ်လို့ရတာပါ"

"ဘယ်လိုအရည်အချင်းရှိရမှာလဲဗျ၊ ဘကြီးမင်္ဂလာရဲ့"

"ဘယ်လိုအရည်အချင်းလဲဆိုတော့ကာ ဆိုတော့ကာ အဲ ... အဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်္ဂလာအဖို့ စကားကြီးစကားကျယ်ချီထားသည့်အပေါ်တွင် ရှေ့ဆက်တယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်သွားလေသည်မို့ တအဲအဲဖြစ်နေတော့သည်။ ရှေ့ဆက် ဘာပြောရမှန်းမသိ၍ ကြောင်အမ်းအမ်းဖြစ်နေသည့်သကာလ ကြံရာမရသည့်အဆုံး ကွမ်းတဗျစ်ဗျစ်ဝါးနေသည့် ဆြာလုကိုပင် အကူအညီတောင်းခံလိုက်ရတော့၏။

"လုပ်စမ်းပါဦး ဆြာလုရယ် ... သရုပ်ဆောင်သဘောတရားတွေကို ကျုပ်ပြောရင် သည်ကလေးတွေ နားလည်မှာမဟုတ်လို့ ဆြာလုပဲ ကူညီရှင်းပြပေးပါဦး"

သည်တော့ ထိုင်နေရာမှ ဆြာလု ထရပြန်လေသည်။

"အင်း . . . အဓိကအရည်အချင်းကတော့ ငွေထည့်နိုင်မှုအပေါ်ပဲ၊ ဘာကြောင့်လဲဆိုတော့ ဇာတ်စင်ဆောက်ဖို့၊ မီးစက်ငှားဖို့၊ တီးဝိုင်းငှားဖို့၊ ပြဇာတ်မင်းသမီးပျော်ဘွယ်သူမတင်နွဲ့ကို ငှားဖို့အတွက် စရိတ်စကတွေလိုတယ်၊ ရပ်ရွာက အလှူခံလို့ရတာကလဲ တစ်ပိုင်းပေါ့လေ။ အားလုံးပြည့်ပြည့်စုံစုံဖြစ်ဖို့ရာ သည်ပြဇာတ်မှာပါဝင်သရုပ်ဆောင်ချင်တဲ့ မင်းသားသုံးလက်အနေနဲ့ သူ့ကြေးနဲ့သူ ငွေထည့်ဝင်ဖို့လိုမယ်"

"ထည့်မယ်ဗျို့ ... ထည့်မယ်၊ ငွေက တစ်ပြေးညီပဲမဟုတ်လား"

သရုပ်ဆောင်ရန် ရွပိုးထိုးနေသည့် သာဂေါင်ကြီးက လူကြားမှထကာ ရင်ကော့ပြီးမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... တစ်ပြေးညီတော့ ဘယ်ရမလဲ ငွေအများဆုံး ထည့်နိုင်တဲ့သူက ကြော့ကြော့မော့မော့နဲ့ ကောလိပ်ကျောင်းသားအခန်းမှာ သရုပ်ဆောင်ခွင့်ရမယ်၊ ဒုတိယအများဆုံး ထည့်နိုင်သူက ခြောက်လုံးပြူးကိုင်ရတဲ့ ,ရဲစုံထောက်နေရာမှာ သရုပ်ဆောင်ခွင့်ရမယ်။

အဲ ... တတိယအများဆုံးထည့်နိုင်တဲ့သူက ရဲစုံထောက်နှင့် ဘတစ်ပြန်ကျားတစ်ပြန် ပစ်ခတ်သတ်ပုတ်ရမယ့် လူဆိုးခေါင်းဆောင်နေရာမှာ သရုပ်ဆောင်ရမယ်၊ ကိုင်း ကိုယ့်အနေအထားနဲ့ကိုယ် စဉ်းစားကြ။ သည့်မှာတင် တစ်ခါတည်း ကိစ္စပြတ်ကြ။ နောက်ရက်မှာ မင်းသမီး သွားခေါ်ပြီး ဇာတ်တိုက်ဖို့ရှိသေးတယ်"

"ကျွန်တော် မသိလို့မေးပါရစေ ဆြာလှ"

ကာလသားအုပ်စုထဲမှ ညိုကြီးကလည်း ဖြုန်းခနဲထရပ်ကာ သူသိလိုသောကိစ္စရပ်အား မေးမြန်းရန် ဟန်ပြင်လိုက်သည်။

"မေး မေး ... တစ်ခါတည်းရှင်းအောင်မေး"

"ဒီလိုပါ ဆြာလှ၊ ပြဇာတ်ထဲမှာ မင်းသမီးကို ပွေ့ဖက်ရတဲ့အခန်းပါသလား"

"ဟ ... ပါတာပေါ့ကွ၊ မင်းသားသုံးယောက်စလုံး ပွေ့ဖက်ရအောင် စိတ်ကူးယဉ်ခန်း၊ အိပ်မက်ခန်းတွေပါ တမင်ကာလာ ခွင်ရိုက်ပြီးထည့်ထားတယ်၊ ပျော်ဘွယ်သူ မတင်နွဲ့နဲ့တွဲလိုက်ရလို့ကတော့ကွာ ... ဒီပြဇာတ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်တဲ့မင်းသားတွေ တစ်ခါတည်းကို နာမည်ကြီး သွားမယ်။

"အဲ ... တစ်ခုတော့ရှိလေရဲ့၊ ငွေထည့်ဝင်မှုအနည်း အများအလိုက်တော့ ပွဲဖက်ခန်းအနည်းအများတော့ ရှိကြ တာပေါ့၊ ကိုင်း ... ရှင်းပလား"

"ဟုတ်ကဲ့ ... ရှင်းပါပြီ ဆြာလှ"

သည့်နောက်မှာတော့ ကောလိပ်ကျောင်းသားဇာတ်ရုပ် အတွက် ငွေကြေးပမာဏကို လေလံသဘော ဈေးခေါ်သည်။ ပြီးတော့ ရဲစုံထောက်နေရာ၊ နောက်ဆုံး လူဆိုးခေါင်းဆောင်နေရာ အသီးသီး သူ့ကြေးနှင့်သူ ဇာတ်ရုပ်နေရာတွေ ရရှိသွား ကြသည်။

ကောလိပ်ကျောင်းသားနေရာကို ငွေကြေးအမြင့်ဆုံးထည့်ဝင် သည့် စိန်သံမဏိက ရသွား၏။ ရဲစုံထောက်နေရာကိုမူ ညိုကြီးက ရရှိသွားပြီး လူဆိုးခေါင်းဆောင်နေရာကိုမူ သာဂေါင်ကြီး ရရှိသွား လေရာ သရုပ်ဆောင်ရွေးချယ်ပွဲ ပြီးပြတ်သွားလေသည်။

"ကဲ ... အခုရွေးချယ်ခံလိုက်ရတဲ့ သရုပ်ဆောင်တွေ အနေနဲ့ နက်ဖြန်မနက်မှာ ငွေလာထည့်ကြပါ၊ ငွေအကျေ အလည်ရတာနဲ့ ငါ ရွှေပန်းတောကိုသွားပြီး မင်းသမီးငှား လာခဲ့မယ်"

"ကျွန်တော်တို့ လိုက်ခဲ့ရမလား ဆြာလှ"

"မလိုဘူး၊ ငါ့လှည်းနဲ့ငါ့ဘာသာငါ ခေါ်လာခဲ့မှာ၊ မင်း သမီးက သူ့ယောက်ျားကိုပါ ခေါ်လာခဲ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

စိန်သံမဏိ၊ ညိုကြီးနှင့် သာဂေါင်ကြီးတို့သုံးယောက်စလုံး ကွက်ခနဲမျက်နှာပျက်သွားသည်။

"ပျော်ဘွယ်သူမတင်နွဲ့က အပျိုမဟုတ်ဘူးလားခြာလု"

"မဟုတ်ဘူး၊ ပြီးခဲ့တဲ့နှစ်ကမှ အိမ်ထောင်ကျသွားတာ၊ အဲသည်ကတည်းက ပြဇာတ်မကတော့သလောက်ပဲ၊ အခု ပြဇာတ်ကပေးဖို့ ငါ့မှာ မနည်းစည်းရုံးထားရတာ၊ ကလေးမ လေးက က,ချင်ရှာပါတယ်၊ သူ့ယောကျ်ား မောင်ညွန့်တင် က ခွင့်မပြုလို့ ခမျာမယ် ရွက်ပုန်းသီးလေးလုပ်နေရတယ်။ မင်းတို့က အပျိုမဟုတ်လို့ ဟာတွေဟင်တွေ လုပ်နေ ကြတာပေါ့၊ ဒီကိုခေါ်လာရင် မင်းတို့တစ်တွေ အံ့အားသင့် သွားရမယ်၊ 'အိုတယ်သာဆိုရ အပျိုက ရှုံးပြန်'ဆိုတာ ပျော်ဘွယ်သူမတင်နွဲ့ရဲ့အရည်အချင်းပဲ။ သူ့လင် မောင် ညွန့်တင်ဆိုတာ ဟိုးတမြန်နှစ်က ရွှေပန်းတောမှာ တိုနာ ရောဂါဖြစ်ပြီး သေကောင်ပေါင်းလဲဝေဒနာ ခံစားနေရတာ၊ ငါကုပေးလို့ သူ့မိန်းမကို ကခွင့်ပေးတာကွ၊ သိကြရဲ့လား"

"ဟုတ် ... ဟုတ်ကဲ့၊ သိပါပြီ ခြာလု"

"ကိုင်း ... ဒါဖြင့် ကိစ္စပြတ်ပြီ၊ အိမ်ပြန်မယ်ဟေ့"

သည်သို့စကားဖြတ်ပြီးသည့်သကာလ မဗ္ဗာရုံအတွင်းမှ လူအုပ်သည်လည်း သူ့အစုနှင့်သူ ကွဲသွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ဒါရိုက်တာနှင့် ဇာတ်ဆောင်များ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ငွေတောရွာဓမ္မာရုံ၏ ပတ်ဝန်းကျင်မှာတော့ လူကြီးလူငယ် ကလေးသူငယ်တွေက တစုစုတရုံးရုံး။ ပြီးတော့ အုန်းအုန်းကျွက် ကျွက်။

ဓမ္မာရုံထဲမှာတော့ ဆြာလှသည် ပြဇာတ်၊ ဇာတ်ညွှန်းစာရွက် ကိုကိုင်လျက် အစစအရာရာ သွန်သင်ညွှန်ကြားပေးနေလေသည်။ မြိုင်မြိုင်ဆိုင်ဆိုင်ရှိစေရန် ကြေးနောင်နှင့် ခြောက်လုံးပတ်ဝိုင်းကလေး ကိုပါ ထည့်ထားလေ၏။

"တိန် တိန် နောင် နောင်"

"ပူနိမ့်ပြောင် ဖေထိ ဖေထိ ဂျမ်း"

ခြမ်းပဲ့ဝိုင်းကလေးမှ ပဲ့တင်ရိုက်ခတ်လာသော ဂီတသံများ ကြောင့် ဇာတ်တိုက်ရာနေရာတစ်ဝိုက်ဝယ် စည်ကားနေလေသည်။ သည်အနေအထားပေါ်မူတည်လျက် မုန့်ပဲသွားရည်စာမျှရောင်းချ



www.burmeseclassic.com

www.burmeseclassic.com



သော ခေါင်းရွက်ဗျပ်ထိုးဈေးသည်အချို့ပင် ဆိုင်ခင်းထားလေရာ ပွဲဈေးတန်းကလေးသဖွယ် ဖြစ်ပေါ်လာခဲ့တော့၏။

ပြဇာတ်မင်းသမီး ပျော်ဘွယ်သူမတင်နွဲ့၏ယောကျာ်းဖြစ်သူ ကိုညွန့်တင်သည် ပက်လက်ကုလားထိုင်တွင်မှိန်းရင်း ဇာတ်တိုက်နေသည်ကို ငေးကြည့်နေလေသည်။ ၎င်း၏ဘေးတွင် ကြွေကရား တစ်လုံးနှင့် အကြမ်းပန်းကန်တစ်လုံး။ ပြီးတော့ ဆေးလိပ်ခွက် တစ်ခွက်။

ကြွေကရားအတွင်းမှာတော့ ကိုညွန့်တင်နှစ်သက်သော မီးတောက်အရက်သည် အသုံးတော်ခံရန်အလို့ငှာ တင့်တယ်စွာ စမှာယ်လျက်ရှိ၏။ အကြမ်းပန်းကန်လုံးထဲငုံ့ထည့်ကာ ဂွပ်ခနဲမော့ချ လိုက်ပြီး နှုတ်ခမ်းကိုသပ်ချကာ ဆေးလိပ်တစ်တိုဖြင့် မှိန်းလိုက်မြန် ချေ၏။

"ဟော့ကောင်ညိုကြီး ... လူဆိုးခေါင်းဆောင်လုပ်မယ့် သာဂေါင်ကြီးကော ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ၊ ဒီမှာ သူ့အခန်းကို ဇာတ်တိုက်ရမယ်"

"စောစောလေးကတင် ရှိသေးတယ် ဆရာလှ၊ ကောန္တ ဒီကောင် သွားမော့နေတယ်ထင်ရဲ့"

"ဟာကွာ ... အရေးထဲမှာ၊ သွားခေါ်ကွာ ... သွားခေါ်၊ ဇာတ်ရှိန်ကလေးတက်နေတုန်း ခပ်သွက်သွက် ကလေး အဆင်ချောအောင် ဇာတ်တိုက်မလို့ဟာ၊ ဟွန်း ... အရွယ်က ကြီးနေလို့သာ၊ နို့မို့ရင် ငါကိုယ်တိုင်ဝင်ကြိုး လိုက်ချင်သေး"

www.burmeseclassic.com



ဆြာလှ ဗျစ်တောက်ဗျစ်တောက်လုပ်နေချိန်မှာတော့ ... စုံထောက်လုပ်မည့်ညိုကြီးတစ်ယောက် ဓမ္မာရုံအောက်သို့ ရော... သွားလေပြီ။

"ဟေ့ကောင်ချာတိတ် ... သာဂေါင်ကြီးကို မတွေ့မိဘူးလား"

"တွေ့တယ်၊ တွေ့တယ်၊ ဟောဟို ငှက်ပျောတောထဲ ... ဝင်သွားတယ်ဗျ"

"အေးကွာ ... ကျေးဇူးပဲ၊ ငါသွားခေါ်ရမယ်"

ညိုကြီးလည်း ပရိသတ်ချာတိတ်ကလေးကို ကျေးဇူးတ... စကား...ဗိုပြီး သာဂေါင်ကြီးဝင်သွားသည်ဆိုသော ငှက်ပျောတော... အတွင်းသို့ ဦးတည်လျှောက်သွားလိုက်လေသည်။

တွေ့ပါချေပြီ ...

သာဂေါ...ကြီးသည် ငှက်ပျောဖူးပုလင်းဖြင့်ထည့်ထားသော... သောင်းထွန်းအရက်...ဖိုမှ ထွေးညိုကိုမော့နေလေသည်။

"ဟကောင် ... သာဂေါင်ကြီး ..."

"အယ် ... ညိုကြီးပါလား၊ လာလေကွာ ... ...းနည်းသောက်ချပါလ...း"

...င်ပါဘူးကွာ ... အဝင်ကလဲဆိုး၊ နံကလဲနံပါ

...က်ဘဲကိုးကွ၊ ကြိုက်လို့ကတော့ မွှေးလဲမွှေးနေပါလိမ့်မယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ ... ငါအခုလာတာ ဆြာလှ အခေါ်ခိုင်းလိုက်လို့ မင်းနဲ့မင်းသမီးရဲ့အခန်း ရောက်လာ တော့မယ်၊ လာ ... လာ ..."

"အေးပါ ... လာမှာပါကွာ၊ မင်းတို့က အတွေ့အကြုံ ရှိတော့ မင်းသမီးကို ကိုင်ရဖက်ရမှာမကြောက်ဘူး၊ ငါက တော့ အတွေ့အကြုံမရှိလို့ ရဲဆေးတင်နေရတာ"

"ဒါဆိုလဲ မြန်မြန်မော့ကွာ ... မင်းအခန်းကို အရင် စပြီး ဇာတ်တိုက်မှာတဲ့၊ အဘိုးကြီးက ဂျစ်တိဂျစ်ကန်ကြီး"

"အေးပါကွာ ... သွားနှင့် သွားနှင့်၊ ငါ ခုပဲလိုက် လာခဲ့ပါ့မယ်"

ညိုကြီးထွက်သွားပြီး သိပ်မကြာလိုက်၊ သာဂေါင်ကြီးလည်း ခပ်ထွေထွေဖြင့် လိုက်လာခဲ့ပေသည်။ ဓမ္မာရုံပေါ်ရောက်တော့ ပြဇာတ် ဒါရိုက်တာဆြာလှက ဟန်နှင့်ပန်နှင့်ဆီး၍ပွမ်ပါလေတော့သည်။

"မင်းတို့ကွာ ... တော်တော်ခက်တဲ့ကောင်တွေပဲ၊ လူငယ်သာဆိုတယ် ငါလိုလူကြီးလောက်တောင်မှ သွက် သွက်လက်လက်မရှိကြဘူး၊ အရွယ်ထောက်လို့ပေါ့ကွာ.. မဟုတ်လို့ကတော့ ... ပောဒီဇာတ်လမ်းကို ပြန်ပြင်ပြီး 'ချစ်ပွင့်တစ်ခိုင် ပိုင်ပိုင်ပန်'လို့ခေါင်းစဉ်ပြောင်းပြီး ငါကိုယ်တိုင် မင်းသမီးနဲ့တွဲပြီး သရုပ်ဆောင်လိုက်မယ် ဟွန်း ..."

ဆြာလှ၏ဆူပူမှုအောက်၌ သာဂေါင်ကြီးလည်း ဇက်ကလေး ငိုက်သွားရရှာတော့သည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ... အဟမ်း ... အကောင်သုံးကောင်လုံး သေသေချာချာနားထောင်ကြစမ်း၊ ဒီဇာတ်လမ်းက အကြမ်း အရမ်း၊ အလွမ်းအဆွေး၊ ရောသမမွှေထားတဲ့ဇာတ်ပဲ၊ ဒီဇာတ်လမ်းကိုကြည့်ပြီးတာနဲ့ မင်းတို့အစွမ်းပြနိုင်ရင်ပြနိုင် သလောက် ပရိသတ်တွေ တသသဖြစ်သွားစေရမယ်၊ ဖြစ်ဆို ငါ့ဇာတ်လမ်းက တော်တော်လေးကိုကောင်းနေ တာကိုးကွ၊ ဟဲ ... ဟဲ ... ။

ဒီဇာတ်လမ်းမှာ ကောလိပ်ကျောင်းသားရယ်၊ ရဲ စုံထောက်ရယ်၊ လူဆိုးခေါင်းဆောင်ရယ်က မင်းသမီးကို ယယ်စဉ်ကတည်းက အပြိုင်ပိုးခဲ့ကြတယ်၊ တစ်ဦးစီ,တစ်ဦးစီ မှာက လေးစားချစ်ခင်စရာကောင်းတဲ့အကွက်ကလေးတွေ ရှိနေကြလေတော့ မင်းသမီးအဖို့ ဖူးစာဖက်မယ့်လူကို ရွေးရခက်နေတယ်။

အဲသည်မှာ အပေါင်းအသင်းမကောင်းလို့ တစ်ယောက် က လူဆိုးခေါင်းဆောင်ဖြစ်သွားတယ်။ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေနဲ့ပတ်သက်ပြီး ရဲစုံထောက်က ဖမ်းဆီးရအောင် နောက်ကနေ မျက်ခြည်မပြတ်ထောက်လှမ်းနေတယ်၊ မင်းသမီးခမျာ ကျန်းမာရေးညံ့ပြီး သေကောင်ပေါင်းလဲဖြစ် နေချိန်မှာ လိုအပ်နေတဲ့သွေးကို ကောလိပ်ကျောင်းသားက ဖောက်ထုတ်ပေးပြီး အသက်ကယ်လိုက်တယ်။

တစ်နေ့ ... ရဲစုံထောက်နဲ့ လူဆိုးခေါင်းဆောင်တို့ ထိပ်တိုက်တွေ့တော့မယ့်အခြေအနေ ဖြစ်လာတယ်၊ ရှု



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်မကောင်းတော့ဘူးဆိုတာ လူဆိုးခေါင်းဆောင်က သိထားတော့ နယ်ခြားကိုထွက်ပြေးဖို့ဆုံးဖြတ်ပြီး သူချစ်ရတဲ့ မင်းသမီးကို အတင်းဆွဲခေါ်သွားတဲ့အခါ ရဲစုံထောက်ရောက် လာပြီး အပြန်အလှန်သတ်ကြပုတ်ကြနဲ့ နောက်ဆုံး နှစ် ယောက်စလုံးကြွသွားတယ်''

ဆြာလှက သူစီးရမယ့်ဇာတ်အတွက် ဇာတ်လမ်းစဉ်ကို အကျဉ်းချုပ်ရှင်းပြလိုက်သည်။ 'နှစ်ယောက်စလုံးကြွသွားတယ်'ဆို၍ ညီကြီးနှင့် သာဂေါင်ကြီးတို့မှာ ပခုံးကိုယ်စီတွန့်သွားကြသည်။ ဧရိသတ်သည် ထိုအနေအထားကိုကြည့်၍ တဟားဟား။ ကောလိပ် ကျောင်းသားအဖြစ် သရုပ်ဆောင်မယ့် စိန်သံမဏိမှာမူ ပြိုင်ဘက် နှစ်ယောက်စလုံးကြွသွားပြီဖြစ်သည့်အတွက် ၎င်းတစ်ဦးတည်း ပျော်ဘွယ်သူမတင်နွဲ့၏အချစ်ပန်းကို ပိုင်ပိုင်ပန်ဆင်ရတော့မည် ဖြစ်သည့်အတွက် ရင်ကော့ကာ ပြုံးဖြီးဖြီးကြီးဖြစ်နေတော့၏။

''ငါက ငါ့ဇာတ်ကိုသမားရိုးကျနဲ့ မသိမ်းချင်ဘူး၊ နောက်ဆုံး ကျန်ရစ်ခဲ့တဲ့ကောလိပ်ကျောင်းသားနဲ့ မင်းသမီး ကိုလည်း အကြောင်းတစ်ခုခုပြီး ခွဲရမှာပဲ၊ ပြဇာတ်အဆုံးထိ ကြည့်ပြီးလို့ကတော့ကွာ ... ပရိသတ်ရဲ့မျက်ရည်ဆိုတာ ယောဒီဂွေးတောတစ်ရွာလုံးကို လျှံထွက်သွားစေရမယ်၊ ဘာရမလဲ ... ငါက နာမည့်တစ်လုံးနဲ့ ဂွေးတောရွာ ဆြာလှပဲမဟုတ်လား''

စိန်သံမဏိမျက်နှာကား စောစောပိုင်းက ပြုံးဖြီးဖြီးကြီး ဖြစ်နေသလောက် ရှေ့ဆက်ပြောဆိုသော ဆြာလှ၏စကားကြောင့် ဆီးရွှက်မျက်နှာဖြစ်သွားပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ပြဇာတ်တိုက်မယ်ဟေ့ ... အဆင်ပြေတဲ့ အခန်းကပဲ စတိုက်မယ်၊ လူဆိုးခေါင်းဆောင် သာဂေါင်ကြီး က သူ့အနောက်မှာ ရဲစုံထောက်ညိုကြီးလိုက်နေတာသိလို့ နယ်ခြားကိုထွက်ပြေးဖို့အစီအစဉ်တွေကို တပည့်တွေနဲ့ တိုင်ပင်ကြမယ်၊ ပြီးတာနဲ့ သူအင်မတန်ချစ်ရတဲ့ ချစ်သူ မင်းသမီးကို လက်ဆွဲခိုးယူဖို့ ကြိုးစားတဲ့အခန်း။ ဟေ့ ... ညိုကြီး မင်းလဲ ဘယ်မှမသွားနဲ့ဦးနော်၊ တစ်ဆက်တ ည်း မင်းအခန်းလဲ ဝင်မယ်။

မင်းသမီးက သာဂေါင်ကြီးလက်ထဲက အတင်းရုန်းကန် ထွက်မယ်၊ အင်အားကနဲ့တော့ သာဂေါင်ကြီးလက်ထဲက ရုန်းမထွက်နိုင်ဘူးဖြစ်နေတုန်း ဖြုန်းဆို ညိုကြီးက ရောက် လာ၊ သာဂေါင်ကြီးနဲ့ဖိုက်တင်ချ၊ ပြီးတော့ မင်းသမီးကို လက်ဆွဲခေါ်ထုတ်၊ ကိုင်း ... စမယ်"

ဆြာလှက ဇာတ်ရုပ်တွေကိုကြွလာစေရန် အသေးစိတ် ရှင်းပြပြီး ခြမ်းပဲ့တီးဝိုင်းအား ဗိန်းဗောင်းတီးခိုင်းလိုက်လေသည်။

"ကိုင်း ... သာဂေါင်ကြီး၊ သေနတ်မိုးပေါ်ထောင် ဖောက်ပြီးဝင်လာဟေ့"

"ဟုတ်ကဲ့ ... ဆြာလှ"

ဗိန်းဗောင်းသံကြောင့် ပရိသတ်တွေ ကြွကြွရွရွဖြစ်သွား၏။

"ဖောင်း ... ဖောင်း ..."

သေနတ်ကိုမိုးပေါ်ထောင်လိုက်သည့်အခိုက် မနီးမဝေး ပြောက်အိုးဖောက်ပေးသောကြောင့်လည်း ပို၍ပင်လှုပ်လှုပ်ရွရွဖြစ် သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ဘက်တူရင် လူမရွေးပါဘူး၊ သေးကြော့ရှည် ဝါမရှောင်တဲ့၊ ငွေးတောနေ သာဂေါင် ဆိုတာ ငါပဲဟေ့ ... ကန်တွေ့ရင် ငါးဖမ်းပြီး ရန်တွေ့ရင် အားစမ်းမယ့်သူကွ၊ ဟွန်း ဟွန်း ဟွန်း ... ငါ့နောက်ကနေ လိုက်လိုက်ချောင်းနေတဲ့ စုံထောက်အစုတ်ပလုပ် ... မကြာခင် မင်းဘဝ နိဂုံးချုပ်ရမယ်ဟေ့ ... "

"ဖောင်း ... ဖောင်း ..."

ပြောက်အိုးဖောက်သံနှစ်ချက် ပေါ်ထွက်လာပြန်သည်။ မည်သူ့ကိုပစ်ခြင်း ... မိုးသို့ ... မည်သည့်ကို ... အဆိုပါ ... သဒ္ဒါ ... 

ခဲဆေးတင်ထား၍လားမသိ။ သာဂေါင်ကြီး၏ဟန်အမူအရာ၊ ပြောပုံဆိုပုံ၊ လက်ကျလက်နတို့မှာ သရုပ်ပါလှသည်။ သည့်အတွက် အတိုက်သည်ကိုလာကြည့်ကြကုန်သော ပရိသတ်အပေါင်းမှာ လက်ခုပ်လက်ဝါးတီး၍ အကြီးအကျယ်သဘောကျနေသကဲ့သို့ ဇာတ်ဆရာဆြာလှမှာလည်း ခပ်လှမ်းလှမ်းဆီ၌ ကွမ်းကလေးတမြုံ့မြုံ့နှင့် သဘောကျနေ၏။ သည့်နောက် လူအလစ်တွင် သူ့အတွက် စီမံထားသော ကရားအတွင်းမှ သောင်းထွန်း၏ မီးတောက်အရက်အား အကြမ်းပန်းကန်လုံးထဲ ငှဲ့ထည့်ကာ ဂွပ်ခနဲတွယ်ထည့်လိုက်ပြန်၏။

ထိုစဉ်မှာပင် မင်းသမီးအဖြစ် သရုပ်ဆောင်မည့် ပျော်ဘွယ်သူ မတင်နွဲ့သည် ကျေးလက်လုံမပျိုဒီဇိုင်းဖြင့် နွားနှင်တံကလေးကိုကိုင်ကာ နွားကျောင်းနေပုံသရုပ်ဆောင်ရင်း ပန်တျာတင်တင်မြင့်၏ အမည်ကြီးသီချင်းတစ်ပုဒ်ကို ဟစ်ကြွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောသူတွေမယ် × × အရိုးခံပါကွယ် × × ချစ်တယ် ကြိုက်တယ်ဆိုလာပါတဲ့ ကိုလူညိုထွား × × မြို့ကြီး သားရယ် × × ×

ချစ်လွယ်မုန်းလွယ် × × ကြောက်လှပါတယ် × × မုန်းလွယ်ချစ်လွယ် ကြောက်လှပါတယ် × × မချစ်ဝံ့ ချစ်ဝံ့ မရွံ့မရဲ အသည်းမှာတုန်တယ် × × တောသူလေး မှာတော့ကွယ် × × ×

တောသူဆိုတာ တကယ့်ကိုရိုးတယ် × × ဘာဘာညာ ညာတွေလဲ နားမလည်၊ နှုတ်ခမ်းနီပန်းနီမဆိုးပေါင်× × ရိုးရိုးသားသားနဲ့ × × တို့မှားချစ်ချင်တယ် × × ×

တေးသွားကလေးက မြူးမြူးကြွကြွရှိလှသည်။

ပျော်တွယ်သူမတင်နွဲ့ကလည်း အဆိုပိုင်နိုင်သူ၊ သရုပ်ဆော နိုင်နင်းကျွမ်းကျင်သူပီပီ နားစည်းစိမ်ရှိလှသည့် တေးသီချင်း ဟစ်ကြွေးရင်း တေးသွားအလိုက်အတိုင်း ယိမ်းနွဲ့ပြလေတော့ ကာ သားအပေါင်း၏ရင်ထဲမှာလည်း ရိုးတိုးရွတတွေဖြစ်လာကြသည် ဆြာလှဆိုသကဲ့သို့ပင် ပျော်ဘွယ်သူမတင်နွဲ့သည် ကြွက်ပျင်းတ ကောင်နှင့်မခြား ရွှေပန်းတောမောင်ညွန့်တင်နှင့် အိမ်ထောင်ကျသွ သော်လည်း ခန္ဓာကိုယ်ဖွံ့စည်းမှုအဆောက်အအုံတွေက ဘာတစ် မယွင်းသေး။ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးသည် မီးရောင်စုံမျ အောက်မှာဆိုလျှင် ဘယ့်ကလောက်များ ပရိသတ်ကို ဖမ်းစာ မည်နည်း။

"ကိုင်း ... သာဂေါင်ကြီး၊ မင်းသမီးကို ငွေခွဲမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဆြာလှ"

သာဂေါင်ကြီးလည်း ခြောက်လုံးပြူး တယမ်းယမ်းဖြင့် နှားကျောင်းနေသောမင်းသမီးထံ ရောက်ရှိသွားလေ၏။

"ဟိတ်"

"အမလေး ... လန့်လိုက်တာ၊ ရှင် ... ရှင်"

"မလန့်ပါနဲ့ မိန်းကလေးရယ်၊ မလန့်လိုက်ပါနဲ့၊ မိန်းကလေးလန့်သွားတယ်ဆိုရအောင် ကိုယ့်ရဲ့မျက်နှာက ဖက်ခင်းထားပြီး အနီးစုတ်နဲ့ ကြက်ဟင်းခါးသီးမီးဖုတ်ထားသလိုမျိုးလဲ မဟုတ်ရပါဘူး"

"အို ... ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ပါဘူး၊ ကိုယ့်လမ်းကိုယ်သွားပါရှင်"

"ဘာ ... ဘယ်လို၊ ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ပါဘူး၊ ဟုတ်လား ..."

"ဟုတ်တယ်လေ၊ ပြဒါးတစ်လမ်း သံတစ်လမ်းပဲဥစ္စာ"

"မှားသွားပြီ ... မှားသွားပြီ ... မင်းသိပ်ကိုမှားသွားပြီ မိန်းကလေး၊ တကယ်တော့ ကိုယ်ဟာ မင်းကို အနှစ်နှစ်အလလထဲက ကွယ်ရာကနေ တိတ်တခိုးချစ်မက်နေခဲ့ရသူပါ၊ မင်းဟာ ကိုယ့်ရဲ့အသည်း၊ မင်းဟာ ကိုယ့်ရဲ့အသက်၊ တစ်သည်းမှာတစ်သက်၊ တစ်သက်မှာတစ်သည်းရယ်မို့ ကိုယ်ဟာ မင်းအပေါ်ကလွဲပြီး မျက်နှာလဲ မများခဲ့ပါဘူး မိန်းကလေးရယ်၊ အီနဲ့တွေ့ရင် အီစွတ်၊ မာနဲ့တွေ့ရင် မာမွတ်ဆိုတာမျိုးကိုလဲ သိပ်မုန်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩဘာလှ၏စကားလုံးတွေကလည်း ပြောင်မြောက်ပေလို့လား၊ သာဝေါင်ကြီး၏သရုပ်ဆောင်မှုကပဲ မာန်ပါလို့လားမသိ။ ပြဇာတ်ကိုက်သည်ကိုကြည့်နေကြသူအပေါင်းပင် ဇာတ်လမ်းစဉ်ထဲ၌ နစ်မျောသွားကြလေသည်။ ဩဘာလှသည် သူဆင်ထားသောခွင်၌ မှန်ကန်စွာစီးမျောနေမှုအပေါ် အကျေနပ်ကြီးကျေနပ်နေတော့၏။

"ဒီမယ် မိန်းကလေး ... ကိုယ်ဟာ မင်းအပေါ်ကို အဆိုပ်စာကြည့်ကြည့်နဲ့ အနှစ်နှစ်အလလကတည်းက တိတ်တဆိတ်တွယ်တာနေခဲ့ရသူပါ၊ မင်းရဲ့မေတ္တာပန်းကို ဆွတ်လှမ်းဖို့ကြိုးစားနေကြသူတွေထဲမှာ ကိုယ်ဟာ အင်အားအငယ်ဆုံးပါ။ ဂုဏ်တွေ၊ ဒြပ်တွေ၊ ပညာအရည်အချင်းတွေဆိုတာလဲ ချို့ငဲ့ရပါတယ်၊ ပြီးတော့ မတော်မတရားတွန်းပို့လာတဲ့ စကားမပြောတဲ့လောကကြီးကြောင့်ပဲ အမှောင်ထုထဲ ရောက်ခဲ့ရတယ်"

"အို ... ဘာတွေပြောနေတာလဲ၊ ကျွန်မ နားမလည်တော့ဘူး၊ သွားပါတော့ရှင် ... ကျွန်မ တောင်းပန်ပါတယ်"

"မင်း အခုနားမလည်ရင် နောက်တော့နားလည်သွားမှာပါ"

"ဘာကိုနားလည်ရမှာမို့လို့လဲ"

"ငါ့ရဲ့အချစ်လေ၊ ငါ့ရဲ့အချစ်ပေါ့၊ ငါ့ရဲ့အချစ်နဲ့ အရာရာကို အကောင်းအတိုင်းဖြစ်စေဖို့အတွက် မင်း ငါနဲ့တစ်ပါတည်းလိုက်ဖို့ လာပြီးဆောင်ကြဉ်းတာပဲ"

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို . . . လွှတ် . . . လွှတ် . . ."

သာဂေါင်ကြီးက မင်းသမီးလက်ကိုဆွဲမည့်ဟန်ပြင်သည်။ တကယ့်တကယ်ကျ အတွေ့အကြုံမရှိသဖြင့် လက်တွေတုန်၊ ဒူးတွေတုန်နေတော့၏။ သည့်အတွက် လက်ဆွဲရမည့်အခန်းတွင် တောင့်တောင့်ကြီးဖြစ်ကာ လူဆိုးခေါင်းဆောင်ဆိုသည့်ဂုဏ်နှင့် အံမဝင်တော့ဘဲ အသက်မပါသလိုချည်းဖြစ်နေတော့၏။ သည့်အတွက် ပရိသတ်ထံမှ တဝါးဝါး,တဟားဟားရယ်သံများ ပေါ်ထွက်လာလေသည်။

"ဟေး . . . ရပ် . . . ရပ် . . ."

ဆြာလှထံမှပေါ်ထွက်လာသောအသံ။ ဆြာလှသည် အရှိန်ကလေးတင်ထားသည်မို့ ဇာတ်ခွင်အလယ်သို့ဝင်လာသည်။

"ဟော့ကောင် သာဂေါင်ကြီး . . . မင်း ဘယ်လိုဖြစ်နေတာလဲ၊ တစ်လျှောက်လုံးမောင်းတင်ဒေါင်းတင်လာခဲ့ပြီးမှ မင်းသမီးလက်ဆွဲတဲ့အခန်းကျ ဘာဘယ်လိုဖြစ်ရတာတဲ့လဲ"

"ကျွန် . . . ကျွန်တော် . . . မှားသွားမှာစိုးလို့ ထိန်းနေရတာနဲ့ သည်လိုဖြစ်သွားရတာပါ"

"ကိုင်း . . . ဒါဆို ဟောဟိုဒေါင့်ခဏသွားထိုင်ပြီး ကြည့်နေ၊ အဲသည်အခန်းကို ငါကိုယ်တိုင်သရုပ်ဆောင်ပြမယ်၊ သေသေချာချာကြည့်ထား . . ."

"ဟုတ်ကဲ့ . . . ဆြာလှ"

သာဂေါင်ကြီးလည်း ဆြာလှသရုပ်ဆောင်ပြမယ့်အကွက်များကိုကြည့်ရှုရန် ဒေါင့်တစ်နေရာသို့သွားပြီး ထိုင်လိုက်သည်။ ဤတွင် ညိုကြီးက အနားသို့ကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သာဂေါင်ကြီး ... "

"ဘာလဲကွ ညိုကြီးရ ... ဒီမှာရဲဆေးအရှိန်ကျသွားလို့ စိတ်ညစ်နေရတဲ့အထဲ၊ ခုနေကွာ ... နည်းနည်းလေး လောက်ထပ်တင်လိုက်ရရင် အိုကေမှာ စိုပြည်သွားမှာ အမှန်ပဲ"

"မပူနဲ့၊ ဆြာလှခွက်ပုန်းကစ်နေတဲ့ ကရားအိုးထဲမှာ အပြည့်အရှိတယ်၊ ငါလဲ နည်းနည်းလောက်ခိုးပြီးကစ်နေ တာ၊ အဲဒါ မင်းကစ်မလား"

"ဟာ ... ဟုတ်လား၊ ထည့်ကွာ ... မြန်မြန် ထည့်"

"ကဲ ... ကဲ ... ရော့"

သာဂေါင်ကြီးလည်း ညိုကြီးလှမ်းပေးသည့် အကြမ်းပန်းကန် လုံးကို နှုတ်ခမ်းတွင်တေ့ကာ ဆတ်ခနဲမော့ချလိုက်သည်။

"အားပါး ... လည်ချောင်းတစ်ခုလုံး ပူဆင်းသွားတာ ပါပဲလား၊ ဟား ... တယ်လဲကောင်းတဲ့အရက်ကွာ"

"ငါလဲ မသောက်ဖြစ်တာကြာပြီ၊ ခုမှ မင်းကြည့်ပြီး ငါလဲ ရဲဆေးတင်ဖို့လိုတာမို့ နည်းနည်းလောက်ကစ်ဖြစ် သွားတာ၊ ဒါပဲနော် ... မင်းနဲ့ငါ ဖိုက်တင်ပလေးကြရင် ခါးအောက်ပိုင်းကိုမကန်ကြေးနော်"

"စိတ်ချပါကွာ ... ကဲ ... နည်းနည်းလောက်ထပ်ငှဲပါဦး"

နည်းနည်း,နည်းနည်းနှင့် ဖြိုထည့်လိုက်သည်မှာဆြာလှ ကရားအတွင်းမှ 'ရှင်လန်းရည်'တို့ တက်တက်ပြောင်ပါပကော။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာတော့ ဆြာလုသည် ၎င်း၏အသက်အရွယ် ကိုပင်မေ့လျက် လူဆိုးခေါင်းဆောင်အသွင်ကူးပြောင်းကာ မင်းသမီး၏ လက်ကိုဆွဲလေ၏။ မင်းသမီးက ရုန်းကန်၏။ ဤတွင် နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်ဆိုသလို မင်းသမီးကို ဆတ်ခနဲပွေ့၍ ပြေးဟန်ပြု၏။ မင်းသမီးကလည်း ခြေကားယား,လက်ကားယားဖြင့် အတင်းရုန်းကန်နေလေရာ ပုဆိုးခိုင်ခိုင်မဝတ်ထားလေသည်မို့ ဆြာလု ခမျာ ပုဆိုးကွင်းလုံးကျွတ်သွားလေတော့သည်။

"ရှီး ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဝါး ဟား ဟား ဟား"

"ဟေး ... ပီပြင်တယ်ကွ၊ ပီပြင်တယ်၊ ဆြာလုပဲ သရုပ်ဆောင်ပါတော့ဗျို့"

BURMESE CLASSIC

ပရိသတ်အော်ဟစ်အားပေးသံများကြားဝယ် ဆြာလုခမျာ မျက်နှာဘယ်လိုထားရမှန်းမသိ ဖြစ်နေလေတော့၏။

တော်ပါသေး၏။ အောက်ခံဘောင်းဘီရှိပေလို့။

နို့မဟုတ်၍ကာမူ .... ရပ်ကျော်ရွာကျော်ဖြစ်ပေလိမ့်ဦးမည်။

ထိုအချိန်ဝယ် မင်းသမီးလင် ကိုညွန့်တင်ခမျာ သောက်စရာ အရက်ပြတ်သွား၍ ဖိမ်ပျက်သလိုဖြစ်ရင်း ဆေးပေါ့လိပ်ကိုသာနင်း၍ နေမိတော့၏။

"ကိုင်း ... ငါသရုပ်ဆောင်ပြတာ မြင်တယ်မဟုတ် လား သာဂေါင်ကြီး"

"မြင်ပါတယ် ဆြာလု"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်မဟုတ်လား သာဂေါင်ကြီး"

"တွေ့ပါတယ် ဆြာလှ"

"ပီကောပီပြင်တယ်မဟုတ်လား သာဂေါင်ကြီး"

"ပီပြင်ပါတယ် ဆြာလှ"

"ကိုင်း ... ဒါဖြင့် ဆရာမပြရင် ငါးပိဖုတ်တာတောင် နည်းလမ်းမကျဘူးတဲ့ကွ၊ မင်းရှေ့မှာတင် သေသေချာချာ သရုပ်ဆောင်ပြပြီးပြီ၊ လုံးဝမကြောင်နဲ့၊ မမှားစေနဲ့၊ မင်း သရုပ်ဆောင်တာနဲ့တစ်ဆက်တည်းဆိုသလို ဟိုကောင် ညီပုကြီး ..., မင်းလဲဝင်ရမယ်၊ ဟုတ်ပလား"

"ဟုတ်ကဲ့ ဆြာလှ"

BURMESE CLASSIC

"ကိုင်း ... တီးဝိုင်းက ဗိန်းဗောင်းပြန်တိုက်ပေးဦး"

ဆြာလှညွှန်ကြားသည့်အတိုင်း ခြိမ်းပဲ့တီးဝိုင်းမှ ဗိန်းဗောင်း သံ ပေါ်ထွက်လာလေသည်။ ဆြာလှလည်း မောသွားလေသည့် အတွက် အမောပြေချရန် ကရားအိုးကိုငှဲ့လိုက်သည်။

"ဟင် ... အရည်တွေဘယ်ရောက်သွားပါလိမ့်"

ဒူဝင်ရောက်သရုပ်ဆောင်မပြခင်ကတည်းက ဣန္ဒြေသမ္ပတ္တိ အပြည့်ဖြင့် ကိန်းအောင်းစမ္ပာယ်နေခဲ့လေသော ဦးရေတို့သည် ဘယ်ကိုများအငွေ့ပျံကာ ပျောက်ကွယ်သွားရပါလေသနည်း။

"တောက် ..., ဒါ တစ်ကောင်ကောင်ရဲ့လက်ချက် တော့ ဖြစ်မှာအမှန်ပဲ၊ မဟုတ်မှလွဲရော ... သာဂေါင် ကြီးပဲဖြစ်မှာပါ၊ ဟင်း ဟင်း တွေ့ကြသေးတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ကလေးရနေတုန်း တန့်သွားရလေသည့်အတွက် ဩာလုခမျာ အကြီးအကျယ် ဒေါသီးရချေ၏။ ထိုအချိန်မှာတော့ ရိသတ်၏အာရုံသည် သာဂေါင်ကြီးနှင့် ပျော်ဘွယ်သူမတင်နွဲ့တို့ အပေါ်သို့ ကျရောက်လျက်ရှိတော့သည်။

"လွှတ်နော် ... လွှတ် ... လွှတ် ..."

ဇာတ်ဝင်ခန်းအရ မင်းသမီး၏လက်ကို လူဆိုးခေါင်းဆောင် သာဂေါင်ကြီးက ရဲဆေးတင်ထားသောအရှိန်ဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီးကို ဆွဲကိုင်ပြီးလေသည့်နောက် အတင်းကာရောဆောင့်ဆွဲလိုက်ရာ မင်းသမီးလည်း အရှိန်ဖြင့် သာဂေါင်ကြီး၏ရင်ခွင်ထဲ ရောက်သွား သတော့သည်။ ထိုအခါ သာဂေါင်ကြီးသည် မင်းသမီးကို ပွေ့ဖက် ထားပြီး ကျောပြင်ကိုပင် ပွတ်သပ်ပေးနေပြန်ပါသေးတော့ ..

BURMESE CLASSIC

သည်ဖြစ်ခင်းကိုမြင်တွေ့လိုက်သည့်သမယ အရက်ဆာနေ သော ရွှေပန်းတောမောင်ညွှန့်စာင်မှာ အံကိုကြိတ်နေလေတော့၏။

"လွှတ်နော် ... လွှတ်၊ ကျွန်မ အော်လိုက်မယ်"

"မလွှတ်ဘူး၊ မလွှတ်နိုင်ဘူး၊ ကြိုက်သလိုအော်၊ ကြိုက်သလောက်အော်၊ ဒီကောင်က အချစ်တစ်ခုရဲ့မျက်နှာ နဲ့ ကမ္ဘာကြီးတစ်ခုလုံးကို ရင်ဆိုင်ပစ်လိုက်မယ်၊ ချစ်၍ ခေါ်ရာကို လိုက်တော်မူစမ်းပါငဲ့ မိန်းကလေးရယ် ..."

သို့ကလိုပြောဆိုပြီး မင်းသမီးကို ပက်လက်အနေအထား ထိုင်းပင့်ရမည့်အစား ပခုံးပေါ်ထမ်းတင်လိုက်ချေသည်။ မင်းသမီး သာ သာဂေါင်ကြီး၏ပခုံးပေါ်တွင် မှောက်ခုံကြီးဖြစ်လျက် တကားကား ခြေကားယား၊လက်ကားယား။ သည်တော့ မင်းသမီးပြုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



မသွားစေရန် မင်းသမီး၏ တင်သားလုံးကျစ်ကျစ်၊ အိတုံတုံကလေးကို လက်နှစ်ဘက်ဖြင့် ပွေ့ပိုက်ထားလိုက်ပြန်တော့သည်။

"ဖောင်း ... ဖောင်း ..."

ပြောက်အိုးဖောက်သံနှစ်ချက် ထွက်ပေါ်လာပြန်သည်။ ထိုအသံနှင့်အတူ ရဲစုံထောက်အဖြစ် သရုပ်ဆောင်မည့် ညိုကြီးလည်း ပစ္စတိုတစ်လက်ဖြင့် ဇာတ်ခွင်အတွင်း ဝင်လာလေသည်။

"ဟေ့ ... ကောင်မလေးကိုချလိုက်စမ်း၊ အခုချလိုက်စမ်း။ ပြောတဲ့အမိန့်ကို မနာခံလို့ကတော့ ဟောဒီငါ့ရဲ့လိမ္မော်ရောင်မီးကျည်ပွင့်ကလေးတွေရဲ့ ကျီစယ်မှုအောက်မှာ မျက်နှာမသစ်ရဘဲဖြစ်သွားလိမ့်မယ် ကိုယ့်လူ"

"ဟား ဟား ဟား ... ဒီမှာရဲစုတ်၊ ကိုယ့်ကိုကိုယ်ပြည်သူ့ဘက်တော်သားဆိုတဲ့စကားလုံးနဲ့ သွေးနားထင်ရောက်မနေနဲ့၊ သားရဲတောကိုမကြောက်လို့ ဆူးခင်းလမ်းပေါ်လျှောက်နေတဲ့ကောင်ကွ"

"ရာဇဝင်ဘောဆိုတာ ပြေးမလွတ်ပါဘူးကွာ၊ လက်နက်ချ အဖမ်းခံလိုက်စမ်းပါ"

"ဟား ဟား ဟား 'ရယ်ချင်လိုက်တာ ဖပ်ဖပ်မော၊ ရင်ဘတ်နောက်က ကျော' တဲ့၊ ဝေးသေးတယ်၊ ဝေးသေးတယ်၊ ငါ့အသက်ကို လက်နက်နဲ့အတူ အပါခေါ်သွားမယ်ဟေ့၊ ကိုင်း ... သတိသာထားရှောင်ပေတော့ ရဲစုတ်ရေ"

"ဖောင်း ... ဖောင်း ..."

"ဖောင်း ... ဖောင်း ..."



www.burmeseclassic.com

www.burmeseclassic.com



မြောက်အိုးဖောက်သံများ မိုးလုံးညံသွားသည်။ သာဂေါင်ကြီးခမျာ ဇာတ်ဝင်ခန်းအရ လက်မောင်းထိသွားသဖြင့် မင်းသမီးကိုခုံးပေါ်မှချလိုက်ရသည်။ သည်တွင် ရဲစုံထောက်ညိုကြီးလည်းမင်းသမီးဆီ အပြေးသွားကာ လက်ကိုဖမ်းဆွဲလိုက်ရင်း . . .

"လာ . . . ညီမလေး၊ ဘေးလွတ်ရာကိုရှောင်နေ၊ ရာဇဝင်တွင်အောင်မိုက်ကန်းနေတဲ့လူဆိုးတွေဆိုတာ မေတ္တာသစ္စာကို နားလည်ကြတာမဟုတ်ဘူး။ လာ . . . ညီမလေးကို အစ်ကိုကြီး ဘေးလွတ်ရာပို့ပေးမယ်"

"ကျေး . . . ကျေးဇူးတင်လိုက်တာရှင်"

"မှန်း . . . ညီမလေးကို ဘယ်တွေများထိသွားသေးသလဲ"

ပြောပြောဆိုဆိုနှင့်ပင် မင်းသမီးကို ရင်ခွင်ထဲ ဆွဲသွင်းကာ ပွေ့ဖက်ထားပါလေတော့သည်။

"ညီမလေးကိုမြင်ရတော့ အစ်ကို့ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းကိုမသိတော့ဘူး၊ ကာလအတန်ကြာ ကွဲကွာနေတဲ့ချစ်ညီမလေးကို မမျှော်လင့်ဘဲ ရုတ်တရက်ပြန်တွေ့လိုက်ရသလိုပါပဲကွယ် . . . "

ပြဇာတ်ထဲ၌မပါဝင်သောစကားလုံးများကို ထည့်သွင်းပြောကြားရင်း မင်းသမီးကိုမလွှတ်ဘဲ ဖက်ထားလေရာ ခြာလှလည်းဇာတ်ညွှန်းဖိုင်ကိုပြန်ကြည့်ရင်း ဒေါ်အကြီးအကျယ်ပွနေလေတော့သည်။ သည်အခိုက် မင်းသမီးလင် ကိုညွှန့်တင်၏အသံက ကျယ်လောင်စူးရှစွာ ပေါ်ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောလူတွေ ... တော်ကြပါတော့၊ တော်ကြပါတော့၊ ကျုပ်မိန်းမပျော်ဘွယ်သူကို ခင်ဗျားတို့ငွေးတောမှာ ဘယ်လောက်ပဲကြေးထော,ကြေးထော မကာခိုင်းတော့ဘူး။ ခင်ဗျားတို့ပေးထားတဲ့စရန်ငွေကို ခုပဲပြန်အမ်းမယ်"

ရွှေပန်းတောကိုညွန့်တင်၏စကားကြောင့် ဇာတ်သရာဆြာလှ အပါအဝင် သရုပ်ဆောင်များမှာလည်း လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ထိုအခါ ဆြာလှလည်း ဖိုင်တွဲကြီးချလျက် ကိုညွှန့်တင်ရှိရာကို လျှောက်လာသည်။

"ဒီလိုလဲမလုပ်လိုက်ပါနဲ့ မောင်ညွှန့်တင်ရာ ... မင်းနဲ့ငါဆိုတာ အပြန်အလှန်ကျေးဇူးခံကျေးဇူးစားတွေဆိုတာ ပြောနေဖို့မလိုပါဘူး၊ ငါရေးတဲ့ ငါတင်တဲ့ ဟောသည်ပြဇာတ်မှာ မင်းမိန်းမ မပါလို့ကတော့ ကြည့်မယ့်လူတောင်ရှိမှာမဟုတ်တော့ဘူး။ သည်တော့ ငါ့မျက်နှာကိုထောက်ဆလို့ သည်းခံခွင့်လွှတ်ပေးပါ မောင်ညွှန့်တင်ရယ်"

"ဘာ ... သည်းခံရမယ်၊ ဟုတ်စ၊ တကယ်လဲ ကျွန်တော့်ရဲ့တိုနာရောဂါကို ကုပေးခဲ့တဲ့အတွက် သည်ရွှေသည်မျှလောက်ထိ သည်းခံနေတာပါ ဆြာလှရဲ့။

ခုဟာက လွန်ကိုလွန်လွန်းတယ်၊ ဆြာလှအပါအဝင် ညီညွှန့်ကြီးရယ်၊ သာဂေါင်ကြီး သုံးယောက်စလုံးဖက်လိုက်ကြတာ ဖွတ်ဖွတ်ညက်ညက်ကိုကျေနေပြီ၊ ဒါတောင်.. ကောလိပ်ကျောင်းသားလုပ်မယ့် စိန်သံမဏိဆိုတာ မပါသေးဘူး။ သည်ကောင်လဲ ကျုပ်မိန်းမကို အလွတ်မပေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



အဖက်ကြီးဖက်မယ့်ကောင်ပဲ၊ ခု သုံးယောက်နဲ့တောင် ကျုပ်မိန်းမ လှျာထွက်နေပြီ၊ လေးယောက်ဆိုရင် အသက် တောင်ပြန်ပါလာပါ့မလားမသိဘူး၊ တော်ပါပြီဗျာ ... တော်ပါပြီ ... ''

အခြေအနေက စေ့စပ်ညှိနှိုင်းမရလောက်အောင် ဆိုးရွားပါပြီ။ ကိုညွန့်တင်ကလည်း စရန်ငွေပြန်အမ်း၍ မြန်မယ်ချည်း ...နေ၍ အားလုံးလည်း ခေါင်းမီးတောက်နေပေပြီ၊ ဤသို့ သံတမန် ...လမ်းဖြင့် ဝင်ရောက်လာသူမှာ ငွေးတော်ရွာကာလသားခေါင်း ...အေးပေတည်း။

• ''အစ်ကိုကြီးကိုညွန့်တင်ကို အားလုံးရဲ့ကိုယ်စား ကျွန် တော်ကပဲ တောင်းပန်ပါတယ်ဗျာ၊ စိတ်ချပါ ... မင်း သမီးကို ဇာတ်ဝင်ခန်းအရ ပွေ့ဖက်ကြတဲ့အခါ လိုအပ်တာ ထက် မပိုစေရပါဘူးလို့ အားလုံးရဲ့ရှေ့မှာ ကတိပေးကြ မှာပါ။

ဟော့ ... ညိုကြီးတို့၊ သာဂေါင်ကြီးတို့၊ စိန်သံမဏိ တို့ ကြားကြတယ်နော်''

''ကြားပါတယ် ကြားပါတယ် ... လိုအပ်တာထက် ကျွန်တော်တို့ မဖက်ပါဘူး''

အားလုံးက ဝိုင်း၍ဝန်ခံကတိပြုကြသည်၊ ဤတွင် သာဂေါင် ...ကား ထပ်ကွန့်လိုက်ပြန်ပါသည်။

''အစ်ကိုညွန့်တင်ရာ ... ကျွန်တော်က အစ်မမစာင်နွဲ့ ကို ပွေ့ဖက်ဖို့မပြောနဲ့၊ လက်တောင်ဆွဲဖို့ရာ အစ်ကိုမြင် တယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲ ... ဒါကိုသရုပ်ဆောင်မပီဘူးဆိုပြီး ဇာတ်ဆရာ ဆြာလုက ဦးဆောင်ပြီး ကြမ်းပြ၊ ရမ်းပြ၊ အစွမ်းပြလေတော့ ကျွန်တော်လည်း ဆြာလုညွှန်ကြားတဲ့အတိုင်းလုပ်လိုက်လို့ ခုလိုဖြစ်ရတာပါ'',

''ဟာ ... ဟော့ကောင်''

ဆြာလုလည်း မျက်နှာကြီးတစ်ခုလုံး နီရဲသွားပြီး သာကေ ကြီးအား လှမ်း၍ဟန့်လိုက်ရချေသည်။

''ကိုင်း ... သည်တော့ အစ်ကိုညွှန့်တင်အနေနဲ့ ကျွန်တော်တို့ရဲ့ငွေးတောရွာကလေး ပျော်ပျော်ရွှင်ရွှင် စည် စည်ကားကားဖြစ်ပါစေလို့ စေတနာထားလိုက်ပါ။

အဲ ... ကျွန်တော်တို့ဘက်ကလဲ စိတ်ကောင်းနှလုံး ကောင်းရှိတဲ့ အစ်ကိုညွှန့်တင့်ကို စိတ်တိုင်းကျပြုစုပါ့မယ်၊ ဟော့ ... ကျွဲသိုး၊ ဒီကိုလာစမ်း''

ကာလသားပေါက် ကျွဲသိုးလည်း ဖိုးအေးရှိရာ လျှောက်လာ ခဲ့လေသည်။

''ရော့ ... ငါ့ဆီက ပိုက်ဆံယူသွား၊ သောင်းထွန်းရဲ့ ဖိုက ဦးရေသုံးလုံးလောက်ဆွဲလာခဲ့၊ အဲ ... ဆြာလုဖို့လဲ တစ်လုံးထပ်ဆွဲခဲ့၊ ပြီးရင် ငါ့အိမ်ကိုဝင်၊ အိမ်မှာ ကြက်သား ဟင်းချက်ထားတယ်၊ အစ်ကိုညွှန့်တင်မြည်းရအောင်အသည်း အမြစ်တွေ၊ တောင်ပံတွေ၊ ကြက်ခေါင်းနဲ့ ခြေထောက်ရိုး တွေပါ ချိုင့်နဲ့ထည့်လာခဲ့ကွာ ... နေဦး ... စီးကရက် တစ်ဘူးပါ ဆွဲလာခဲ့ချေ''



www.burmeseclassic.com

www.burmeseclassic.com



သည်လိုမျိုး ဖိုးအေးမှ တစ်ဖက်လှည့်ချူဆီထည့်ပြီး စည်းရုံးလိုက်လေတော့ မင်းသမီးလင် ရွှေပန်းတောကိုညွန့်တင်လည်း ငြိမ်ကျသွားလေတော့၏။

ငြိမ်သမှ ဘယ်လောက်ထိငြိမ်သလဲဆိုလျှင် ထိုည၌ အမူးကြီးမူးပြီး ပက်လက်ကုလားထိုင်၌ တခေါခေါဟောက်သွားသည် အထိပင်။

သည်တော့မှ တစ်ညလုံးလိုလို ခြောလှအပါအဝင် စိန်သံမဏိ၊ ညိုကြီးနှင့် သာဂေါင်ကြီးတို့ ဇာတ်ဝင်ခန်းနှင့်လိုက်လျောညီထွေစွာ ပျော်ဘွယ်သူမတင်နွဲ့အား အားပါးတရလက်ဆွဲလိုက်၊ ပွေ့ဖက်လိုက် လုပ်ကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ဝတ်စုံကလေးရဲ့ဇာတ်လမ်းစဉ်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်တိုင်ပွဲတော်ကြီးသို့ ရောက်ရှိတော့မည်။

မီးထွန်းပွဲနှင့် ပျော်ပွဲရွှင်ပွဲရက်မတိုင်မီ ရှာဦးကျောင်း၌ ကထိန်သင်္ကန်းကပ်ကာ ကထိန်ခင်းကြသည်။ သည့်အတွက် ရန်ကုန်မှ ကြီးတော်ဒေါ်ခင်ထွားတို့မိသားစုသည် ငွေးတောရွာသို့ ရောက်ရှိနေကြလေသည်။

ကြီးတော်ဒေါ်ခင်ထွားသည် ဝိဇ္ဇာမဟာဒ္ဒိုဆြာလှ၏ညီမဖြစ်၏။

ရန်ကုန်သားနှင့်အကြောင်းပါပြီးသကာလ ငွေးတောသူအဖြစ်မှ ရန်ကုန်သူဖြစ်သွားခဲ့လေပြီ။ ဒေါ်ခင်ထွား၏ခင်ပွန်းက ကိုယ်ပိုင်ကားဝပ်ရှော့ထောင်ထားသူမို့ စီးပွားရေးအဆင်ပြေသည်။ ရွှေတွဲလွဲ၊ ငွေတွဲလွဲ၊ စိန်တွဲလွဲနှင့်။ သားသမီးကလည်း မထွန်းကားလေတော့ ဖြူမသာ ရန်ကုန်ကိုလိုက်နေမည်ဆိုလျှင် အမွေစားအမွေခံသားသမီးအဖြစ် မွေးစားဖို့ရန်ပင် လင်မယားနှစ်ယောက်စလုံး ဆုံးဖြတ်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူမအဖို့ ငွေးတောရွာကလေးကိုချစ်သလို၊ ဖခင်ကြီးနှင့်လည်း မခွဲခွာလိုပါ။ သည်ကြားထဲ နှလုံးသားက စကားပြောလာသည့်အခိုက် ဖိုးအေးအပေါ်တွင် စုံမက်နှစ်သက်ခဲ့ပြီမို့ သူမ၏ဘဝကို ငွေးတောရွာတွင်သာ နှစ်မြှုပ်ဖို့ရန် ဆုံးဖြတ်ထားခဲ့လေသည်။

သို့ရာတွင် . . . အဘက လူတစ်မျိုး။

ဘယ်ရှေးအတိတ်ဝေတုန်းက ရေစက်ကြောင့်လောမသိ။ ဖိုးအေးအပေါ် မျက်စိစပါးမွေးစူးနေလေတော့ အခက်သား။ ပြီးတော့ ငွေးတောရွာသားနှင့် အိမ်ထောင်ရက်သားကျသွားပါက လူမွေးလူရောင်မပြောင်းဟု ထင်မှတ်ထားခဲ့သည်။

သည်ရက်တွေမှာ ကြီးတော်ဒေါ်ခင်ထွား ရောက်လာလေသည့်အတွက် ဖြူမခမျာ လျှော်ရဖွပ်ရ၊ ချက်ရပြုတ်ရနှင့် ဖယ်ဆက်အောင်အလုပ်တွေများနေရှာသည်။ ဖခင်ဖြစ်သူ ဝိဇ္ဇာမဟိဒ္ဓိဆြာလှမှာလည်း ၎င်း၏ရှေ့ပိုင်းစင်တင်ပြဇာတ်နှင့် နောက်ပိုင်းဇာတ်အတွက် အိမ်သို့ပင်မကပ်နိုင်ရှာခဲ့။

"ဘယ်လိုလဲ ဆြာလှ . . . ငွေးတောရွာဇာတ်ပွဲအတွက် ကိုယ်တိုင်ဦးစီးပြီး စီစဉ်နေရတာ တော်တော်ကလေး မောနေရှာပြီထင်ရဲ့"

"မောတော့မောတာပေါ့ ကိုရွှေကျီးရယ် . . . အခုဟာက လူငယ်ကြိုက် ခေတ်ပြဇာတ်တင်မကဘူး၊ နောက်ပိုင်း ဇာတ်ထုပ်ကိုပါ တင်ဆက်ရမှာဆိုတော့ ပင်ပန်းတာပေါ့လေ၊ ဒါပေမယ့် . . . ကိုယ့်ရပ်ကိုယ့်ရွာ ပျော်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ရွှင် စည်စည်ကားကားဖြစ်မယ့်အရေးအတွက် ပင်ပန်းခဲ့ပေမယ့်လည်း ပင်ပန်းရကျိုးနပ်ပါတယ်ဗျာ"

"ဒါထက် ... နောက်ပိုင်းတင်ဆက်မယ့်ဇာတ်ထုပ်က ဘာတဲ့လဲဆြာလှ"

"ခင်ဗျားတို့ ကျုပ်တို့ လူကြီးသူမတွေအကြိုက် 'တောင်ပြုံးမင်းညီနောင်'ဇာတ်ထုပ်ကို တင်ဆက်မလို့"

"ကောင်းလိုက်တာဆြာလှရယ် ... နေရာကောင်းကကိုယူပြီး မိုးလင်းတဲ့အထိ စိတ်ရှည်လက်ရှည်နဲ့ကို ကြည့်ပစ်လိုက်မယ်ဗျို့ အင်း ... အိပ်ချင်ပြေ လက်ဖက် ကလေးဘာကလေးလဲ အိမ်က အသွားကြီးကို စီစဉ်နိုင်ရမယ်၊ ကျုပ်က တောင်ပြုံးမင်းညီနောင်မှာ မရွှေဥကို ကျားဝင်ချီတဲ့အခန်းကို သိပ်ကြိုက်တာဗျ၊ အဲသည်အခန်းအတွက် ဇာတ်ဆောင်တွေကော စီစဉ်ပြီးပြီလား၊ ကိုယ့်ဇွေးတောရွာသားတွေနဲ့တော့ မဖြစ်ဘူးထင်တယ်"

"သေချာတာပေါ့ ကိုရွှေကျီးရယ်၊ မရွှေဥလုပ်မယ့်သူကတော့ ခင်ဗျားတို့အကြိုက် ပျော်ဘွယ်သူမတင်နွဲ့ပဲပေါ့၊ မရွှေဥကိုချီမယ့်ကျားရဲ့ဇာတ်ဆောင်ကတော့ မတင်နွဲ့ကခဲ့တဲ့ ဇာတ်က 'အောင်လံတော်ဗေထိ'ဆိုတဲ့ ဇာတ်သမားတစ်ယောက်ပါ၊ မတင်နွဲ့တို့အကူအညီနဲ့ အောင်လံတော်ဗေထိ ကို ချီကောက်ပေးပြီးငှားထားတာ၊ သည်ညနေဆို ရောက်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ဘုန်းကြီးကျောင်းသွားလိုက်ဦးမယ်ဗျို့၊ ...င်ဖျားညီမ မခင်ထွားတို့လာကြတာတော့ သိတယ်၊ ဒါပေ ...ယ့် မဆုံဖြစ်ကြသေးဘူး၊ ဘုန်းကြီးကျောင်းမှာပဲ ရှိလိမ့် ...ယ်ထင်တယ်"

"ဟုတ်မယ် ... ဟုတ်မယ် ... ကျောင်းကိုသွားလျှို့ ...မ်မှာ သူတို့ပြင်ဆင်နေကြတာတော့ တွေ့တယ်"

ထိုအချိန်မှာပင် ရွာထဲတစ်နေရာမှ ဒိုးပတ်သံများ ပေါ်ထွက် ...သည်။ ဒါဆိုလျှင် လူငယ်တွေစုပြီး ဘုန်းကြီးကျောင်းသို့ ...လှည့်ပြီး ပစ္စည်းများပို့ကြခြင်းဖြစ်လိမ့်မည်။

ငွေးတောရွာတစ်ရွာလုံးသည် တကယ့်ကို စည်စည်ကား

နောက်နေ့မနက်ကျလျှင်ဖြင့် ရွာလုံးကျွတ်မီးခိုတိတ် ထမင်း ...ောင်နိုင်ရန်အတွက် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ အချက် ...ပ်အဖွဲ့က ခွေးတာလုံးလုံးဖြင့် စုပေါင်းချက်ပြုတ်နေကြသည်။ ...သို့ကျွေးမွေးရာဝယ် ငွေးတောရွာတစ်ရွာတည်းအတွက်သာ ...တ် ရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်အပေါင်းပါ လုံလောက်စွာ ...ောက်နိုင်ကြစေရန်အတွက် ချက်နေပြုတ်နေကြလေသည်။

မိန်းကလေးတွေက ဆန်ကို စပါးလုံးစင်၊ ခဲသလဲစင်အောင် ...ယ်ခြင်း၊ ကြက်သွန်နွှာခြင်း၊ ငါးကိုင်ခြင်း၊ ငရုတ်သီးထောင်း ...ဟင်းရွက်များသင်ခြင်း၊ ဟင်းသီးဟင်းရွက်များကိုလှီးဖြတ်ခြင်း ...ပ်ဆောင်နေကြသလို ယောကျ်ားလေးတွေက လိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ရေများကို ထမ်းပေးကြခြင်း၊ ထင်းခွဲခြင်း၊ ထမင်းကျွေးရုံ၌ နေရာချထားခြင်းတို့ကို တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ဆောင်နေကြသည်။

အကျွေးအမွေးအတွက် ငွေးတောရွာအတွင်း၌ စီးပွားရေးအနေအထားလိုက် အချိုးကျငွေကို ကောက်ခံထားသည့်အတွက် မပူပင်ရ။ ငွေးတောရွာမှခွဲခွာ၍ တစ်နယ်တစ်ကျေး၌ စီးပွားရေးကြီးပွားချမ်းသာနေကြသူတို့ကလည်း ကိုယ့်ဇာတိရပ်ရွာကို မမေ့ကြ။ တစ်နှစ်မှတစ်ခါသာကျင်းပသည့် ကိုယ့်ငွေးတောရွာ ကထိန်ပွဲသို့ အရောက်လာကြသည်။ ဝိုင်းကြဝန်းကြသည်။ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သူတို့ကလည်း ကထိန်အလှူတော် ပျော်ပွဲရွှင်ပွဲများအတွက် ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းကြလေရာ ငွေးတောရွာ၏ကထိန်ပွဲနှင့် တန်ဆောင်တိုင်ပွဲတော်သည် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဆိုသလို ကြည်နူးစရာကောင်းနေတော့သည်။

ဒိုးပတ်ဝိုင်းမှာတော့ သူငယ်တော်အဝတ်အစားဖြင့် ခုန်ပေါက်ကခုန်နေသူကား အခြားမဟုတ်။ ငွေးတောရွာ၏ကာလသားခေါင်း ဖိုးအေး၏ညီ ဖိုးခွေးပင်ဖြစ်ချေ၏။

ပြောမည့်သာပြောရသည်။

ဖိုးအေးက ဖိုးခွေးလို အကအခုန်ဝါသနာမပါ။ စိတ်လိုလက်ရရှိလျှင်ဖြင့် နာမည်ကျော်တေးသီချင်းများ၏စာသားတို့ကို ဖျက်ရေးတတ်သည့်အကျင့်သာရှိသည်။

ဖိုးခွေးက သည်နှစ်ကထိန်လှည့်ပွဲ၌ သူငယ်တော်အဝတ်အစားဖြင့် ကခုန်ရန် သူငယ်တော်အဝတ်အစားငှားရမ်းပေးရန်



www.burmeseclassic.com

www.burmeseclassic.com



တော်ရက်မတိုင်ခင်က အသည်းအသန်ပူဆာနေခဲ့သည်။ သည့်အတွက် ညီအပေါ်ချစ်ခင်စိတ်ဖြင့် ဆက်ဆက်ငှားရမ်းပေးမည့်အကြောင်း ကတိပေးခဲ့သည်။ ဤတွင် မြို့ပြရှိ ဇာတ်မင်းသားင်းသမီးဝတ်စုံငှားရမ်းရာဌာနမှ စပေါ်ငွေအတွက် တစ်ပတ်အကြိုသာက်ကပင် သူငယ်တော်အဝတ်အစားကို ငှားရမ်းထားခဲ့လေသည်။

ဤမှ ကိစ္စတစ်ခုပေါ်ခဲ့သည်။

ကိစ္စက ... ဂွေးတောရွာကထိန်ပွဲလုပ်မည့်ရက်မတိုင်ခင်ရက်လောက်အလိုက ဂွေးတောရွာအနီးရှိ ရွှေလှေချောင်ကျေးရွာင် ကထိန်ပွဲကျင်းပခဲ့လေသည်။ ထုံးစံအတိုင်း ကထိန်လှူည့်ရာ၌ည်စည်ကားကားကလေးဖြစ်စေရန် အရပ်ဒိုးပတ်ဝိုင်းကလေးတစ်ခုည့်သွင်းရာ ကခုန်နေကျ လုံမငယ်ကလေးက သူငယ်တော်အဝတ်အစားဖြင့် က,မည်ဆိုသည့်အတွက် ၎င်းတို့လည်း သူငယ်တော်အဝတ်အစားကို မြို့တက်ငှားကြသည်။

သို့သော် ... မြို့ပြအဝတ်အစားအငှားဆိုင်မှာတော့ သူငယ်တော်အဝတ်အစားက မရှိ၊ ဂွေးတောရွာမှ ကာလသားခေါင်းအား ငှားရမ်းသွားပြီဖြစ်ကြောင်းသာ ပြောပြလိုက်တော့၏။ ထိုအခါ ရွှေလှေချောင်ကျေးရွာ၏ မြီးကောင်ပေါက်လုံမငယ်က ဗူးဆိုလျှင် ရုံမသီးထက်သူပီဗီ အခဲပိုပါသူငယ်တော်အဝတ်အစားကို ဝတ်ဆင်ခွင့်မရပါလျှင် လုံးဝမကဘူ တင်းခံနေလေရာ ရွှေလှေချောင်ကျေးရွာအဖွဲ့လည်း အကြီးအကျယ်စိတ်ညစ်ရလေတော့သည်။

ဟုတ်လည်းဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိုးပတ်ဝိုင်းဆိုသည့် အတီးအမှုတ်ချည်းသက်သက်ဆိုလျှင် နားအရသာခံ၍ ကောင်းပင်ကောင်းသော်ငြား အက,မပါပါက မျက်စိ ပသာဒအရသာ ယွင်းပျက်ရချေတော့မည်။

"ကိုင်း . . . ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှလုပ်မနေနဲ့ . . . သည်မြို့ကောင်ပေါက် ကမြင်းမလေးက တကယ့်ကိုဂျစ်ကလေး၊ သူငယ်တော် အဝတ်အစားငွေမရလို့ကတော့ ရွှေတစ်ရပ်စာပုံပေးပလေ့ စေ၊ လုံးဝ က,မှာမဟုတ်ဘူး"

"အေးကွာ . . . ခက်တာပဲ၊ ဘာလုပ်လို့တာကိုင်ရမှန်း တောင်မသိတော့ပါဘူး"

"ဖြစ်နိုင်ချေတစ်ခုတော့ရှိတယ်"

"ဟေ . . . ဘယ်လိုဖြစ်နိုင်ချေရှိတာတဲ့လဲ၊ လုပ်စမ်း ပါဦး"

"ခင်ဗျားတို့ထဲက ချေချောင်ငံပြောဆိုတတ်တဲ့လူ နှစ် ယောက်,သုံးယောက်လောက်ရုပြီး ငွေးတောရွာကို သွားကြ၊ ကာလသားခေါင်းကိုဖိုးအေးနဲ့တွေ့လိုက်၊ ပြီးရင် အကျိုး အကြောင်းပြောပြပြီး ငှားလာခဲ့ကြပေါ့ဗျာ"

"ဖြစ်ပါ့မလားကွာ . . . "

"ဒါတော့ ကံသေကံမ မပြောနိုင်ဘူး၊ သူပေးချင်စိတ် ရှိရင် ဘာလို့မဖြစ်ရမှာလဲ၊ ကျုပ်တို့ကထိန်လှည့်ပြီး နောက်ရက်ကျပါမှ ငွေးတောက ကထိန်လှည့်မှာ၊ သည်း တော့ ကျုပ်တို့ဘက်က က,ပြီးတာနဲ့ ကိုဖိုးအေးလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



အရောက်ပြန်ထည့်ပေးနိုင်ရင် အဆင်ပြေမှာပါ၊ ပြီးတော့ ငှားခကိုလည်း တစ်ဝက်ပေးခဲ့ရင် ကျေနပ်လိမ့်မယ်ထင်တာပဲ"

"အေး ... ဟုတ်တယ်ကွ၊ ကိုင်း ... ခုပဲ ငွေးတောရွာကို သွားကြမယ်ဟေ့"

သို့ဖြင့် ရွှေလေ့ချောင်ကျေးရွာ၏ကာလသားအချို့ ငွေးတောသို့ ရောက်ခဲ့ကြပြီး ဖိုးအေးနှင့်တွေ့ဆုံကာ ၎င်းတို့၏အခက်အခဲအား ဖွင့်ပြ၍ အကူအညီတောင်းခဲ့ပါတော့သည်။

"အေးဗျာ ... ခင်ဗျားတို့မှာ အခက်အခဲဖြစ်နေတယ်ဆိုတော့လဲ အကူအညီပေးနိုင်ရဲ့သားနဲ့ မပေးဘူးဆိုရင် ကျုပ်တို့ငွေးတောရွာဟာ ရှိုင်းရာကျပေမပေါ့။

ကိုင်း ... သည်တော့ ယူသာသွားပါ၊ အဲ ... ကိစ္စပြီးပြီးချင်းတော့ ပြန်ပို့ပေးစေချင်တယ်၊ သည်မှာလဲ ကျွန်တော့်ညီဖိုးခွေးက ဒိုးပိုင်းနဲ့က,ခုန်ရမှာမို့ပါ"

"စိတ်ချပါ ကိုဖိုးအေးရာ၊ ခုလိုမျိုး အခက်အခဲတွေ့နေတုန်းမှာ အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကိုဖိုးအေးငှားရမ်းခဲ့တုန်းက ကျခံခဲ့တဲ့ငှားရမ်းခထက်ဝက်ကို ကျွန်တော်တို့ ပေးပါရစေနော်"

"ဟာ ... မလုပ်နဲ့၊ မလုပ်ပါနဲ့၊ ကျွန်တော်တို့က နှစ်ရွာတစ်ရွာအပေါ် စေတနာသန့်သန့်ထားပြီး ကူညီတာပါ၊ ဒါတော့ သည်းခံကြပါဗျာ"



www.burmeseclassic.com

"ဟုတ်ကဲ့ . . . ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်တော်တို့ ကိစ္စပြီးတာနဲ့ အချိန်မီပြန်လာပို့ပါ့မယ်၊ ကိုင်း . . . သွားပြီ ကိုဖိုးအေးရေ့"

"ကောင်းပါပြီဗျာ"

သည်လိုနှင့် ရွှေလေ့ချောင်ရွာဒိုးအဖွဲ့သည် သူငယ်တော် ဝတ်စုံကိုယူလျက် ဝမ်းသာအားရဖြင့် ပြန်လာခဲ့ကြသည်။

သည်ဝတ်စုံရမှ မြီးကောင်ပေါက်သူငယ်မလည်း စိတ်ဆိ စိတ်ကောက်ပြေကာ ဒိုးအဖွဲ့နှင့်စည်းဝါးကိုက်သွားပြီး ပဒေသာပ လှည့်လည်ရာတစ်လျှောက် ဒိုးကွက်များနှင့်လိုက်လျောညီထွေ ကခုန်အစွမ်းပြပါလေတော့သတည်း။

www.burmeseclassic.com

ရွှေလေ့ချောင်ကျေးရွာဒိုးအဖွဲ့အဖို့ ကိစ္စဝိစ္စပြီးလေတော့ ကတိခံထားသည့်အတိုင်း သူငယ်တော်အဝတ်အစားအားယူငင်လျက် ရွှေတောရွာသို့ အချိန်မီပြန်ပို့ပေးရမည်။ သည့်အတွက် မြီးကောင်ပေါက်သူငယ်မထံမှ အဝတ်အစားကို ပြန်လည်တောင်းခံရချေ၏။

သူငယ်မလည်း အဝတ်အစားကို အိတ်တစ်အိတ်ထဲလုံးထွေးထည့်လျက် တစ်ယောက်နှင့်ပေးလျက်ချေ၏။ လူကမူ လုံးလုံးပျောက်နေ၏။

"ဟ ... ဒီကောင်မလေး၊ ဘယ်လိုလုပ်လိုက်တာလဲ မသိဘူး"

"တကယ့်ဘောက်ဆတ်ဆတ်ဂျမ်းတောမလေးပဲဗျ။ အခုလဲ သင်းကို ဘယ်ရှာလို့ရှာရမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါကွာ ... ကိုယ်က သူများဆီက ငှားလာတုန်းက သပ်သပ်ရပ်ရပ်၊ ပြန်ပို့တဲ့အခါ သည့်လိုမျိုး ပြီးကပစ်လုံးထွေးပြီးပို့လို့ကတော့ သိက္ခာအကြီးအကျယ်ကျမှာအမှန်ပဲ၊ ဟိုက ငှားရမ်းခတစ်ဝက်ပေးတာတောင် လက်သင့်မခံဘဲ စေတနာသန့်သန့်နဲ့ ကူညီခဲ့ရှာတာ၊ ကိုင်းပါလေ ... တို့ဘာသာတို့ပဲ မီးပူတိုက်ပြီး ခေါက်ပြုလို့ပြန်ပို့ပေးတာပေါ့"

ဆိုနှင့် မီးပူယူပြီး မီးပူတိုက်ရန် လုံးထွေးထည့်ထားသည့်အိတ်ကိုဖြေလျက် သူငယ်တော်အဝတ်အစားကို ထုတ်သည်။

"ဟာ ... ပြ ... ပြဿနာပဲ"

"ဘာ ... ဘာတုန်း ... ဘာတုန်း ကိုသံခဲ"

"ထို ... ပြောရင်းဆိုရင် အန်ချင်လာပြီကွာ"

"ဘာဖြစ်လို့လဲဗျ"

"ဘောင်းဘီဂွကြားကိုကြည့်လိုက်စမ်း ..."

"အင် ..."

ကာလသားအဖွဲ့ အကြီးအကျယ်စိတ်ညစ်သွားကြသည်။

မညစ်ဘဲခံနိုင်ပါ့မလား။ သူငယ်တော်အဝတ်အစား၍အပျော်ကြီးပျော်ကာ ကချင်ခုန်ချင်စိတ်ကဲနေသော မြီးကောင်ပေါက်သူငယ်မသည် ဂုဏ်ကိုဂုဏ် အပျိုဖြစ်နေပါလားဆိုသည်ကို သတိမထား။ သည့်ရက်တွေမှာ ဓမ္မတာလာတတ်ပါလားဆိုသည်ကိုလည်းဂရုမပြုသဖြင့် ... ဟော ... ခုတော့ ဘောင်းဘီခွကြားတလုံး ရဲပတောင်းခတ်အောင်စွန်းထင်းနေပေပြီ၊ အနံ့ကလည်းညှီ...



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်တွေ … ဘာလုပ်ကြမလဲ၊ သည်အတိုင်း သွားပေးလို့ကတော့ တို့ကို တော်တော်အထင်သေးပြီး ရပ်ရွာလဲ သိက္ခာကျမှာပဲ၊ သည်တော့ အဝတ်ကို မြန်မြန် လျှော်ဖွပ်ပြီး မီးကင်ရမယ်၊ ပြီးတာနဲ့ မီးပူတိုက်ရမယ်"

"ဒါဆိုလဲ … မြန်မြန်သွားလျှော်ချေဗျာ"

"အာ … ငါက ဘာလို့လျှော်ရမှာလဲ၊ မင်းတို့ မသိမသာပိုးပန်းနေကြတဲ့ ကောင်မလေးရဲ့အမွေအနှစ်ကို ဆက်ခံတဲ့အနေနဲ့ မင်းတို့ထဲက တစ်ယောက်ယောက် လျှော်ဖွပ်ပေးကြပေါ့"

"မလုပ်ပါနဲ့ဗျာ … လျှော်ခပေးဆိုရင်ပေးပါ့မယ်၊ တစ်ယောက်ယောက်ကိုငှားပြီး အမြန်လျှော်ခိုင်းလိုက်ပါဗျာ"

သို့ဖြင့် ရွှေလှေချောင်း၌ အဝတ်အစားများ အငှားလိုက် လျှော်သော ဒေါ်သန်းလှကိုခေါ်ကာ ချောင်းစပ်၌ အမြန်ဆုံးလျှော်ဖွပ် ခိုင်းလိုက်ရသည်။ ဒါတောင် အကုန်အစင်ကျွတ်မသွား။ အကွက်ကိုး မသိမသာကျန်နေသေးသည်။ သို့သော်ငြား စောစောတုန်းကလောက် အခြေအနေမဆိုးတော့။ သည်တော့ အမြန်ဆုံးမီးကင်၊ အမြန်ဆုံး မီးပူတိုက်ကာ ငွေးတောရွာသို့ အမြန်ဆုံးအသော့နှင်ခဲ့ရချေသည်။

ဖိုးအေးလည်း ၎င်းတို့ရောက်မှပင် သက်ပြင်းချနိုင်တော့ သည်။

"တော်သေးတာပေါ့ ကိုသံခဲရာ၊ ခင်ဗျားတို့ အချိန်မီ အရောက်ပြန်လာပေးပေလို့ပဲ၊ ကျုပ်ညီ ဖိုးခွေးကလဲ ဆံပင် ရှည်ကို ဗျာပါဆံချပြီး ပါးမှာလဲ ပါးကွက်တွေ ကွက်သား



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေပြီ၊ လက်တွေ့ခြေတွေမှာလဲ လက်ကောက်တွေ၊ ခြေကျင်းတွေ ဝတ်ထားပြီးတာတောင် သူငယ်တော်အဝတ်အစားမှ မဝတ်ရဘူးဆိုရင် လုံးဝဆိုလုံးဝမကပါဘူးတဲ့ဗျာ . . . ဘယ်လိုကောင်စားတွေလဲ မပြောတတ်ပါဘူး”

“ခေတ်ကာလကလေးတွေဆိုတော့လဲ သည်လိုပါပဲ ကိုဖိုးအေးရယ်၊ ခုကိစ္စမှာ ကိုဖိုးအေးကို ကျေးဇူးအင်မတန် တင်ရှသဗျို အားလဲနာပါတယ်၊ မျက်နှာလဲပူပါတယ်၊ ရိုးရိုးသားသားဝန်မခံရင် မဖြစ်တဲ့ကိစ္စမို့ ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပြောကြားပါရစေတော့၊ အဖြစ်ကတော့ သည်လို ကိုဖိုးအေးရေ . . .”

ရွှေလှေချောင်ရွာသားကိုသံခဲက မျက်နှာကလေး ခပ်ငယ်ငယ်ဖြင့် တောင်းပန်တိုးလျှိုးကာ သူငယ်တော်ဝတ်စုံကလေး၏ ရာဇဝင်ကို ခင်းကျင်းပြနေသည်။ သည်အကြောင်းကိုကြားသိရလိုက်လေတော့ ဖိုးအေးခမျာလည်း မျက်နှာကွက်ခနဲပျက်ရပြန်သည်။

“အခုအနေအထားက လျှော်ဖွပ်သန့်စင်ပြီးတာ အမှန်ပါ ကိုဖိုးအေး၊ အဲ . . . အစွန်းကွက်ကလေးကတော့ ပေသိမသာကျန်နေသေးတယ်ဗျာ၊ ဆိုင်ကိုပြန်အပ်တဲ့အခါ ကျွန်တော်တို့လိုက်ခဲ့ပါ့မယ်၊ ကိုဖိုးအေးမျက်နှာပူတယ်ဆိုရင်လဲ ကိုဖိုးအေးအစား ကျွန်တော်တို့ လိုက်အပ်ပေးပါ့မယ်၊ ဆိုင်က အလျော်တောင်းရင်တောင်းသလောက် ကျွန်တော်တို့ ပေးပါ့မယ်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... သည်လိုအနေအထားမျိုးကို ဘယ်သူကတော့ အရောက်ခံချင်ပါ့မလဲ၊ သူ့ဘာသာသူ သူ့ဘာဝအရ ဖြစ်သွားတဲ့ဥစ္စာ၊ ကိစ္စမရှိပါဘူးလေ ... ကျွန်တော့်ဘာသာကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ် ကိုသံခဲ"

"ဟာ ... အဲသလိုမလုပ်လိုက်ပါနဲ့ ကိုဖိုးအေးရယ်၊ ခင်ဗျားရဲ့စိတ်ခာတ်ကို အင်မတန်လေးစားပါတယ်၊ ကိစ္စပြီးတာနဲ့ ကျွန်တော်တို့ လုံးဝဥဿုံတာဝန်ယူပါရစေ၊ ကိုဖိုးအေးတို့ ငွေးတောကထိန်ကို ကျွန်တော်တို့လဲ လာကြမယ့်ဥစ္စာဗျာ"

သည်လိုနှင့် နှစ်ဦးနှစ်ဘက် ခင်မင်လေးစားမှုမပျက်ဘဲ ကိစ္စတစ်ရပ်က တဒင်္ဂတော့ဖြင့် ပြေငြိမ်းသွားခဲ့သည်။ နောက်ကိစ္စကတော့မူ နောင်ခါလာနောင်ခါစျေး။ ဖိုးအေးအဖို့ အမှန်အတိုင်းခံရမည်ဆိုလျှင် သည်အဝတ်အစားကို ညီကာလေးဖိုးခွေးအား ပေးမဝတ်စေချင်ပါ။

သို့သော် မရရေးချမရ။

လူပျိုပေါက်ဖိုးခွေးကလည်း သည်အဝတ်ရှိနေပါလျက်နှင့် ဝတ်ဆင်ရလျှင် လုံးဝမက,တော့ပါဘူးဟု တင်းခံနေသဖြင့် ဘာမျှ ဆင်းချက်ထုတ်မနေတော့ဘဲနှင့် ဝတ်စုံအား ဖိုးခွေးလက်ထဲ ထွတ်,အပ်နှံလိုက်တော့သည်။

အယ် ... သကောင့်သားက ဝတ်စုံသစ်ကလေးဝတ်ရတော့မည်ဆိုကာ နမ်းရှုံ၍ပင်နေပါသေး။ ဝမ်းသာဇောဖြင့် အစွန်းအထင်းကိုပင် မမြင်တော့။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ရွှေလေ့ချောင်သူ၏ အမှတ်တံဆိပ် ခပ်နှိပ်ထားခြင်း ခံရသော သူငယ်တော်ဝတ်စုံအား ဆင်မြန်းလျက် ဖိုးခွေးတစ်ယောက် ငွေးတောရွာဒိုးအဖွဲ့ကြားတွင် မြူးတူးခုန်ပေါက်ကာ ပဒေသာပင် တန်းကြီးနှင့်အတူ လိုက်ပါသွားလေတော့၏။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ပွဲကန့်လန့်ကာအဖွင့်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ဆရာ 'ဝိဇ္ဇာမဟိဒ္ဓိ အာယုဗ္ဗေဒ ဆြာလှ' စီစဉ် တင်ဆက်မည့် 'သုံးပွင့်တစ်ခိုင်၊ ချစ်ခြင်းပြိုင်၊ ပိုင်ပိုင်ဘယ်သူ ပုန်သလဲ' ပြဇာတ်ကြီးနှင့်အတူ နောက်ပိုင်း၌ 'တောင်ပြုံးမင်းညီနောင်' ဇာတ်ကို တင်ဆက်မည့်ည။

ကျယ်ဝန်းလှစွာသော ဘုန်းကြီးကျောင်းပရဝုဏ်အတွင်းမှာ တော့ ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခန့်ကလည်းခန့်နှင့် ဆောက်လုပ်ထားသောဇာတ်စင်ကြီးက ဟီးထ၍နေချေသည်။ ဇာတ် စင်ရှေ့မှာတော့ မနက်ခင်းကတည်းက နေရာဦးထားခင်းထားကြ သော ဖျာကြမ်းများ၊ ပလတ်စတစ်အခင်းများ၊ ဂုံနီအိတ်အခင်းများက နေရာအပြည့်။ အခြားအခြားသောရွာတွေမှာလည်း ပွဲငတ်နေကြ သည့်အတွက် နေ့လယ်ခင်းကတည်းကပင် လှည်းများဖြင့် ပွဲကြည့် ရန် ရောက်လာခဲ့ကြပြီး လှည်းအိမ်တွေကို ပွဲခင်းပတ်ပတ်လည်၌ ဝန်းရံထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်မှာလည်း ပွဲဈေးတန်းကြီးက တမျှော်သခေါ်။

ကလေးကစားစရာအရုပ်ဆိုင်၊ သနပ်ခါးတုံးဆိုင်၊ အလှစ္စည်းဆိုင်၊ အဝတ်အစားဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အကြော်ဆိုင်၊ လက်ဖက်ရည်၊ ကော်ဖီဆိုင်၊ အသုပ်ဆိုင်၊ ကွမ်းယာ၊ စီးကရက်၊ ဆေးပေါ့လိပ်ဆိုင်တို့အပြင် ဆင်၊ မြင်း၊ ကျား၊ လိပ်၊ ဖား၊ ဂဏန်းအရုပ်ရှိသော ခြောက်မြှောင့်အန်စာတုံး ဂလုံးဂလုံးဝိုင်းတွေကလည်း ညှနေရာနှင့်သူ။ ပွဲကျင်းပရေးကော်မတီက ဆိုင်ခန်းများအား နေရာချထားပေးပြီး ဈေးကောက်ခံယူသည်။ သည်ရရှိငွေဖြင့် ကာလသားများ ပစ္စည်းပစ္စယဝယ်နိုင်ရန် ဖြည့်ဆည်းပေးသည်။

ငွေးတောရွာမှာ ဘယ်လိုမျိုး သာရေးနာရေးလုပ်လုပ် ဖျာသပ်တောင်၊ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ယောက်မ၊ ရေနွေးအိုးအကြမ်းပန်းကန်လုံး၊ ကွမ်းအစ်၊ ထွေးခံ စသည်တို့အတွက် ဘာမျှပူပင်ရ။ အနည်းငယ်မျှသော အဖိုးသားနားဖြင့် ငှားရမ်းပေးသေးသည်။ ရရှိလာသောငွေကြေးများဖြင့် လိုအပ်သောပစ္စည်းများကိုဆင့်ပံဝယ်ယူဖြည့်ဆည်းပေးသည်။ စားပွဲခုံအတွက်က ကိစ္စမရှိ။ သင်အိမ်တက်ဆင်း ငှားရမ်းလိုက်ရုံသာပင်။

ညနေစောင်းလေသောအခါ ပွဲဈေးတန်းတစ်ကြော၌ ရွှေပွဲလာစရိသတ်အပေါင်း ဟိုလျှောက်သည်သွားဖြင့် စည်ကားနေသကဲ့သို့ ပါလာသောငွေသားကလေးများဖြင့် လက်တည့်စမ်းလိုကြသောရွာသူရွာသားအချို့မှာ ဂလုံးဂလုံးဝိုင်းတွင် အုံဖွဲ့နေကြတော့သည်။ ကလေးသူငယ်များသည် ဂျုံရောင်စုံဖြင့် အရုပ်ကလေးများလုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချသောနေရာ၊ ပူဖောင်းအရှည်ကိုမှုတ်ပြီး ဘဲရုပ်၊ မျောက်ရုပ် မော်တော်ဆိုင်ကယ်၊ ပန်းသီး စသဖြင့် လက်စွမ်းပြသောနေရာ ပီပီဆိုင် အစရှိသော ကလေးကစားစရာရောင်းချသည့်နေရာများ ဝယ် စုဝေးနေကြလေသည်၊ လုတပတလုံမပျိုများကတော့ သနပ်ခါး ဆိုင်နှင့် အလှကုန်ပစ္စည်းများရောင်းချသောနေရာဝယ် ဝယ်နေ ခြိမ်းနေကြလေသည်။

ဓာတ်စင်ထိပ်တွင် တပ်ဆင်ထားသောအော်လံကြီးမှ ပရိ သတ်ကို ဖိတ်ခေါ်နေသည့်အလား နိုင်ငံကျော် ကျေးလက်အဆိုတော် တွံတေးသိန်းတန်၏သီချင်းများကို သံကုန်တင်လျက်ရှိချေ၏။

× × × ပန်း နွယ် က စိမ်း ...

ပန်းနွယ်က စိမ်း တယ်၊ စုံနံ့သာမြိုင် × × ရှာပုံဖွင့်ပါ လို့ရယ် × × လုဂမုန်းနွယ် ချစ်သက်ဦးရယ် × × ဘဝ ဆုံးတာကယ် × × မပစ်ရက်ဘူးကွယ် ရူးတယ်ဆိုစေဦး တော့ × × ဖုန်းကြော့မြေ ပန်းနွယ်ပျိုရယ် × × မဆုံး တော့တကယ် × × လွမ်းရှယ်ရှာမယ် × ×

သီတာမြသား × × မြစ်နားတစ်လျှောက် × × လျှောက်ခဲ့ရာဝယ် × × တောင်ပံယှက်ပျံ × × ငှက်မောင်နှံ ကိုမှ × × မြင်ရသော်ခဏ × × ဩော် × × ဘဝင်မကျ နိုင်တယ် × × ရင်ဝလှိုက်လှဲ × × ပန်းနွယ်ကိုပဲ × × တ,မိတယ်"

ဤသို့ သီချင်းတစ်ပုဒ်ဆုံးလေသောအခါ ပွဲတော်ကော်မတီ ကွပ်ကဲရေးနှင့်ပတ်သက်၍ နာယကတာဝန်ယူထားသော ဦးမင်းလာ

www.burmeseclassic.com



ာ မိုက်ခွက်ကို ကိုင်ပါလေတော့၏။ ဦးမဂ်လာအဖို့ မိုက်ခွက်သာ ျလက်ထဲရောက်နေလို့ကတော့ ရေမသောက် ထမင်းမစားဘဲ နိုင်ရုံမက ဆီးချုပ်ဝမ်းချုပ်ပင် ခံနိုင်သူဖြစ်၏။ ခုလည်း မိုက်ခွက် ျလက်ထဲရောက်ပြီမို့ ဘာကိုမျှအမှုမထားလေတော့။

"အဟမ်း ... အဟမ်း ... ဖူး ဖူး တောက် တောက်"

"ဟလို ... ဟလို ... တက်စတင် ဝမ်း တူး ရီး ဖိုး ဖိုက် ငါး၊ အဲ ... ဟုတ်ပေါင် ဖိုး ဖိုက် စစ်"

ဝွေးတောရွာအတွင်းရှိ ရွှေပွဲလာပရိသတ်အပေါင်းတို့ ခင်ဗျား ... သိပ်မကြာလှတော့သော ကာလအတော အတွင်းမှာပဲ ပရိသတ်အပေါင်းရဲ့စိတ်နှလုံးကို ကြည်နူးမှု တွေ ဖုံးလွှမ်းသွားစေဖို့ အဆိုတွေ၊ အက... ပြဇာတ် တွေ၊ နောက်ပိုင်းဇာတ်တွေနဲ့ တစ်မူထူးခြားစွာ တင်ဆက် ကပြသွားတော့မှာ ဖြစ်ပါတယ်။

ဖျော်ဖြေမှုအစီအစဉ် စတင်တဲ့အခါ ကိုယ့်နေရာမှာ ကိုယ်ထိုင်ပြီး ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်း အားပေး ကြည့်ရှုဖို့ရာ မေတ္တာရပ်ခံပါတယ်။

ဒီလိုမှမဟုတ်ဘဲ ဆူပူမယ်၊ ခအော်ဟစ်ရမ်းကားမယ်၊ ခိုက်ရန်ဖြစ်ပွားမယ်ဆိုရင် ကျွန်တော်တို့လုံခြုံရေးအဖွဲ့ကနေ ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက် အရေးယူသွား ရပါလိမ့်မယ်၊ ပွဲခင်းအတွင်းမှာ တုတ်၊ ဓားများ ကိုင် ဆောင်လာခြင်း၊ အရက်သေစာသောက်စားပြီး ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်မနေဘဲ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်အောင် အော်ဟစ်ဆူပူခြင်း၊ အရက်ပုန်းများ ရောင်းချခြင်းတို့ကို တွေ့ရှိပါကလဲ ထိရောက်စွာ အရေးယူသွားမှာဖြစ်ကြောင်း ကျွန်တော် သည်နေရာကနေ သတိပေးကြေညာလိုက်ရပါတယ်။

ဟုတ်ကဲ့ . . . ကျွန်တော် မင်္ဂလာပါခင်ဗျား''

တဖြည်းဖြည်းနှင့်မှောင်ရီသမ်းကာ ညချမ်းသို့ရောက်ရှိလာခဲ့ပေပြီ။ ဟေမန္တဆောင်းကာလမို့ ပတ်ဝန်းကျင်ရာသီဥတုကိုက ချမ်းစိမ့်စိမ့်နှင့်။

မြောက်ပြန်လေက တစ်ချက်တစ်ချက် သိသိသာသာသွေးလိုက်၏။ ဤတွင် မြောက်ပြန်လေကို မဟာမိတ်ပြုလျက် ခဝဲပွင့်တို့လည်း ဝတ်မှုန်တွေအစီအရီဆင့်ကြပေတော့မည်။ ပွဲဈေးတန်းတစ်ခုလုံးသည် မီးစက်ကြီး၏စွမ်းအားကြောင့် မီးရောင်စုံများဖြင့်ပန်းရလျက်နေတော့၏။ ဇာတ်စင်မှ ကတ္တီပါပိတ်ကားကြီးကလည်းတကယ့်ကို ခန့်ခန့်ထည်ထည်။

မကြာခင်မှာတော့ တန်ဆောင်မုန်းလ၏ ပြည့်ဝဝိုင်းစက်သော နွေလဝန်းကြီးသည် တရိပ်ရိပ်နှင့်မြင့်တက်လာခဲ့ပေပြီကော။

ထိုအချိန်မှာပင် ခိုင်ခန့်ကျယ်ပြောစွာ ဆောက်လုပ်ထားသည့် ဇာတ်စင်ထံမှ သာယာနာပျော်ဖွယ်ကောင်းလှသော ကရော်ရိုက်သံက လွင့်ပျံ့ရိုက်ညောင်းလာလေသည်။ ပွဲခင်းကြီးတစ်ခုလုံးမှာတော့ ငွေးတောတစ်ရှာလုံးသာမက ရွာနီးချုပ်စပ်ရှိ ပရိသတ်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တ ရောက်ရှိလာကြသဖြင့် အုန်းအုန်းကျွက်ကျွက်စည်ကားနေလေ တော့သည်။

"အဟမ်း ... အဟမ်း ... ရွှေပွဲလာညည့်ပရိသတ် အပေါင်းတို့ခင်ဗျား ..."

မကြာခင်ကာလအတွင်းမှာတော့ ကျွန်တော်တို့ဇွဲတော ရှာရဲ့ စွယ်စုံရပုဂ္ဂိုလ်ကြီးဖြစ်တဲ့ ဝိဇ္ဇာမဟာဒွိ အာယုမ္ဗေဒ ဆြာလှရဲ့ 'သုံးပွင့်တစ်ခိုင်၊ ချစ်ခြင်းပြိုင်၊ ပိုင်ပိုင်ဘယ်သူ ပန်သလဲ' ရှေ့ပိုင်းပြဇာတ်နဲ့ 'တောင်ပြုံးမင်းညီနောင်' နောက်ပိုင်းပြဇာတ်တို့ကို တင်ဆက်ကပြပါတော့မယ်။

ရှေ့ပိုင်းဇာတ်နဲ့နောက်ပိုင်းဇာတ်တွေကို တင်ဆက်မှု မပြုခင် ရှေ့ပိုင်းမှာ ပရိသတ်တွေ မြူးကြွရွှင်လန်းသွားရ လေအောင် ဇွဲတောရွာက လူငယ်ကလေးတွေက ကာလ ပေါ်တေးသီချင်းအချို့နဲ့ သီဆိုဖျော်ဖြေမှု စတင်ပါလိမ့်မယ်။

"ဟုတ်ကဲ့ ... ကျွန်တော် 'မင်္ဂလာ'ပါ ခင်ဗျား"

"ရှီး ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

မကြာခင် ပွဲထွက်တော့မည်ဖြစ်သဖြင့် ကလေးသူငယ် ပရိသတ်အပေါင်းမှာ လက်ခေါက်တမှုတ်မှုတ်၊ လက်ခုပ်တဖြောင်း ဖြောင်း။

"ဟုတ်ကဲ့ခမျာ ... ပွဲဦးထွက်အနေနဲ့ ရွှေပွဲလာ ညည့်ပရိသတ်ကို ဖျော်ဖြေတင်ဆက်မယ့်သီချင်းကတော့ 'ရွှင်လန်းချမ်းမြေ့ပါစေ'ဆိုတဲ့ သီချင်းဖြစ်ပြီး ဇွဲတောရွာ သားလေး မောင်ကြည်သိန်းက ရှာစားကျော် နတ်မောက်



www.burmeseclassic.com

www.burmeseclassic.com



စိန်လင်း မင်္ဂလာဆိုင်းပိုင်းနဲ့ တွဲဖက်သီဆိုပေးမှာဖြစ်ပါတယ်၊ ဟုတ်ကဲ့ . . . ကျွန်တော် မင်္ဂလာပါခင်ဗျာ"

"ရှိုး . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း ငွေးတောကြည်သိန်းကွ၊ ငွေးတောကြည်သိန်း"

ငွေးတောရွာပရိသတ်က သူတို့ငွေးတောရွာသားကလေး မောင်ကြည်သိန်းအတွက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် လက်ခုပ်သြဘာသံများ ပေးကြလေသည်။ ထိုစဉ်မှာပင် ငွေးတောမောင်ကြည်သိန်းလည်း ဝတ်ကောင်းစားလှအပြည့်ဝတ်ဆင်လျက် ပေါင်းဒါအဖွေးသားဖြင့် ဇာတ်စင်ပေါ်သို့ လှမ်းတက်လိုက်သည်။ သည့်နောက် မိုက်ကရိုဖုန်းရှေ့ ရပ်လိုက်ပြီးသည့်ခဏတွင် ရွာစားကျော် နတ်မောက်စိန်လင်း၏တီးလုံးသံက ငြိမ့်ညောင်းစွာထွက်ပေါ်လာလေသည်။

"ရှင် × × လန်း × × နိုင် ကြ ပါ စေ × ×

ချစ်သောမိတ်ဆွေ × × အပေါင်းအသင်းများတို့ရေ

တကျက်သရေဖြာ × × တက်နေပမာ × × စန်းဇာတာတွေတိုး

ဖြိုးမောက်ပါစေ × × မာပါစေ × × သာပါစေ × ×

ရှင်လန်းချမ်းမြေ့ကြပါစေ × × ×

ချမ်းသာခြင်းသုခနဲ့ ပြည့်စုံနိုင်ကြပါစေလေ့ × ×

ဘေးဘယာတွေလည်း ဝေးကာ × × ကင်းရှင်းကြပါစေ

တော့လေ × × ရှင်လန်း ချမ်းမြေ့ပါစေ × × မာပါစေ

သာပါစေ × × ရှင်လန်းချမ်းမြေ့ကြပါစေ × × ×

စိတ်လည်းချမ်းသာပါစေ × × ကိုယ်လည်းချမ်းသာ

ပါစေ × × ကာယစိတ္တသုခတွေ အာလုံးပဲရနိုင်ကြပါစေ.



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအပေါ်တစ်ဦး × × ချစ်ကြည်နူးစွာ မေတ္တာဝေ ရေစင်ပန်းပမာ × × လန်းဖြာစခန်းသာ × × သစ္စာတေး မေတ္တာတေး × × ချစ်သဒ္ဒါထွေးကြပါစေ''

''ဟုတ်ကဲ့ ... အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ''

''ရှိုး ... ဖြောင်း ... ဖြောင်း ... ဖြောင်း ငွေးတောကြည်သိန်းကွ၊ ငွေးတောကြည်သိန်း ...''

အဆိုနှင့်အတီး၊ အတီးနှင့်အဆို၊ အပ်စပ်ခွင်ကျသွားခဲ့လေသည်မို့ ပရိသတ်အပေါင်း၏ တစ်ခဲနက်အားပေးမှုကို ခံယူရင်း ဗီတိအဟုန်ဖြင့် ငွေးတောကြည်သိန်းလည်း စင်ပေါ်မှဆင်းလာခဲ့လေသည်။ ထိုစဉ်မှာပင် အစီအစဉ်ကြေညာသူ ဦးမင်္ဂလာ၏အသံပြကြီးသည်း မိုက်ခွက်မှတစ်ဆင့် မြောက်ပြန်လေနှင့်အတူ မျောလွင့်လာခဲ့လေသည်။

''လေးစားရပါသော ရွှေပွဲလာညည့်ပရိသတ်ကြီးခင်ဗျာ၊ စောစောက 'ရွှင်လန်းချမ်းမြေ့ပါစေ' ဆိုတဲ့ ညည့်ခံပဏာမ သီချင်းနဲ့ သီဆိုဖျော်ဖြေသွားတဲ့ တေးသံရှင် ငွေးတောရွာသားလေး မောင်ကြည်သိန်းကို ရန်ကုန်မြို့မှရောက်ရှိလာတဲ့ 'ကားဝပ်ရှော့ပိုင်ရှင်ကြီး ဦးတက်တူနဲ့ အကြောင်းဆက်ပေါင်းဖက်ခဲ့တဲ့ ကျွန်တော်တို့ငွေးတောရွာသူ ဒေါ်ခင်ထွားတို့ဇနီးမောင်နှံက နှစ်သက်သဘောကျလွန်းလို့ဆိုပြီး ဆုတော်ငွေ သုံးထောင်တိတိချပါတယ်တဲ့ခင်ဗျာ''

''ဟေး ... ရှိုး ... ဖြောင်း ... ဖြောင်း .. ဖြောင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … ကျွန်တော် မင်္ဂလာပါခင်ဗျာ၊ ခုတစ်ဖန် သီဆိုဖျော်ဖြေဖို့အလှည့်ကျလာသူကတော့ ကျွန်တော်တို့ရဲ့ ငွေးတောရွာသူလေး 'ကုန္ဒြာဂွက်ထော်'ဖြစ်ပါတယ်၊ ရွာစား ကျော် နတ်မောက်စိန်လင်းနဲ့ တွဲဖက်ဖျော်ဖြေပေးမယ့် သီချင်းကတော့ 'ပန်းရည်ဘဏ်တိုက်'ပါတဲ့ခင်ဗျာ၊ ဆက် လက်ပြီး နားသောတဆင်ကြပါဦးခင်ဗျား …"

"ဟေး … ကုန္ဒြာဂွက်ထော်ကွ၊ ထဘီပဝါတဘက် လျှော်မယ့် ကုန္ဒြာဂွက်ထော်၊ ရှီး … 'ဖြောင်း … ဖြောင်း … ဖြောင်း"

ပရိသတ်၏အော်ဟစ်အားပေးသံတွေက ကျောချမ်းဖွယ်ရာ ပင် ကောင်းလှပါဘိတော့၊ ငွေးတောရွာသား … နှယ်နှယ်ရရမဟုတ် တော့။ အနုပညာဓာတ်ခံအားကောင်းလှစွာသော ဂုဏ်ယူဖွယ်ရာ ဂန္ဓဝင်ရွာကလေးတစ်ရွာဖြစ်နေပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

# သုံးပွင့်တစ်ခိုင်၏ရနံ့များ

စိုးတာပေ

www.burmeseclassic.com

www.burmeseclassic.com

'သုံးပွင့်တစ်ခိုင်၊ ချစ်ခြင်းပြိုင်၊ ပိုင်ပိုင်ဘယ်သူပန်သလဲ' ပြဇာတ်ကြီး စတင်၊တင်ဆက်ချိန် ကျရောက်လာပေပြီ။

ဝိဇ္ဇာမဟာဒ္ဓိအာယုဗ္ဗေဒဆြာလေး၏ အဖန်တလဲလဲ ဇာတ်တိုက်ထားမှုကြောင့် ဝါရင့်သဘာရင့်မင်းသမီး ပျော်ဘွယ်သူမတင်နွဲ့နှင့် အပြိုင် စိန်သံမဏိ၊ ညိုကြီးနှင့် သာဂေါင်ကြီးတို့ကလည်း ဇာတ်ရုပ်နှင့်လိုက်လျောညီထွေလှစွာ အပြိုင်ကြဲနိုင်ခဲ့သဖြင့် ပရိသတ်မှာ အခန်းတိုင်းလိုလို လက်ခုပ်သံတဖြောင်းဖြောင်း။

ရဲစုံထောက်ညိုကြီးကလည်း အရာရှိဝတ်စုံဖြင့် ကြွရှလှပနေသလို၊ လူဆိုးခေါင်းဆောင်အဖြစ် သရုပ်ဆောင်သော သာဂေါင်ကြီးခမျာမှာလည်း တကယ့်ဂိုဏ်းစတားပုံစံပေါက်နေသည်၊ ခြောက်လုံးပြူးပစ်ရာတွင်လည်း ငှက်ပျောပင်အပိုင်းပိုင်းအပြတ်ပြတ် ပြိုသွားစေ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ဇာတ်ကြမ်းကြိုက်သော လူငယ်ပရိသတ်မှာ လက်ခုပ်တဖြောင်းဖြောင်းဖြင့် သဘောအကျကြီးကျနေလေတော့သည်။

ထို့အတူ ကောလိပ်ကျောင်းသားအဖြစ်သရုပ်ဆောင်သည့် စိန်သံမဏိမှာလည်း ကြော့မော့သောအဝတ်အစားတို့ဖြင့် ဝင့်ထယ်လွန်းလှပါဘိတော့။

ကျေးရွာကာလသားအပေါင်းမှာ ရှုံးစမိုးအပြည့်ဖြင့် ဒီဇိုင်းဆင်ထားသော စိန်သံမဏိအား အကြိုးအကျယ်သဘောကျနေလေတော့၏။

ကောလိပ်ကျောင်းသားစိန်သံမဏိနှင့် တောသူလုံမငယ်လေး ပျော်ဘွယ်သူမတင်နွဲ့တို့ တွေ့ဆုံကြသည့် အခန်းတစ်ခန်း။

အခန်းစဉ်၏ဇာတ်လမ်းအရ ကောလိပ်ကျောင်းသား စိန်သံမဏိက ကျောင်းပိတ်သဖြင့် မြို့ပြမှ တောသို့ပြန်လာရာ တောသူလုံမေ ပျော်ဘွယ်သူမတင်နွဲ့က လာကြိုရမည့်ဖခင်ကြီး မအားလပ်သဖြင့်၊ ဖခင်၏ကိုယ်စား ကောလိပ်ကျောင်းသားကို လာကြိုရမည့် အခန်းပဲဖြစ်လေသည်။

"ဟာ ... ဟား ... တကယ့်လှည်းနဲ့နွားကြီးဇာတ်စင်ပေါ်တက်လာနေပြီဟေ့"

"ဟယ် ... တကယ်သဘာဝကျတယ်ဟေ့၊ ဆြာလုတို့ လုပ်ချလိုက်မှဖြင့် တကယ့်ကို ပီပီပြင်ပြင်ပါပဲလား"

"ဟ ... ထမ်းပိုးတပ်ထားတဲ့နွားက ထွန်းတင်ကြီးရဲ့နွားတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အကြောင်းသည် အံ့သြခြင်းကြီးစွာဖြင့် ထင်မြင်ချက်အမျိုးမျိုးပေးကြရင်း ဇာတ်စင်ပေါ်သို့ တကယ်နွားလှည်းအစစ်တင်နိုင်သည်ကို သဘောအကျကြီးကျကာ ဇာတ်ဆရာခြောလှအပေါ် ချီးမွမ်းခန်းဖွင့်နေလေတော့သည်။

နွားလှည်းက အနည်းငယ်ရွေ့လျားနေစဉ် အနောက်ဘက်ပိတ်ကားပြင်၌ ရောင်စုံရှုခင်းများကို အသာလေးရွေ့လျားပေးနေသဖြင့် အမှန်တကယ်ပဲ လှည်းမောင်းနေဘိသည့်အလား သဘာဝကျလွန်းနေတော့၏။ လှည်းပေါ်မှာတော့ ပျော်ဘွယ်သူမတင်နွဲ့သည် နွားနှင်တံကလေး ဆွကာဆွကာဖြင့် ...

နွေမိန်တပေါင်း × × × နေရှိန်လောင်း × × ×
ရွက်ဟောင်းကြွေကျ × × × မြေခခဲ့ပြီတကယ် × × ×
တို့ရွာသူပျိုဖြူတစ်သင်းမယ် × × × သီချင်းသံပြိုင်
သီကာရယ် × × × သီချင်းသံပြိုင်သီကာရယ် × × ×
လက်ပံပွင့်ကောက် × × × အရောက်လာမယ် × × ×
ရွာခလေ့မို့ မွေ့ပျော်ဖွယ် × × × ရွာခလေ့မို့ မွေ့ပျော်တယ်၊
သူဦးကိုယ်ဦး မြူးတူးရင်းနဲ့ × × × ရွှင်လန်းကြည်စွာ
နှစ်သိမ့်ကာနေမယ် × × ×
နွေမိန်တပေါင်း × × × နေရှိန်လောင်း × × ×
ရွက်ဟောင်းကြွေကျ × × × မြေခခဲ့ပြီတကယ် × × ×

ဟူသည့် 'လက်ပံပွင့်ကောက်'တေးသီချင်းကို မြူးမြူးကြွကြွလေး သီဆိုနေခဲ့သည်။ သီချင်းပြီးဆုံးလေတော့ လှည်းကိုမလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤတွင် ဇာတ်လိုက်ကျော် ကောလိပ်ကျောင်းသား စိန်သံမဏိက လာကြိုသည့်လှည်းအနားသို့ ရောက်လာသည်။

"ဟော့ ... မိန်းကလေး၊ သည်လှည်းက ဘယ်ကိုသွားမယ့်လှည်းတုန်း"

"လူတစ်ယောက်ကိုလာကြိုပြီး ရွာကိုပြန်မယ့်လှည်းတော့"

"ဘယ်သူ့ကိုကြိုရမှာတဲ့လဲ"

"အဘပြောလိုက်တာတော့ မြို့ကကောလိပ်ကျောင်းမှာ စာသွားသင်နေရာက ကျောင်းပိတ်လို့ရွာပြန်လာတဲ့ ကောလိပ်ကျောင်းသားကိုတဲ့"

"အဲသည်ကောလိပ်ကျောင်းသားကို မြင်ဖူးသလား"

"ဟင့်အင်း"

သည်လိုမျိုး အိုင်တီကိုယ်စီ၊ မျက်နှာပေးကိုယ်စီဖြင့် အပြန်အလှန်စကားပြောခန်းတွေက နှလုံးသားလှုပ်ရှားစပြုနေသော ကျေးရွာလသားသမီးအပေါင်းအား ရင်ခုန်သံတွေ လှုပ်ခတ်စေခဲ့လေသည်။

ကောလိပ်ကျောင်းသားစိန်သံမဏိသည် တောသူလုံမေ ...ဘ်ဘွယ်သူမတင်နွဲ့အား ချစ်ခင်မြတ်နိုးစိတ်တွေ လွှမ်းမိုးသွားပြီး နှုတ်ပေါ်မြူးမြူးကြွကြွသီချင်းတစ်ပုဒ်ဖြင့် ကြူပါလေတော့၏။ ထိုသို့ ရွာလယ် နွားဖင်နောက်ဘက်ရှိ လှည်းယာဉ်ကြော၏လက်ရမ်းကို ကိုင်ကာကြူလိုက်ခြင်းဖြစ်လေသည်။

"အသည်းနှလုံးကို × × သဖန်းသီးလေးလို × × အအေးခန်းသေတ္တာထဲမှာထားစားရန် × × ကြိုးစားတယ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတယ် × × နာမည်လေးက လှတော့ တစ်ဖက်သတ် သိပ်ချစ်မိ × × ×

နင် ဘယ်သူလဲ × × ငါဘယ်သူလဲ × × တကယ်ဆို လူလူချင်းပဲ မထူးဆန်းဘူး × × အဖြစ်က ဆန်းသလား ကဲ × × ပြောစမ်း × × ဟော့ကောင်မလေး နင်ဘယ်သူလဲ”

ဟုတ်သော်ရှိ မဟုတ်သော်ရှိ မြူးကြွသွက်လက်စွာ ဟစ် ကြွေးနေသည်ကိုလည်း ရွှေပွဲလာပရိသတ်အပေါင်းက သဘောအကျ ကြီးကျနေပါလေသည်။ သည့်အတွက် သကောင့်သားစိန်သံမဏိက ဆိုကောင်းကောင်းဖြင့် နောက်တစ်ကျော့ပြန်ကြူဖို့အလုပ်ဝယ် စိန် သံမဏိရပ်နေသည့်အခြမ်းမှ နွားပြာကြီးသည် အမြီးကို ကော့ကော့ ကော့ကော့ဖြင့်ထောင်ပြီး ...

“ဗျိုး ... ဗျစ် ... ဗျစ် ... ဗွမ်း ... ”

“ဟာ ... နွားပြာကြီး အီအီးတွေပန်းထည့်လိုက်တာ စိန်သံမဏိမျက်နှာတစ်ခုလုံး ရွှဲနစ်သွားပြီ”

“ဟာ ... ဟုတ်ပါရဲ့ သည်နွားတွေ ကုက္ကိုသီးတွေ လွတ်စားလို့ ချေးတွေပန်းတာ သေချာတယ်”

“ဟာ ... ချီးပန်းမင်းသားဟေ့ ... ချီးပန်းမင်းသား”

“ဝါး ဟား ဟား ဟား ... ”

“ရှူး ... ဖြောင်း ... ဖြောင်း ... ဖြောင်း”

“ဟေ့ ... နောက်တစ်ကောင်လဲ အားကျပြီ ချေးတွေပါချနေပြီဟေ့”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းစဉ်အတွက် ဇာတ်ဆရာဆြာလှခမျာ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိချိန်ဝယ် ကာလသားခေါင်းဖိုးအေးရောက်လာပြီး အားလီပ်မြန်မြန်ချခိုင်းလိုက်မှသာ ပရိသတ်အပေါင်း၏ ရယ်ရယ် မောမော တသောသောဖြစ်နေခြင်းကို အဆုံးသတ်နိုင်ပါတော့ သတည်း။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကြားဖောက်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

အောင်လံတော်ဗေထိကား ကိုယ်လုံးကိုယ်ထည် ခပ်တောင့်တောင့်နှင့် ဇာတ်စင်အနောက်ဘက်ဝယ် ပုလင်းထောင်နေလေသည့် ငှင်းနှင့် မင်းသမီးလင် ရွှေပန်းတောမောင်ညွန့်တင်တို့ကား ပုလင်းတူ ဘူးဆို့များဖြစ်လျှင် မမှား။

"ဟော့ကောင် ... ဗေထိ"

"ဘာများတုန်း ... ကိုညွန့်တင်"

"သောက်တာလဲ ကြည့်သောက်ဦးနော်"

"ဟ... ဘယ်လိုစကားကြီးပါလိမ့်၊ ကျုပ်က ကြည့်မသောက်ဘဲ မျက်စိမှိတ်သောက်နေလို့လားဗျာ"

"ဟာ ... ငါပြောတာအဲသလိုမျိုးမဟုတ်ဘူးဟ၊ စင်ပေါ်ရောက်ရင် အမှားမှားအယွင်းယွင်းတွေ မဖြစ်စေရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုညွန့်တင်၊ အောင်လံတော်ဗေထိဆိုတာ ရုပ်ချက္ခမ်းကျင်တဲ့ သဘာရင့်ဇာတ်သမားတစ်ယောက်ပါဗျ၊ ခင်ဗျားမိန်းမ မတင်နွဲ့ဆို ကျုပ်ဘာလဲဆိုတာ ကောင်း ကောင်းသိပါတယ်၊ ကျားလုပ်ရမလား၊ ဆင်လုပ်ရမလား၊ မျောက်လုပ်ရမလား၊ နတ်လုပ်ရမလား၊ သိကြားလုပ်ရ မလား၊ ဘီလူးလုပ်ရမလား၊ လာထား... အောင်လံတော် ဗေထိတို့ကတော့ တကယ့်ကိုအပီပဲ"

"အေးပါကွာ ... အေးပါ၊ ဒါဆိုလဲ မင်းသဘောပါပဲ၊ ချ ... ချ ကြိုက်သလောက်သာချ၊ ငါတော့ ငွေးတော ရွာရဲ့ဦးရေကို ဖြုံကောင်းကောင်းနဲ့ဖြုံနေလိုက်တာ၊ ငိုက် တောင်မှငိုက်ချင်လာပြီ၊ ပက်လက်ကုလားထိုင်မှာ တစ်မှေး လောက်မှေးလိုက်ဦးမယ်"

"သဘောပါဗျာ ... သဘောပါ ..."

ရွှေပန်းတောမောင်ညွန့်တင်တစ်ယောက် ပက်လက်ကုလား ထိုင်၌ စန့်လိုက်ပြီးသည်နှင့် သိပ်မကြာလိုက်၊ တခူးခူး တခေါ်ခေါ် နှင့် အိပ်မက်ကမ္ဘာထဲ မျောက်ရှိသွားလေရော့တကား။ အောင်လံ တော်ဗေထိမှာတော့ သူ့အခန်းစဉ်ကျဖို့ရာအတွက် စောင့်စားရင်း ဆောက်၍ကောင်းနေသည်။ မြည်း၍လည်းကောင်းနေသည်။

ထိုအချိန်ဝယ် နွားနှစ်ကောင်ဒုက္ခပေး၍ ဇာတ်စင်ပေါ်၌ နွားချေးတွေဖွေးနေလေသည်။ သည့်အတွက် သန့်ရှင်းရေးလုပ်နေ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... မင်္ဂလာပါ၊ ရွှေပွဲလာညည့်ပရိသတ်ကြီး ခင်ဗျာ ... ကျွန်တော့်မိတ်ဆွေတော်ရဲ့ စွယ်စုံပညာရှင် ဆြာလှရဲ့အစွမ်းက တကယ့်ကိုအံ့မခန်းစရာပါပဲခင်ဗျာ၊ သိဏ္ဍာန်လုပ်တာတင်မဟုတ်တော့ဘဲ တကယ့်ကို သရုပ်တူတူ၊ သဘာဝကျကျ ခင်းကျင်းတင်ဆက်သွားခဲ့တာဖြင့် ရွှေပွဲလာမိဘပြည်သူတွေ အံ့မခန်းဖြစ်ခဲ့ကြမယ်လို့ ယူဆပါတယ်ခင်ဗျ။

ပကတိအနေအထားအရ သန့်ရှင်းရေးမလုပ်ရင်မဖြစ်လို့ သန့်ရှင်းရေးလုပ်နေပါတယ်၊ မကြာပါဘူး၊ မိနစ်ပိုင်းကလေးမှာတင် 'သုံးပွင့်တစ်ခိုင် ချစ်ခြင်းပြိုင် ဘယ်သူပိုင်ပိုင်ပန်းသလဲ' ဆိုတာကို ရှုစားကြရပါလိမ့်မယ်ဆိုတာ ပြောကြားလိုပါတယ်ခင်ဗျာ။

ဟုတ်ကဲ့ ... ကျွန်တော် 'မင်္ဂလာ' ပါ"

ဦးမင်္ဂလာကား မိုက်ခွက်ကိုအပိုင်စားရထားသဖြင့် ငါလို ဇမ္ဗူမှာရှိပါသေးသလားဟူသောအတွေးဖြင့် ဘဝင်ဟပ်လျက်ရှိ သည်။ ထိုအချိန်ဝယ် ဆြာလှကား ဘုန်းတော်ကြီးမှ ခေတ္တခ ကျောင်းသို့လာပါရန် အကြောင်းကြားသဖြင့် ဆြာလှလည်း ဘု ဘမသိနှင့် ကျောင်းပေါ်သို့တက်သွားရပြန်သည်။ ကျောင်းတော် လေသာပြတင်းမှရှုစားလျှင် ဇာတ်စင်ကြီးနှင့်ကွက်တိ။ တကယ့် ကြည့်ရှုကောင်းသောအနေအထား။

"ဩော် ... ဒကာလှတောင် ရောက်လာပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား … တပည့်တော်ကိုခေါ်တယ်ဆိုလို့ ဘာများမိန့်မလဲလို့ သိပါရစေဘုရား"

"တခြားဟုတ်ပါဘူး ဆရာလှရယ်၊ သည်ည နောက်ပိုင်းဇာတ်မှာတင်ဆက်မယ့်ဇာတ်ထုပ်က ဘာတဲ့"

"တောင်ပြိုးမင်းညီနောင်ပါဘုရား"

"ကောင်းတော့ကောင်းပါတယ် ဒကာလှ၊ ပရိသတ်တွေလဲ သဘောကျနှစ်သက်ကြမှာပါ။ ဒါပေတယ်လို့ မနက်ဖြန်လဲ ကျောင်းဆောင်သစ်ရေစက်ချဖို့ရှိလေတော့ အလှူရှင်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ အလှူနဲ့လိုက်ဖက်မယ့် 'ဝေဿန္တရာ' ဇာတ်ထုပ်များ ပြောင်းလဲက,မပေးနိုင်ဘူးလားလို့"

ကျောင်းထိုင်ဘုန်းတော်ကြီးက အတင်းကာရော မမိန့်ကြားဘဲ အကျိုးသင့်အကြောင်းသင့် မိန့်ကြားချေသည်။ မိန့်ကြားချက်ကို စွေးတောကြည့်တော့လည်း ဟုတ်သလိုလိုရှိနေသည်။ ကျောင်းဆောင်သစ်ကို ရေစက်ချမည့် ဒကာ,ဒကာမတွေဆိုသည်မှာ တခြားဟုတ်၊ ဆြာလှ၏ညီမ မခင်ထွားတို့ဇနီးမောင်နှံပင် မဟုတ်ပါလား။ သည်တော့ ကိုယ့်ညီမလင်မယားနှင့်တကွ ဘုန်းတော်ကြီးအပါအဝင် ဧည့်ပွဲလာပရိသတ်အပေါင်း နှစ်သက်စေမည့် ဝေဿန္တရာဇာတ်ထုပ်ကိုကပြရန် ဆုံးဖြတ်လိုက်တော့သည်။

"တင်ပါ့ဘုရား … တပည့်တော် ဝေဿန္တရာကိုပဲ တင်လိုက်ပါတော့မယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သာဓုပါဗျာ ... သာဓုပါ ... သာဓုပါ"

ဆြာလုလည်း မိုက်ကရိုဖုန်းရှင် ဦးမင်္ဂလာအား အစီအစဉ်ပြောင်းလွဲကြေညာပေးနိုင်ရန်အတွက် ကျောင်းပေါ်မှဆင်းခဲ့ပြန်ပါသဘည်း။



www.burmeseclassic.com

www.burmeseclassic.com

# သည်လိုလည်းပဲဖြစ်တတ်တယ်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကလောက်စောင် နွားငတ်ရေကျသောက်ထားလေသည်မသိ။

အောင်လံတော်ဗေထိခများ ပုလင်းလည်း လဲ၊ လူလည်း လဲနေပါပြီကော။ သူ့နံဘေးရှိ ပက်လက်ကုလားထိုင်မှာလည်း ရွှေ ပန်းတောမောင်ညွန့်တင်ခများ ပိုးလိုးပက်လက်။ အံမယ် ... အောင်လံတော်ဗေထိအဖို့ သူလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားတို့ကို တော့ အသိသား။

တစ်ကိုယ်လုံး ကျားဝတ်စုံကို ဝတ်ဆင်ထား၏။ အဲ ... ကြမ်းပြင်နံဘေးမှာတော့ ချွတ်၍ထားသော ကျားခေါင်းတစ်ခေါင်း ဘာပဲပြောပြော ... နောက်ပိုင်းဇာတ်ထုပ်ကဖို့ အတော်လေး လိုသေး၍ ရတတ်သမျှအချိန်ကလေးကို စည်းစိမ်ယစ်နေမိ သည်။ ထိုအချိန်မှာတော့ 'သုံးပွင့်တစ်ခိုင် ချစ်ခြင်းပြိုင်၍ ပိုင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပန်သလဲ’ဆိုသည့် ခေတ်ပေါ်ပြဇာတ်ကြီးသည် အကြမ်းအရမ်းများဖြင့် ဇာတ်အထွတ်အထိပ်သို့ ပို့ဆောင်ခဲ့ပေပြီ။

ရဲစုံထောက်ညိုကြီးနှင့် လူဆိုးခေါင်းဆောင် သာဂေါင်ကြီးတို့ မင်းသမီးကို သူလုကိုယ်လု လုကြရင်းမှ အပြန်အလှန် ပစ်ခတ်မှုတွေ ဖြစ်ပွားပြီး မင်းလည်းသေ၊ ငါလည်းသေဇာတ်ကို ခင်းသွားကြလေသည်။ သင်းတို့ မြန်မြန်သေကြ၍သာ တော်ရော့မည်။ သို့မဟုတ်က လက်ကိုဆောင့်ဆွဲလိုက်၊ အကြာကြီး ပွေ့ဖက်ပွတ်သပ်လိုက်နှင့် မူလပစ္စည်းများ သူ့နေရာနှင့်သူ ရှိမှရှိပါလေစဟုပင် စိုးရိမ်ရမလို။ ဒါတောင် ချက်ချင်းမသေသေးဘဲ အသက်ငင်ပြီး အလွမ်းသယ်နေချင်သေးသည်။ ပွေ့ဖို့ဖက်ဖို့ကြိုးစားပြန်သေးသည်။ သည်တော့ ကိုယ်လွတ်ရုန်းပြေးဖို့ကြိုးစားရသည်။ သာဂေါင်ကြီး၏ အပည့်တွေက အလွတ်မပေးကြ။ ဆရာ့ကိုယ်စား အသုံးတော်ခံရန် ထိုက်ဖမ်းကြသည်၊ သည်အခိုက် ရဲတပ်ဖွဲ့ကို ကောလိပ်ကျောင်းသား ခိုနိုသံမဏိက ခေါ်ဆောင်လာခဲ့သည်။ ရဲတပ်ဖွဲ့နှင့် လူဆိုးအဖွဲ့တို့ ဒိန်းဒိန်း တဒိုင်းဒိုင်းဖြင့် ရင်ဆိုင်တိုက်ပွဲဖြစ်သည့်အခိုက် လူဆိုးတစ်ဦးထံမှကျည်ဆံက မင်းသမီးကို ထိမှန်သွားပြီး မင်းသမီးလည်း လျှောက်သားနေရာတွင် လဲကျသွားလေသည်။ ထိုစဉ်မှာပင် လူဆိုးများအားလုံးကို ရဲတပ်ဖွဲ့ဝင်တို့က အောင်မြင်စွာ နှိမ်နင်းလိုက်နိုင်သည်။ လူဆိုးတို့အား အသီးသီးလက်မြှောက်စေပြီး ရဲတပ်ဖွဲ့ဝင်တို့ သေနတ်နှင့်ချိန်လျက် ဇာတ်ကန့်လန့်ကာနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားချိန်တွင် မင်းသားသည် သွေးအိုင်ထဲတွင်နေသော မင်းသမီးအား ပွေ့၍အလွမ်းသယ်ပါလေတော့၏။ နောက်ခံ

www.burmeseclassic.com



တီးလုံးကလည်း ကြားရသူ ဆို့နစ်ကြေကွဲလောက်အောင် အမှိုင်တေးသွားကလေးတစ်ခုကို နဲ့၏အချွဲနှင့် ဝန်းရံပေးထားလေ၏ ပရိသတ်သည် တုတ်တုတ်မျှပင်မလှုပ်။

"အချစ် ... အချစ်ဆုံး ... အချစ်ဆုံးရယ်"

"မောင် ... မောင်၊ အို ... မောင်ရှယ်၊ အား ... ကျွတ် ... ကျွတ်၊ မေတော့ မနေရတော့ဘူးမောင်"

"အို ... မဟုတ်တာ၊ မေ မသေရဘူး၊ မေ သေကို မသေရဘူး၊ မောင့်အသက်နဲ့ လဲလိုက်ပါ့မယ် မေ"

"မဖြစ်နိုင်တာတွေ မပြောပါနဲ့တော့ မောင်ရယ်"

ဇာတ်စင်ပေါ်၌ မင်းသားနှင့် မင်းသမီးတို့သည် အမှိုင်တေးသွားနှင့်လျော်ညီစွာ ရှိုက်သံသဲ့သဲ့နှင့် သရုပ်ဆောင်လေတော့ ၎င်းတို့နှင့်ထပ်တူပင် ပရိသတ်ကြီးခမျာ ငြိမ်ကျသွားပြီး မျက်ရည်ဝဲသူဝဲကြသည်။ အင့်ခံနဲဖြစ်သူဖြစ်ကြသည်။ ရှိုးခံနဲနှပ်ညှစ်သူညှစ်ကြသည်။ တကယ့်အစစ်မဟုတ်သော အနုပညာစွမ်းအားများ တယ်လည်းကြီးမားပေစွတကား။

သည်လိုမျိုးခံစားချက်ရှိသူ လူသားတွေတင်ပဲလားဆိုတော့ မဟုတ်။

တန်ဆောင်မုန်းည၏ လပြည့်ဝန်းကြီးသည်ပင်လျှင် ချစ်သူနှစ်ဦး၏အဖြစ်ကို မရှုရက်သဖြင့် တိမ်တိုက်တစ်ခုအတွင်း ခေါင်းထိုးလျက် ကွယ်ဝှက်နေရှာခဲ့ပေပြီ။

ဇာတ်စင်ပေါ်ရှိ မီးရောင်မလင်းတလင်းကလေးကလည်း အလွမ်းကိုပင့်ပေးသလို ဖြစ်နေပြန်ပါသည်ကော၊ ထိုစဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



မျှော်ပြန်လေက ဘာကိုဘယ်လိုမကျေနပ်လေသည်မသိ။ အရှိန်ပြင်းပြင်းဖြင့်ဆောင့်တိုက်လိုက်လေရာ မင်းသားရင်ခွင်ကြား ပက်လက်လျောင်းနေသော မင်းသမီး၏ထဘီအောက်နားစလည်း လန်ထွက်သွားပြီး မင်းသားစိန်သံမဏိ၏ခေါင်းပေါ်သို့ အုပ်သွားလေတော့သည်။ ထိုစဉ်မှာပင် ...

"ဝါး .... ဟား ဟား ဟား"

"ဟိုး ဟိုး ဟား ဟား ဟား ..."

ပရိသတ်၏ရယ်မောသံများ ပွဲခင်းတစ်ခုလုံး ဟိန်းထွက်သွားလေတော့သတည်း။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်သိမ်းခါနီးကျကာမှ ပရိသတ်၏မျက်ရည်ကိုမချူနိုင်ဘဲ ရယ်သံတွေသာ လွှမ်းမိုးသွားလေသည့်အတွက် ဇာတ်ဆရာခြောလှ အဖို့ မျက်နှာတစ်ခုလုံး မည်းတက်သွားလေတော့သည်။ ကဖျက် ယဖျက်နိုင်သော မြောက်ပြန်လေကို ပုဒ်ထီးပုဒ်မပါမကျန် မေတ္တာ ပို့နေမိတော့၏။

"ဟကောင် ... စိန်သံမဏိ၊ လာဦး ..."

"လာပါပြီ ... ခြောလှ"

"အခုအခန်းက နောက်ဆုံးခန်းနော်"

"ဟုတ်ကဲ့"

"နောက်ဆုံးပိတ် အိတ်နဲ့လွယ်ရတော့မှာ၊ သည်တော့ သေသေချာချာနဲ့ ပီပီပြင်ပြင်လုပ်၊ ဟုတ်ပလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဆြာလုရယ် ... အခုလဲ ကျွန်တော့်ဘက်အပိုင်းက ပီပီပြင်ပြင်လုပ်ပါရဲ့သားနဲ့ ဘေးပတ်ဝန်းကျင်ပယောဂကြောင့်ဖြစ်သွားရတာမဟုတ်လား"

"ဟုတ်ပါတယ်ကွာ ... ဟုတ်ပါတယ်၊ ကဲ ... ကန့်လန့်ကာဖွင့်တော့မယ်နော်"

"စိတ်ချ ဆြာလု"

သို့ဖြင့် ... နောက်ဆုံးခန်းအတွက် ကန့်လန့်ကာကို ဆွဲတင်လိုက်သည်။ နောက်ခံကားလိပ်၌ရေးခြယ်ထားသည့် ရှုခင်းရှုကွက်က သုသာန်သင်္ချိုင်းမြေ၏မြင်ကွင်း။ အုတ်ဂူတွေ၊ မြေပုံတွေ၊ မှတ်တိုင်လေးတွေက အစီအရီ။ အုံ့ဆိုင်းနေသောသစ်ပင်ကြီးအောက်မှာတော့ ဇရပ်ပျက်ကလေးတစ်လုံး။

ဇာတ်စင်အလယ်မှာတော့ သစ်သားဖြင့်ဆောက်လုပ်ကာ ဆေးသုတ်ထားသည့် အုတ်ဂူဖြူဖြူလေးတစ်လုံး။

နောက်ခံတီးလုံးကလည်း တကယ့်ကို အမှိုင်တေးသွား။

သည်အခန်းက ချစ်လျက်နှင့် ကံကြမ္မာ၏ရက်စက်မှုကြောင့် ကွယ်လွန်သွားရရှာလေသော မင်းသမီး၏အုတ်ဂူသို့ နှင်းဆီပန်းစည်းကလေးကိုကိုင်ကာ အစွမ်းကုန်လွမ်းပြရမည့်အခန်း ဖြစ်လေသည်။ အလွမ်းကို ပို၍တွန်းပို့ပေးစေရန် ပတ်ဝန်းကျင်အခြေအနေအား မှိုင်းရာသီအဖြစ် ဖန်တီးပေးထားသည်။ ဇာတ်စင်၏အမိုးတစ်နေရာ၌ နေရာတွင် အုတ်ဂူနှင့်တည့်တည့်၊ မင်းသားက ပန်းစည်းကလေးကို အုတ်ဂူပေါ်တင်။ ပရိသတ်ကိုကျောပေးပြီး လွမ်းဆွတ်နေစဉ် အပေါ်တည့်တည့်မှ ရေပန်းကရားလေးဖြင့် မိုးရေစက်ကလေးများ



www.burmeseclassic.com

www.burmeseclassic.com



သွန်းဖျန်းပေးခဲ့သည်။ သည့်အတွက် ဆြာလှက ကွက်တိစိစဉ်ဖန်တီးပေးထားသည်။

အထီးကျန်ဖြစ်သွားရရှာသော ကောလိပ်ကျောင်းသား စိန်သံမဏိသည် နှင်းဆီပန်းစည်းကလေးကိုကိုင်ကာ လေးတွဲ့သောခြေလှမ်းများဖြင့် ချစ်သူ၏အုတ်ဂူလေးရှိရာသို့ တစ်လှမ်းချင်းလျှောက်လာခဲ့လေသည်။

အုတ်ဂူအပါးသို့ရောက်လေသော် ပါလာသောနှင်းဆီပန်းစည်းကလေးအား အုတ်ဂူပေါ်သို့တင်လိုက်ပြီး ဆို့နင့်စွာစကားညည်းပါလေတော့သည်။

"မကြင်နာလို့ တမင်ခွာတိမ်းတာမဟုတ်လို့ စိမ်းကားရက်လေခြင်းဆိုပြီး စွပ်စွဲမပြောကြားလိုတော့ပါဘူး၊ မေ။

မဆုံစည်းနိုင်တဲ့ကံကြမ္မာကိုပဲ ရင်ကွဲနာကျရင်း အလွမ်းခရီးရှည်ကို ဖော်မဲ့အထီးကျန်ဘဝနဲ့ လျှောက်လှမ်းသွားရတော့မှာပဲ မေရယ် ... ပိုင်ပိုင်ပန်ချင်ပေမယ့် မပန်သာတဲ့ သံသရာမှာ ဒဏ်ရာဒဏ်ချက်တွေ ခါးစည်းခံလို့ လွမ်းမျက်ရည်စို့ရပါပြီ မေရယ် ...

ဟော ... တိမ်တိုက်တွေက မှိုင်းရိပ်ကယ်တည့် ညိုရောင်သမ်းနေပါပြီကောလား မေရယ်၊ မိုးတွေရွာပြီ မေ၊ သည်မိုးက မောင့်ကိုချစ်ပါတယ်ဆိုတဲ့ ... တာမလွန်က အလွမ်းမိုးပဲဖြစ်မှာပါ မေ ..."

အမှိုင်တေးသွားနှင့်အတူ စိန်သံမဏိ၏ မချိတင်ကဲစကားလုံးတွေက တုန်ယင်လှိုင်းခတ်လျက်ရှိကြသည်။ သည်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၏အလွှမ်းဂယက်သည် ပရိသတ်၏နှလုံးသားထိ ရိုက်ခတ်သွားကြကုန်၏။

အို ... ဟုတ်ပါရဲ့။ မိုးစက်ကလေးတွေက တကယ်ပဲ တဖွဲဖွဲကျနေပါပကောလား။ ဇာတ်ဆရာဆြာလှ၏ အကွက်စေ့မှုကြောင့် မကြာမတင်က အလွဲလွဲအချော်ချော်များသည် ပြန်လည်တည့်မတ်သွားခဲ့ပြီး လွမ်းဆွတ်ခြင်းအထွတ်အထိပ်ရှိရာသို့ ဦးတည်သွားကြလေတော့သည်။

"ခုလို ဖော်မဲ့အထီးကျန်ဘဝနဲ့ ကြေကွဲလွမ်းဆွတ်နေရတဲ့ကာလမှာပဲ ... မေချစ်တယ်ဆိုတဲ့ ပုန်းညက်ပွင့်ဖြူဖြူလေးတွေက မေ့အလွမ်းမိုးနဲ့အပြိုင် လှိုင်လှိုင်ကြီးပွင့်နေကြရှာပေါ့"

ဆွေးဆွေးမြေ့မြေ့စကားလုံးတို့အပေါ် ဇာတ်စင်အထက်ဆီမှ ဆုစက်ဖွားကလေးများက ကူထောက်ပေးနေကြရှာသည်။ ပရိသတ်အချို့ဆိုလျှင် အလွမ်းပိုင်သောမင်းသားအတွက် မျှော်မျက်ရည်များပင် ဝဲနေကြလေပြီ။

"ပုန်းညက်တွေ ဘယ်လောက်ပဲပွင့်နေပွင့်နေ ကိုယ့်အသည်းပန်းကတော့ ဝေဖို့ပြင်ဆင်နေဆဲမှာပဲ ကံကြမ္မာမုန်တိုင်းကြောင့် ကြွေခဲ့ပါ ... အ ... "

"ဂေါင်"

"အောင်မယ်လေး ... သေပါပြီဗျ"

စိန်သံမဏိခမျာ ဖီးလ်ဝင်၍မဆုံးလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စင်အမိုးထုပ်တန်းမှ ရေပန်းကရားလောင်းနေသော သံခဲသည် အိပ်ချင်မူးတူးဖြစ်သွားပြီး ရေပန်းကရားကို လွှတ်ချလိုက်လေရာ တန်းတန်းမတ်မတ်ဖြစ်သွားပြီး ရေပန်းကရားနှင့် စိန်သံမဏိတို့ ပူးစာဖက် ချစ်သက်ဝေသွားကြပြီး၊ စိန်သံမဏိမှာလည်း လောကကြီးတစ်ခုလုံးနှင့် ခေတ္တခဏမျှ အဆက်ပြတ်သွားပြီးသည့်သကာလ ပရိသတ်ထံမှ ရယ်သံများ ဝေါခနဲပေါ်ထွက်လာလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# အလွဲလွဲရယ်တဲ့အချော်ချော်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

တကယ့်အလွမ်းအဆွေးဖြင့် တသသဖြစ်ကျန်ရစ်ရမည့် 'သုံးပွင့်တစ်ခိုင်'' ပြဇာတ်ကြီးသည် အမှောင့်ပယောဂများပူးကပ်မှုကြောင့် ဟာသမြောက်သွားလေသည့်အတွက် ဇာတ်ဆရာ ဗိဇ္ဇာမဟိဒ္ဓိအာယုဇ္ဇော ဒခြာလှခမျာ ကြိတ်မနိုင်ခဲမရဖြစ်နေရတော့သည်။

"သိပ်လဲစိတ်မလှုပ်ရှားပါနဲ့ ခြာလှရယ် ... နောက်ပိုင်းဇာတ်ထုပ်က အစစအရာရာ အဆင်ပြေသွားမှာပါ"

"ဟင်း ... အဲသလိုပဲဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပေါ့၊ ကိုင်း... နောက်ပိုင်းဇာတ်ထုပ်ကဖို့ရာ ကြေညာတော့ဗျာ"

"စိတ်ချ ... စိတ်ချ ..."

ထိုသို့ပြောဆိုရင်းမှ ဦးမင်္ဂလာလည်း မိုက်ခွက်ကို ပါးစပ်နား တွင်တေ့လိုက်လေသည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟလို ... ကြွရောက်လာကြတဲ့ ဧည့်သည်ပရိသတ် အပေါင်း ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်ဝကြပါစေ ခင်ဗျာ ...

ရှေ့ပိုင်းပြဇာတ်ဖြစ်တဲ့ 'သုံးပွင့်တစ်ခိုင် ချစ်ခြင်းပြိုင်၊ ပိုင်ပိုင်ဘယ်သူပန်သလဲ'ဆိုတဲ့ အကြမ်းအရမ်းအလွမ်း ရသစုံ ဇာတ်လမ်းဇာတ်ထုပ်ကို တင်ဆက်လို့ပြီးသွားပြန်တော့ နောက်ပိုင်းဇာတ်ထုပ်ကို တင်ဆက်ပါတော့မယ်။

အဲသည်မှာ မပြောမဖြစ်ပြောရမယ့်ကိစ္စတစ်ခု ဝင်လာ ပါတယ်ခင်ဗျာ၊ ဒါကတော့ ကနဦးတင်ဆက်ကပြဖို့ ရည် ရွယ်ထားတာက 'တောင်ပြုံးမင်းညီနောင်'ဆိုတဲ့ နောက်ပိုင်း ဇာတ်မဟာကြီးပါ။ အဲသည်မှာ ရန်ကုန်ရွှေမြို့တော်ကြီးက ရောက်ရှိလာကြတဲ့ ကျောင်းဆောင်သစ်အလှူရှင်တွေနဲ့ ဆွာဦးဘုန်းတော်ကြီးတို့က အလှူ့ဒါနခန်းကို ဦးစားပေးစေ ချင်တဲ့ဆန္ဒရှိတာကြောင့် ကနဦးတင်ဆက်ဖို့ရည်ရွယ်ထား တဲ့ 'တောင်ပြုံးမင်းညီနောင်'ဇာတ်ထုပ်အစား၊ ဇာတ်ကြီး (၁၀)ဘွဲ့ထဲမှ တစ်ဘွဲ့ဖြစ်တဲ့ 'ဝေဿန္တရာ'ဇာတ်ထုပ်ကြီးကို တစ်ခမ်းတစ်နား တင်ဆက်ကပြသွားပါမယ်ခင်ဗျား"

"ဟုတ်ကဲ့ ... ကျွန်တော် 'မင်္ဂလာပါ'ခင်ဗျာ"

"ရှိုး ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

ပွဲကြိုက်သောပရိသတ်တွေဖြစ်လေသည်မို့ ဝေဿန္တရာ ဇာတ်မကလို့ ပဒုမပေါင်တိုဇာတ်ပဲလာလာ၊ တေက်ပြားဇာတ်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



ပဲခင်းခင်း နှစ်မြိုက်စွာအားပေးနေမည်သာပဲ ဖြစ်သည်။ သည်တော့
ဆူညံပွက်လောမှုများ ဘာမျှပေါ်ထွက်မလာခဲ့။

ပရိသတ်ထဲမှ ဆူညံပွက်လောသံတွေ ထွက်မလာသော်ငြား
မင်းသမီးပျော်ဘွယ်သူမတင်နွဲ့၏လင် ရွှေပန်းတောကိုညွန့်တင်နှင့်
အောင်လံတော်ဗေထိတို့မှာမူ ဦးရေတန်ခိုးဖြင့် တခေါခေါတခူးခူး
ဟောင်နေကြလေသည်။ အောင်လံတော်ဗေထိသည် အိပ်ပျော်နေ
သည့်အတွက် ဇာတ်ထုပ်အမျိုးအစားပြောင်းလဲသွားသည်ကို မသိ
လိုက်။ ကျားဝတ်စုံကြီးကိုဝတ်ထားသည်။ ခေါင်းဆောင်းမှာမူ နံဘေး
တွင် ပကတိအတိုင်းသား။

ဇာတ်ဆရာဆြာလုကတော့ လော်စပီကာမှတစ်ဆင့် ဦး
မင်္ဂလာ၏ကြေညာပေးမှုဖြင့် အောင်လံတော်ဗေထိအဖို့ သိလောက်ပြီ
ဟု ယူဆထားခဲ့သည်။ ထို့ကြောင့်လည်း ဝေဿန္တရာဇာတ်ထုပ်
အတွက် စိတ်ထဲ၌ စနိုးစနောင့်ဖြစ်မနေခဲ့။ ဘာကြောင့်ဆို သူ
ငှားလာခဲ့သောမင်းသမီး ပျော်ဘွယ်သူမတင်နွဲ့က မဒ္ဒီဒေဝီဇာတ်ရုပ်
မှာ ပီနေပြီးသား။ အောင်လံတော်ဗေထိကလည်း ကျရာဇာတ်ရုပ်ကို
သေတ္တာမှောက်ကနေသူမို့ ဘာမျှစိုးရိမ်စရာမလို။ ရွာစားကျော်စိန်လင်း
ကလည်း အပို့အပြု အင်မတန်ကောင်း။

သည်လိုနှင့် ဝေဿန္တရာဇာတ်ထုပ်ကြီးကို တင်ဆက်လိုက်
ပါပြီ။

မီးသမားက မီးရောင်စုံစပေါ့လိုက်များနှင့် နီ ပြာ ဝါ
စိမ်း မရမ်း လိမ္မော် အရောင်တွေစုံလင်စွာထိုးလျက်ရှိ၏။ နောက်
ကားချပ်ကား သစ်ပင်ကြီးငယ်များ၊ ကျေးငှက်သာရကာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းစိုပြည်လှစွာသော တောအုပ်တစ်အုပ်အဖြစ် မျက်စိပသာဒ ဖြစ်ဖွယ်ရာအတိ။

ဆိုင်းဝိုင်းက မေ့ာ်ရုံဟောဝန်တောမြိုင်စွန်တီးလုံးကို ငြိမ့်ညောင်းစွာ တီးခတ်လျက်ရှိပေသည်။ ဇာတ်လမ်းခွင်၌ တောတောင်ခေတ်ခွန် စိမ့်စမ်း နောက်ခံကားနှင့် သစ်ပင်ကြီးများ၏ တောအလယ်တွင် မျောက်၊ သမင်ကလေးများအဖြစ် သရုပ်ဆောင်သူတို့ကလည်း ငြိမ်သက်စွာထိုင်နေကြသည်။

ထိုအချိန်တွင် ပျော်ဘွယ်သူမတင်နွဲ့သည် ယောဂီအဝတ်အစားကိုဝတ်ဆင်လျက် လက်တစ်ဖက်က တံချူကိုကိုင်၊ ကျန်လက်တစ်ဖက်က ခြင်းတောင်းဆွဲလျက် ဖိုအပင်မှအသီးကို ချူဆွတ်ရန်နိုး၊ သည့်အပင်မှအသီးကို ချူဆွတ်ရန်နိုးဖြစ်နေသည်။ သူမ၏ဇာတ်ရုပ်ကား ဘုရားလောင်းဝေဿန္တရာမင်း၏ ပါရမီဖြည့်ဘက်ဖြစ်သော မဒ္ဒီဒေဝီ၏ဇာတ်ရုပ် ဖြစ်လေသည်။ သူမသည် လင်တော်မောင်နှင့် သားတော်၊ သမီးတော်များ စားသောက်ရန်အတွက် သစ်သီးအရှာထွက်လာခြင်းဖြစ်၏။

သည့်အခိုက် ကံအားလျော်စွာ အောင်လံတော်ဗေထိ နိုးလာသည်။

"ဟာ ... ငါ့အခန်းရောက်ပြီထင်တယ်"

အခကြေးငွေယူငင်ထားသည့်မို့ အလှည့်ကျလျှင် နွဲ့နေလို့ဖြစ်ရလေကား နေရာမှထကာ ကျားခေါင်းကိုကိုင်၍ ကန့်လန့်ကာကြားမှ ကပြနေသောဇာတ်စင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

"ဟာ ... ဘယ်လိုဖြစ်ရတာပါလိမ့်"

www.burmeseclassic.com



သူ့အဖို့ ယခုကပြနေသောဇာတ်သည် တောင်ပြုံးမင်းညီနောင်ဇာတ်ဟုပင် ထင်နေခဲ့သည်။ အံ့အားသင့်စရာကောင်းသည်က ခါတိုင်းကပြနေကျအခန်းစဉ်များ၌ မရွှေညသည် သည်လိုမျိုးယောဂီဝတ်စုံကိုမဝတ်။ တံချူကိုမကိုင်။ ခြင်းတောင်းကိုမဆွဲ။

"အင်း ... မရွှေညတော့ မရွှေအစစ်ပဲ၊ ဒါပေတယ်လို့ ခါတိုင်းလိုအဝတ်အစားမျိုးမဟုတ်ဘူးဆိုတော့ မဟုတ်မှလွဲရော ... မရွှေညတစ်ယောက် တောထွက်ဥပုသ်စောင့်ပြီး သက်သတ်လွတ်စားမလို့ထင်တယ်။

ဘာပဲဖြစ်ဖြစ်လေ . . . ဥပုသ်စောင့်တာရော၊ သက်သတ်လွတ်တာရော ဘာရောညာရော နားမလည်တော့ဘူး၊ ကိုက်စရာရှိရင်ကိုက်၊ ချီစရာရှိရင်ချီရမှာပဲ"

ထိုသို့ဆင်ခြင်တွေးတောပြီးသကာလ ကျားခေါင်းကိုစွပ်လိုက်ပြီး ကန့်လန့်ကာကြားမှနေ၍ ဇာတ်စင်ပေါ်သို့ထွက်လိုက်ကာ အမြီးတရမ်းရမ်းဖြင့် ရှေ့ကျွမ်းနောက်ကျွမ်း ထိုးလိုက်လေသည်။

သည့်နောက် မရွှေညအမှတ်နှင့် မဒ္ဒီဒေဝီအား ခုန်အုပ်တော့မလိုလို၊ ကိုက်ချီတော့မလိုလို မာန်ဖီသည့်အသွင်လုပ်နေလေသည်။

"ဟေး ... ဝါး ... ဟား ဟား ဟား"

"ရှီး ... ဖြောင်း ... ဖြောင်း .. ဖြောင်း .. မဒ္ဒီဒေဝီကို ထူးထူးဆန်းဆန်း ကျားချီပြီဟေ့ ... ကျားချီပြီ"

ကျားက ဇာတ်စင်၏ဘယ်ဘက်ထောင့် ပြေးလိုက်၊ ညာဘက်ထောင့်ပြေးလိုက်၊ မာန်ဖီလိုက်နှင့် ရှုးကြေငြမ်းကြော



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေသည့်အတွက် မဒ္ဒီဒေဝီလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကာ ဟိုပြေးရမလို၊ သည်ပြေးရမလိုဖြစ်နေသည်။

ပရိသတ်မှာလည်း တဝါးဝါး တဟားဟား။

"ဟေး ... ဘယ်လိုဖြစ်တာလဲကွ၊ လိုက်ကာမြန်မြန်ချ လိုက်ကာမြန်မြန်ချ"

အခြေအနေက မဟန်တော့မှန်းသိလေပြီမို့ ဆြာလှလည်း ဘမန်းကတန်းဆိုသလို လိုက်ကာကိုချခိုင်းလိုက်ရသည်။

သို့မှ မရွှေဥကျားချီခန်းမဟုတ်သည့် မဒ္ဒီဒေဝီကျားချီခန်း ကို နိဗ္ဗိတံရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ်လိုက်တာလဲ ... အောင်လံတော်ဗေထိရယ်၊ ဇာတ်တော်ထဲမှာလုံးဝမပါဘဲ မင်းလက်ထက်ကျကာမှ မဒ္ဒီဒေဝီကို ကျားချီရတယ်လို့၊ ငါ့နှယ် ... သေသာသေလိုက်ချင်တော့တာပဲကွာ၊ 'သုံးပွင့်တစ်ခိုင်'ပြဇာတ်တုန်းကလဲ အချိုကြီးချီလာခဲ့ပြီးမှ ဇာတ်စင်ပေါ်က နွားကချေးပန်းရတာနဲ့၊ မင်းသမီးထဘီလန်ပြီး မင်းသားခေါင်းအုပ်ရတာနဲ့၊ ရေပန်းကရားပြုတ်ကျရတာနဲ့၊ ဆင်ပြောင်ကြီးအမြီးကျမှတစ်ဆိုသလို ဖြစ်ရပြန်ပြီ"

"ကျွန်တော်ကလဲ ကိုယ့်အာရုံနဲ့ကိုယ် နစ်မျောနေမိတာဆိုတော့ တောင်ပြုံးမင်းညီနောင် မှတ်တာကိုး ဆြာလုရယ် ... စိတ်ချပါ၊ ကျွန်တော် နောက်အခန်းတွေရောက်ရင် အစစအရာရာ ပီပြင်စေရပါမယ် ဆြာလု"

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အားကိုးပါတယ် အောင်လံတော်ဗေထိရယ် . . . ရှေ့ပိုင်းတွေ ဘယ်လိုလွဲလွဲ နောက်ပိုင်းမှာ အကွက်စေ့သွားရင်တော့ ဖြေသာပါပြီကွယ်"

ဆြာလှခမျာ အားကိုးတကြီးနှင့် သူစီးရမည့်ဇာတ်အတွက် အောင်လံတော်ဗေထိအား တိုးလျှိုးမိတော့သည်။

"ကိုင်း ... သွားမယ်ဟေ့ ... စုစကာပုဏ္ဏားနဲ့ ဝေဿန္တရာ၊ မဒ္ဒီဒေဝီအခန်းတွေအတွက် လှုပ်ရှားလိုက်ဦးမယ်၊ ကိုယ့်အခန်း ဘာလဲဆိုတာသိတယ်နော်"

"သိပါတယ် ဆြာလှရယ် . . . စိတ်သာချသွား၊ အားလုံးအိုကေသွားစေရမယ်"

အောင်လံတော်ဗေထိ၏ကတိပေးမှုကြောင့် စိုးရိမ်စိတ်များ လျော့ပါးလျက် ဆြာလှလည်း ဇာတ်စင်နောက်ခုံပေါ်သို့ ပြန်တက်သွားလေတော့သည်။

ဤတွင် ကုလားထိုင်ပေါ်၌ စန့်စန့်ကြီး နဂါးမင်းစည်းစိမ်ခံစားနေခဲ့သည့် မင်းသမီးလေး ရွှေပန်းတောမောင်ညွှန့်တင်လည်း နိုးလာခဲ့ပေပြီ။

"ဗျို့ ... ကိုညွှန့်တင်၊ နိုးလာပြီလား"

"နိုးလာပါပြီဗျာ ... နိုးလာပါပြီ"

"ဒါထက် လက်ကျန်လေးဘာလေးများရှိရင် လုပ်ဗျာ၊ အရှိန်ကျသွားလို့ ပြန်တင်ချင်တယ်"

"တင်ရပါတယ်ဗျာ ... တင်ရပါတယ်၊ အဆင်သင့်ပါပဲ၊ ဟောဒီမှာ ဦးရေနှစ်လုံးတောင် လာပို့ထားတာရှိတယ်၊ ကြက်တောင်ပံရိုးကြော်တောင် ပါရှိသေး"

www.burmeseclassic.com



"ကောင်းတာပေါ့ဗျာ ... နေဦး ... ကျားဝတ်စုံ ချွတ်ပြီး သိကြားမင်းဝတ်စုံကို ကြိုလဲထားဦးမှပါ၊ ဒါမှ ကိုယ့်အခန်းရောက်တာနဲ့ အဆင်သင့်ဖြစ်နေမှာ"

သည်သို့ပြောဆိုပြီး ဖာတောင်းထဲမှ သိကြားမင်းအဲ့ဝတ် များကိုထုတ်လျက် ဝတ်ဆင်လိုက်တော့သည်။

"ကိုင်း ... ကိုဗေထိ၊ ချဗျာ ... ဒီလောက်ကောင်း တဲ့ ဦးရေ၊ ဒီရွာရောက်မှပဲ အားပါးတရ စိတ်တိုင်းကျ သောက်ရတော့တယ်၊ ကြက်တောင်ပံကလေးကလဲ ရှမ့်ရှ"

မင်းသမီးလင် ရွှေပန်းတောကိုညွန့်တင်ကား အလကားရ သည့်နွားနို့ သွားပင်ဖြူကြည့်မနေတော့ဘဲ တက်သုတ်ရိုက်နေပေပြီ။ ၎င်းနှင့်အမီလိုက်နိုင်ရန် သိကြားမင်းဝတ်စုံဖြင့် တင့်ပျဉ်ခွေထိုင်ရင်း အကြမ်းပန်းကန်လုံးထဲသို့ ငုံ့ထည့်လိုက်လေသည်။

ပွဲခင်းအတွင်းမှာတော့ ပရိသတ်သည် ဝေဿန္တရာမင်းကြီး၏ အပြော၊ မဒ္ဒီဒေဝီ၏အငို၊ ဇူဇကာပုဏ္ဏားကြီး၏လောဘသံတို့ကြားဝယ် ငြိမ့်ညောင်းသာယာလှစွာသော မင်္ဂလာဆိုင်းသံနှင့်အတူ မျောနစ် နေကြပေပြီ။

ကိုယ့်အခန်းမရောက်မချင်းတော့ ကိုယ့်လီမစ်ပြည့်အောင် ဖြည့်ဆည်းရမည်က သမိုင်းပေးတာဝန်ဟူ၍ အောင်လံတော်ဗေထိ ခံယူထားချေသည်။ ကြက်တောင်ပံကြော်ကလည်း မင်းသမီးလင် ချီးမွမ်းမည်ဆိုလည်း ချီးမွမ်းလောက်ချေသည်။ ဘယ်လိုမျိုးနည်း ဗျူဟာဖြင့် ကြော်ထားလေသည်မသိ။ မွှေနေ့ရှနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြည်း၏ကောင်းခြင်း၊ အရက်၏ကောင်းခြင်း အစရှိသော ကောင်းခြင်းနှစ်ဖြာတို့ကြောင့် အောင်လံတော်ဗေထိအဖို့ လီမစ် ကျော်လွန်ကာ ဦးခေါင်းပင်စိုက်လုလုဖြစ်နေပါပကော။

ထိုအချိန်တွင် ဓာတ်သမားတစ်ဦးက ၎င်း၏အခန်းကို ကပြီးသည်မို့ ဓာတ်စင်နောက်သို့ ဝင်လာသည်။ သူသည် ဇက်ကျိုးလုဖြစ်နေသော အောင်လံတော်ဗေထိကို တွေ့လိုက်ရလျှင် လှုပ်နှိုးလိုက်သည်။

"ဟေ့လူ ... ကိုဗေထိ၊ ခင်ဗျားအခန်းလာတော့မယ် လေ၊ ငိုက်မနေနဲ့၊ ထ ... ထ ... "

"အယ် ... ဟုတ်လား ..."

အောင်လံတော်ဗေထိလည်း မျက်လုံးမျက်ဖန်များကို ပွတ်သပ်ကာ နေရာမှ လူးလဲ၍ထဟန်ပြင်သည်။

"ငါ ... ငါ ... ဘယ်အခန်းက,ရမှာလဲ"

ဓာတ်သမားက ချွန်တွန်းသမား။ နောက်ချင်ပြောင်ချင်တာက အပြည့်အဝ။

"ခင်ဗျားက ဘီလူးအခန်းက,ရမှာလေ၊ ရော့ ... ရော့ ... ဟောဒီမှာ ဘီလူးခေါင်းနဲ့သန်လျက်"

အောင်လံတော်ဗေထိအနေဖြင့် ထွက်ရမည်က သိကြားမင်းအခန်း။

ယခုတော့ ဝတ်ထားသည်က သိကြားမင်းအဝတ်အစား။ ဆောင်းထားသည်က ဘီလူးခေါင်း။ လက်ထဲမှာလည်း သန်လျက်နှင့်၊



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ... မဖြစ်ဘူး ... ကန့်လန့်ကာနောက်ကွယ်က ကပ်ပြီး သတိပေးမှပါ၊ အရှက်ကတော့လေ ကွဲပြီးရင်းကွဲရင်းပဲ"

အောင်လံတော်ဗေထိမှာမူ ဘာမျှမသိ။

ဘီလူးအသွင် ဟန်ရေးပြသည်။

သန်လျက်ကို ခုတ်ထစ်ပိုင်းဖြတ်မည့်ဟန် ဇေ့ယမ်းပြသည်။

ပြီးတော့ ဘီလူးကြိမ်း,ကြိမ်းဖို့ ခွန်းဟလိုက်ချေ၏။

"သယ် ...

ငါသည်ကား ဣရေဣမြေ, ဣတောဣတောင်တို့အား အစိုးရတော်မူသော ဘီ ... ဘီ ... "

ရှေ့မဆက်နိုင်တော့ဘဲ တန့်ရပ်သွားချေ၏။

အကြောင်းမူ ရင်းနှင့်ကပ်လျက် နောက်ကွယ်ကန့်လန့်ကာမှ ဩဘာလှ၏သတိပေးစကားသံ ပေါ်ထွက်လာသောကြောင့်ပေတည်း။

"ဟော့ကောင် ... ဗေထိ၊ မင်းလုပ်ရမှာ သိကြားကွ၊ သိကြား၊ ပြန်ပြင်ပြော ... ပြန်ပြင်ပြော"

သည်သို့သတိပေးသံကြောင့် ကမန်းကတန်းဆိုသလို စကားအပြောအဆိုကို ပြန်ပြင်ဖို့ကြိုးစားရပြန်သည်။ ခန္ဓာကိုယ်မှအဝတ်အစားတွေကို ကြည့်သည်။ သိကြားအဝတ်အစား၊ ခေါင်းဆောင်းက ဘီလူးခေါင်း။

သည့်အတွက် ...



www.burmeseclassic.com

www.burmeseclassic.com

# ဝေးရတော့မည်ဆိုသောခါ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့" ဟူသော စကားရပ် ရှိသည်။

ထို့အတူ 'ပွဲပြီးမီးသေ' ဆိုသော စကားရပ်လည်း ရှိနေပြန် ချေ၏။

မည်သို့ဆိုစေ ... ဖွေးတော၏ ပြောစမှတ်တွင်စေမည့် တောဇာတ်ခွင်ကား သူ့ဟာနှင့်သူကတော့ လှပစွာ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပြီဖြစ်သည်။ ပွဲက မိုးစင်စင်လင်းသည်အထိ အစွမ်း ကုန် ခင်းကျင်းခဲ့လေရာ ပွဲပြီးရက်မှာတော့ လူတွေအားလုံး ပွဲကိုက် ကုန်ကြလေသည်။ တစ်နေကုန်တစ်နေခန်း မျက်တောင်တံခါးတွေကို ချက်ထိုးပြီး ကုလားသေကုလားမော အိပ်စက်ကျလေသည်။

နောက်ရက်တွေရောက်မှပင် လန်းလန်းဆန်းဆန်းဖြစ်လာ ကြကာ လယ်ယာလုပ်ငန်းခွင်သို့လည်းကောင်း၊ တောလုပ်ငန်းသို့ လည်းကောင်း ဝင်နိုင်ကြလေတော့၏။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... အစ်ကိုရေ့ ကိစ္စဝိစ္စတွေလဲ အားလုံးပြီးပြီ၊ မနက်ဖြန်ပြန်မှဖြစ်မယ်၊ ဟိုမှာလဲ ပြုပြင်ဖို့အပ်ထားတဲ့ကား တွေလဲ ပြင်ရဆင်ရဦးမယ် အစ်ကိုရဲ့"

"ဟုတ်တာပေါ့လေ ... ကထိန်မတိုင်ခင်ကတည်းက ရောက်နေကြတာဆိုတော့ ပြန်မယ်ဆိုရင်လဲ ပြန်ဖို့သင့်ပြီ ပေါ့၊ ပြန်ကြပေါ့ကွယ် ... "

"ဒါထက် ဖြူမကို တစ်ပါတည်းခေါ်သွားမယ်နော်၊ ဟုတ်လား အစ်ကို"

"အေး ... ခေါ်သွား ... ခေါ်သွား၊ ဒီဝေးတောမှာ နေလို့ကတော့ ဒီပုပ်ထဲက ဒီပဲ,ပဲဖြစ်မှာပဲ၊ လူမွေးလူရောင် ပြောင်မှာမဟုတ်ဘူး"

ဖခင်ဖြစ်သူဆြာလှ၏စကားကြောင့် လျှော်ဖွပ်ရမည့် အဝတ် အစားတွေကိုထုပ်ပိုးနေသော ဖြူမအဖို့ ထိတ်ခနဲဖြစ်သွားရလေသည်။

"ဖြူမလိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ အဘရယ် ... ဖြူမ မရှိရင် အဘရဲ့အဝတ်အစားတွေကို ဘယ်သူလျှော် ပေးမလဲ၊ အဘဖွယ်ဖွယ်ရာရာစားသောက်ရအောင် ဘယ်သူ က ချက်ပြုတ်ပေးမှာလဲ"

"မပူနဲ့ သမီး၊ ဒါတွေ ဘာမှမပူနဲ့၊ ခြေရင်းအိမ်က မအေးတင်တို့သားအမိက အဘရဲ့ဝေယျာဝစ္စတွေ လုပ်ပေး ကြလိမ့်မယ်"

မအေးတင်ဆိုသည်က လင်သေမုဆိုးမတစ်ဦး။



www.burmeseclassic.com

www.burmeseclassic.com



အသက်က လေးဆယ့်ငါး၊ ငါးဆယ်တွင်းဆိုတော့ ဘာ
ဖြစ်ဖြစ် အရွယ်က တင်သေးသည်။ ကျေနွ . . . အဘသည်
ဖြူမကိုဖယ်ထုတ်လျက် လွတ်လွတ်လပ်လပ် တစ်အိုးတစ်အိမ်
ထူထောင်ရမည့်သဘောပေလား။ မအေးတင်၏သမီး ခင်လေး
အပျိုဖော်ဝင်ကာစ။ အင်း . . . မဟုတ်မှလွဲရော။ တစ်ခုခုတော့
တစ်ခုခုပါတည်း။

"ဘာလဲ . . . အဘက ဖြူမကို မျက်နှာလွှဲခဲ့ပစ်
တစ်မြို့တစ်ရွာကိုပို့ပြီး နောက်အိမ်ထောင်ပြုမလို့မဟုတ်
လား"

"ဟယ် . . . ဒီကလေးမ ပေါက်ပေါက်ရှာရှာတွေ
ပြောရော့မယ်၊ ငါက ငါ့သမီးလေး ကောင်းစားပါစေ၊
ဘဝအခြေအနေတိုးတက်မြင့်မားပါစေဆိုတဲ့ စေတနာနဲ့
စီမံပေးတာ၊ ငါ့စေတနာကို ယောင်လို့တောင်မှမစော်ကားနဲ့"

"သမီးက စော်ကားတာမဟုတ်ပါဘူး အဘရယ်၊ အဘ
အတွက် စိတ်မချလို့ပါ၊ ပြီးတော့ . . . သမီး ဂွေးတော
ရွာကလေးကို ခွဲမသွားချင်ဘူး အဘရယ်"

ဖြူမ၏စကားထဲ၌ ရှိုက်သံသဲ့သဲ့လေးများ ပါလေ
သလားမသိ။ အမှန်တကယ်လည်း ဂွေးတောရွာကလေးမှ ခွဲ
သွားရလျှင် ချစ်ရသူကိုဖိုးအေးနှင့် တစ်သက်ဝေးကွာရတော့
ဆိုသည့်အသိကြောင့် ဝမ်းနည်းကြေကွဲသွားရပြန်ပါသည်။

သည်လိုအချိန်မျိုးတွင် ချစ်သူကိုဖိုးအေးကို အ
ရှိနေစေချင်သည်။ ရှိနေလျှင်ဖြင့် သူမနှင့် ချစ်ရသူတို့၏အရေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိစ္စအတွက် မည်သို့မည်ပုံ ဆောင်ရွက်ကြမည့်အကြောင်း ဆွေးနွေးမိမှာသေချာသည်။

ဖြူမအနေဖြင့် ကိုဖိုးအေးနှင့်မဝေးကွာလိုပါ။

မြို့ပြရန်ကုန်၌ ရွှေဘုံပေါ်တွင်ထိုင်ကာ ဇိမ်တွေ့မပါသော အိမ်ထောင်ရေးကို မတည်ဆောက်လိုပါ။ ချစ်ရသူနှင့်အတူနေထိုင်ပြီး ဘူဘောင်ဖက် မောင်တစ်ထမ်းမယ်တစ်ရွက် အနေပ်လုပ်ကိုင်ကာ အမင်းကြမ်းခဲကို ယပ်ခတ်၍သာစားလိုက်ချင်တော့သည်။

သည့်အတွက် ... ကိုဖိုးအေးနှင့် သည်နေ့ည မဖြစ်မနေ တွေ့ဆုံနိုင်ရေးအတွက် ချိန်းဆိုမှဖြစ်တော့မည်။ ဤတွင် စာရွက်လွတ် တစ်ရွက်ဆုတ်ကာ ခဲတံကို တံတွေးဆွတ်လျက် ခပ်သော့သော့လေး ရေးချလိုက်သည်။

"ကိုဖိုးအေး ...

သည်ည အရေးကြီးတယ်။

ပြောစရာစကားတွေလဲ အများကြီးပဲ။

မနက်ဖြန်ဆို ဖြူမကို ကြီးတော်တို့က ဝေးတောကနေ ရန်ကုန်ကို အပြီးခေါ်သွားကြလိမ့်မယ်။ အဘကလဲ ဖြူမ ကို အပြီးအပိုင်ထည့်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ။

ဒါကြောင့် ... တစ်ခုခုဆုံးဖြတ်ရအောင် ခါတိုင်း ဆုံနေကျနေရာလေးမှာ ဖြူမ စောင့်နေမယ်။

ဆက်ဆက်လာခဲ့နော် ..."

ချစ်တဲ့
ဖြူမ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာရေးပြီးလေသောအခါ အခေါက်ကလေးခေါက်လျက် အိမ်နောက်ဖေးပေါက်မှဆင်းသွားပြီး တစ်ဖက်ခြံသို့ ကူးသွားခဲ့သည်။

အဆင်သင့်ဟုဆိုရမည်။

ခင်လေးကိုတွေ့လိုက်ရသည်။ သည်တော့လည်း အပါးသို့ ခေါ်လျက် အကျိုးအကြောင်းပြောပြီး စာခေါက်ကလေးအား ခင်လေး လက်တွင်းသို့ ထည့်လိုက်လေသည်။

"အစစအရာရာ စိတ်ချပါရစေ ... ခင်လေးရယ်"

"စိတ်ချပါ မမဖြူမရဲ့၊ ခင်လေး အစ်ကိုကြီးဖိုးအေးရဲ့ လက်ထဲကို မရောက်ရောက်အောင် ထည့်ပေးပြီးမှ ပြန်လာမှာပါ"

"ကျေးဇူးပါပဲ ခင်လေးရယ်၊ သွားမယ်နော် ညီမလေး"

"ဟုတ်ကဲ့ မမ"

ဖြူမလည်း ဣန္ဒြေမပျက်၊ဟန်မပျက်ပင် နောက်ဖေးပေါက်မှ တစ်ဆင့် အိမ်ပေါ်သို့လှမ်းတက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလပြည့်ကို ကျော်လွန်သွားခဲ့ပြီမို့ ညဦးပိုင်းမှာတော့ ကောင်းကင်ကမ္ဘာ၌ ပိတ်ကားအမှောင်ကြီးက ငွေးတောတစ်ရွာလုံးအား အုပ်မိုးထားသကဲ့သို့ရှိလေသည်။ သို့သော်ငြားနိုးပိန်းပိတ်လောက်အောင်တော့ မမှောင်ခဲ့။ ဘာ့ကြောင့်ဆို ငွေရာစိန်မှုန်ကြဲသကဲ့သို့ ကြယ်ပွင့်ကြယ်ပြောက်ကလေးတွေက ဟူရာကမ္ဘာ၌ ရက်ဖောက်တွဲခိုနေခဲ့သည်မဟုတ်ပါကလား။

မကြာခင်မှာတော့ ယုဂန်ဗွေအစွန်းမှ အနားစအချို့ ပဲ့ကြွေသွားခဲ့လေသည့် လဝန်းသီတဂူသည် အမှောင်ထုအား စွမ်းနိုင်ရာလင်းတတ်ကို ဖြန့်ကြက်ရန်အလို့ငှာ တရိပ်ရိပ်တက်လာခဲ့ပေသည်။

ဖြူမသည် ရင်တထိတ်ထိတ်ဖြင့် ချစ်သူကိုဖိုးအေးရောက်လာကို စောင့်စားနေလေသည်။ ခင်လေးအနေဖြင့် သူမ အရေးရေးပေးလိုက်သောစာအား ကိုဖိုးအေးလက်ထဲ ထည့်ခဲ့လေသလော၊ မထည့်ခဲ့လေသလော မသိ။

www.burmeseclassic.com



တကယ်သိလိုက်ချိန်မှာတော့ ဖြူမ၏ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားသကဲ့သို့ ခံစားနေရပါချေပြီ။

"ခင်လေး ... ကိုဖိုးအေးကိုသွားရှာတယ်၊ မတွေ့ခဲ့ဘူး မမ၊ အဲသည်နေ့က ပိုးထိတဲ့ကလေးတစ်ယောက်ကို သူကိုယ်တိုင်လှည်းမောင်းပြီး မြို့ဆေးရုံသွားပို့တယ်တဲ့"

ချစ်ရသူ၏ရုပ်ရွာအပေါ်ထားရှိသည့် လူမှုရေးစိတ်ဓာတ်က နှစ်ဦးသားပေါင်းစပ်ရမည့် ကမ္ဘာတစ်ခုအား အလွှာထုပါးပါးကလေးဖြင့် ကမ္ဘာခြားခဲ့စေပြီလား။

"ဒါဆိုရင်တော့ ... ဖြူမနဲ့ဝေးပြီ ကိုဖိုးအေးရယ်၊ ဝေးပြီ၊ ဝေးကြပြီပေါ့"

ကံကြမ္မာက ချစ်သူနှစ်ဦးအပေါ် ရက်စက်လွန်းသည်ဟု ထင်သည်။ ဖြူမ၏ပါးပြင်ထက်မှာတော့ ဘယ်ကဘယ်လို လျှံကျလာလေသည်မသိ။ မျက်ရည်တွေ ရစ်ခွေစီးဆင်းလာလေသည်။ ဆက်စောင့်လို့ကတော့ ခြင်ကိုက်၊ ဖြုတ်ကိုက်ဒဏ်သာ ခံရဖို့ရှိတော့သည်။ ကိုယ့်အိပ်ရာရောက်ပါမှပဲ အားရပါးရ အသံမဲ့ငိုကြွေးခြင်းဖြင့် ငိုကြွေးလိုက်တော့မည်ဟု သဘောပိုက်လိုက်ပြီး လေးပင်သောခြေလှမ်းများဖြင့် အိမ်ဘက်သို့ ပြန်လည်လျှောက်လှမ်းလာခဲ့လေသည်။

အိမ်ပေါ်သို့အသံမထွက်အောင် ခြေလုံလုံဖြင့်တက်ခဲ့ပြီး အိပ်ရာ၌ မျက်နှာနှင့်ခေါင်းအုံးကို ကပ်လိုက်သည်။

ဩော် ... ခေါင်းအုံးကလေးတောင် ချမ်းနေရှာပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



အဘနှင့်ကြီးတော်တို့ကား ရေနွေးကြမ်းတစ်အိုး၊ ငါးရံ့ခြောက်ဖုတ်တစ်ပန်းကန်ဖြင့် စကားတွေ လက်စမသတ်နိုင်သေး။

"မနက်ဖြန်ကျရင် ငါ့သမီးလေးကို ငါကိုယ်တိုင် လှည်းနဲ့ သဘောဆိပ်ကိုလိုက်ပို့မယ် ခင်ထွား..."

"ကောင်းတာပေါ့ အစ်ကိုရယ်၊ ဟိုရောက်ရင် ဖြူမတော တူမဆိုပေမယ့် ကျွန်မတို့မှာ သားသမီးရင်းချာမှမရှိတာ၊ သူ့ကိုပဲ သမီးလေးလိုချစ်ရမှာပဲ၊ ကျွန်မတို့လင်မယား နှစ်ယောက် ရှာဖွေစုဆောင်းထားသမျှက ဖြူမအတွက်ပဲ ဖြစ်စေရမယ်လို့ ကျွန်မ ကတိပေးပါတယ် အစ်ကို"

"အေးပါကွယ် ... အေးပါ၊ စိတ်ချပါတယ်၊ ငါလဲ မကြာခဏဆိုသလို နင်တို့ဆီရောက်ရောက်လာဦးမှာပါ၊ ပြီးတော့ သမီးကညာအခါမလင့်သာဆိုသလို ငါ့သမီးလေး ဖြူမဟာ အသက်သိပ်မငယ်တော့ဘူး။ အဲဒါ နင်တို့ကပဲ ငါကိုယ်စား မိဘနေရာကနေပြီး တင့်တောင်းတင့်တယ် ဖြစ်အောင် စီမံပေးပေတော့"

"သည့်အတွက်လဲ ဘာမှနောက်ဆံမတင်းပါနဲ့ အစ်ကိုရယ်၊ အစစအရာရာ ကျွန်မတို့တာဝန်တွေလို့ သဘောထားလိုက်ပါ။ အစ်ကိုသာ ကိုယ့်ကျန်းမာရေး ဒေါင်ဒေါင်မြည်နေအောင်ကြိုးစား၊ ဟုတ်ပလား ..."

အဘနဲ့ ကြီးတော်တို့၏စကားတွေက သူမအပေါ်တွင် သစ္စာတရားကြီးမားကြောင်း ထုတ်ဖော်ပြသလိုဖြစ်နေပါသော်လည်း

www.burmeseclassic.com



တကယ့်ရင်ထဲက ချစ်ရသူနှင့်ကွေကွင်းရတော့မည့်အရေးအတွက် ဖြူမရင်ထဲမှာတော့ ပူတယ်လေ ဆယ်နေကဲရပါပကော။

"ကဲ ... ကဲ ... အချိန်လဲ မနည်းတော့ဘူး။ မနက်စောစောထလို့ ရွာဦးဘုန်းကြီးကျောင်းသွားပြီး ကန်တော့ရဦးမယ်၊ ပြီးရင် သင်္ဘောဆိပ်ဆင်းရဦးမယ်၊ အိပ်ရာဝင်ကြချေတော့"

"ဟုတ်ကဲ့ ... အစ်ကို"

ဆြာလှ၏စကားဖြတ်မှုကြောင့် ကြီးတော်နှင့် ဦးလေးလည်း အိပ်ရာဝင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အသည်းကောင်းလို့ပွဲတောင်းသည်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

မကြာခင်အရုဏ်တက်၍ တစ်မိုးသောက်ပေတော့မည်။

မိုးမြန်မြန်လင်းပါတော့။ ဒါမှ ရွာနီးချုပ်စပ်ရှိ ကြက်တစ်ခုလပ်၊ ကြက်အပျိုဟိုင်း၊ ကြက်အပျိုစင်တို့ကို အားရပါးရ ရစ်ဝဲရလေမည်မို့ ဖြူမမွေးအားသော ကြက်ဖကြီးရွှေနီသည် အတောင်ပံတဖြန်းဖြန်းရိုက်ခတ်ရင်း 'အချစ်ဆိုတာ ငါပဲဟေ့'ဟု အနက်အဓိပ္ပာယ်ရမည့် ကြက်ဘာသာစကားဖြင့် လောကဓာတ်ခွင်အား 'အောက် အီ အီး အွတ်'ဟု ပွဲတင်ရိုက်ခတ်လေတော့သည်။

သည်အချိန်ဝယ် အဘနှင့်တကွ အိမ်သူအိမ်သားအားလုံးလည်း အိပ်ရာမှနိုးနေကြပေပြီ၊ ကိုယ်လက်သန့်စင်ပြီး ရေနွေးကြမ်းတစ်ခွက်စီသောက်ပြီးသကာလ ဘုန်းတော်ကြီးကျောင်းရှိရာသို့ ခြောင်းကိုယ်တိုင် ငှည်းမောင်း၍ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် နာရီအပိုင်းအခြားအတွင်း ငွေးတောရွာကလေးသည် သူမနှင့်တစိမ်းပြင်ပြင်ဖြစ်ရတော့မည့်အရေးအတွက် ရင်မချိအောင်ခံစားနေရသူက ဖြူမမှုဖြူမရယ်ပါ။

ကြီးတော်တို့က လှူဖွယ်ဝတ္ထုများအား ဘုန်းတော်ကြီးထံ ဆက်ကပ်လိုက်ပြီး ရှိသေစွာကန်တော့ဇိုက်ကြသည်။

"သာဓု သာဓု သာဓု ...

သည်လိုမျိုး ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာသုံးပါးကို ဦးထိပ်ထားပြီး လှူဒါန်းပူဇော်ရတဲ့အကျိုးကြောင့် သွားလေရာလာလေရာ ဘေးမသီရန်မခပါစေနဲ့၊ အနာမျိုး (၉၆)ပါး အစရှိတဲ့ ရောဂါအပေါင်းမှ ကင်းဝေးကြပါစေ၊ ဘုန်းကြီးလို့အသက်ရှည်ပါစေ၊ ပဒုမ္မာရွှေကြာပန်းသဖွယ် လန်းဆန်းမွှေးကြိုင်ပြီး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခတို့နဲ့ ပြည့်စုံကြပါစေ။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပ မေဝ သမိဇ္ဈတု လိုအပ်သောဆု၊ တောင့်တသောဆုမှန်သမျှ မပူမပင် မကြောင့်မကြရဘဲ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဘုရား"

"အိမ်း ... သွားကြ ... သွားကြ၊ ဘုန်းကြီးလဲ တရားမှတ်စရာရှိသေးတယ်"

ဆြာလုတို့အားလုံး ဘုန်းကြီးကျောင်းပေါ်မှ ပြန်ဆင်းလျက် သို့ပြန်လာခဲ့ကြသည်၊ အိမ်မှာက အထုပ်အပိုးတွေကို စိ ထုပ်ပိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားဖြစ်၏။ ဒါတွေကို လှည်းပေါ်တင်လျက် သဘော်ဆိပ်ရှိရာသို့ သွားကြရမည်မဟုတ်ပါလား။

ဖြူမ စဉ်းစားကြည့်ပါသည်။

အကယ်တန္တု ... ညတုန်းကသာ ကိုဖိုးအေးရောက်လာခဲ့လျှင် ဖြစ်ချင်ရာဖြစ်ဟူ၍ ကိုဖိုးအေးနှင့်အတူ ဘဝတစ်ခုထူထောင်ရန် ဆုံးဖြတ်လိုက်မှာ သေချာသည်။ ခုတော့ အားကိုးအားထားပြုချင်သည့်ချစ်သူကလည်း ပရဟိတကိစ္စအတွက် ဝေးတောရွာတွင် ရှိမနေခဲ့။

"ကိုင်းဟေ့ ... နေတောင်ထွက်လာပြီ၊ သဘော်ဆိပ်ကို စောစောရောက်တာကောင်းတယ်၊ နို့မဟုတ်ရင် လမ်းမှာနေပူမိနေလိမ့်မယ်၊ ကဲ ... ဖြူမရေ ... ပစ္စည်းတွေ စုံမစုံ စစ်ဆေးပြီး လှည်းပေါ်တင်ပါဟေ့"

"ဟုတ် ... ဟုတ်ကဲ့ ... အဘ"

ဝမ်းနည်းကြေကွဲစိတ်ကိုမြိုသိပ်ရင်း ဖြူမသည် ပစ္စည်းစုံမစုံစစ်ဆေးပြီးသည့်နောက် အထုပ်များ၊ ဆွဲခြင်းများကို အိမ်ပေါ်မှ ချကာ လှည်းအိမ်ပေါ်သို့ နေရာတကျတင်လေသည်။

"ကိုင်း ... စုံပြီဆိုရင် တက်ကြတော့ဟေ့၊ စောစောလေးထွက်ကြမယ်"

ဆြာလှ၏စကားကြောင့် အားလုံးသည် လှည်းပေါ်သို့ကိုယ်စီတက်လိုက်ကြချေသည်။ သည့်နောက် ဆြာလှလည်း နွားကြိုးကိုကိုင်၍ ကြိမ်တံကို တဆဆလှုပ်ရင်း ခြံဝင်းထဲမှ လှည်းလမ်းကြောင်းရှိရာသို့ ဖဲ့ထွက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်တစ်ခင်း လင်းခဲ့ပြီမို့ အိပ်တန်းမှနိုးထလာသော ဘူးငှက်များမှာ အစာရှာရန်အတွက် တောင်ပံအစုံခတ်ရင်း တစ်ပင်တစ်ပင် ကူးလူးပျံသန်း၍ မာဂဓတေးသွားများကို သီကျူးနေလေပြီ။

"စိုး စီ စိုး စီ"

"ရှီ ... ကျွတ် ကျွတ် ကျွတ်"

"တက်တက်တူ ခါး ခါး"

"ဘွတ် ရှဲ ရှဲ"

"ဘွတ် ကလုံ ဘွတ် ကလုံ"

သာရကာငှက်ကျေးအပေါင်းက သူတို့အားသန်ရာတေးသွားများကို ရင့်ကျူးနေကြသည်။ ခါတိုင်းရက်တွေဆိုလျှင်ဖြင့် အဆိုပါ ဘာဂဓတေးသွားတို့သည် ဖြူမအတွက် ကြည်နူးစရာကောင်းလှစွာသော ကျေးလက်ဂီတဖြစ်ခဲ့ပါသည်။ ခုတော့ဖြင့် သည်တေးသွားများက ကြေကွဲဂီတကို ဖန်တီးပေးနေသည်နှင့်မခြား။

ဆြာလုံ၏လှည်းယဉ်ကြော့ကလေးက မကြာခင်မှာပဲ ငွေးတောရွာကလေးမှ ထွက်လာခဲ့သည်။

အမိဝမ်းမှကျွတ်ကတည်းက သည်အသက်အရွယ်ထိတိုင် ပျော်ရွှင်စွာနေထိုင်ခဲ့ရလေသော ငွေးတောရွာ။ သည်ငွေးတောရွာမှာ နေလျက် ငွေးတောရွာထွက် အစားအသောက်များကိုစားသောက် ကြီးပြင်းလာခဲ့ရသည်။ ခုတော့ ... သည်ရွာကလေးကို ဖြူမ ဘာဝရခွဲခွာရတော့မည်။

ဝေး၍ဝေး၍ကျန်ရစ်စပြုလေသော ငွေးတောရွာကလေးကို အခင်လည်ပြန်ငေးကြည့်ရင်း ဖြူမ၏မျက်ဝန်းတွေ ညို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက် နှောင်းခဲ့လေသောသကြန်တွင် ချစ်သူတွေဖြစ်ကြကာ သံယောဇဉ်ပိုခဲ့ရလေသော၊ ယောက်ျားပီသ၍ ပရမ်းအ စိတ်ဓာတ်အပြည့်အဝရှိလေသော ဖိုးအေးကို မြင်ယောင်ရင်း အ နှင့် ကြီးတော်တို့မမြင်အောင် မျက်ရည်သုတ်နေမိတော့သည်။

လှည်းယဉ်ကြော့ကလေးက လှည်းလမ်းတစ်လျှောက် ပုံမှ မောင်းနှင်ပြေးလွှားလျက်ရှိလေသည်။ မကြာခင် လူသူကင်းပြတ် သည့် ရှမ်းစုသချိုင်းသို့ ရောက်တော့မည်။ သည်သချိုင်းကား နာမည်ကြီးလှသည်။ ညဘက်လှည်းမောင်းတော့မည်ဆိုလျှင် အနည်း ဆုံး နှစ်စီးလောက်သွားနိုင်ပါမှ သင့်တော်သည့်နေရာ။

သချိုင်းအတွင်းမှာတော့ မဏိသြဃပင်များက အမြိုင် အရိုင်း။ ထန်းပင်တွေက အစီအရီ၊ ဗိစပ်ခြုံတွေက အုပ်အုပ်ဆိုင် ဆိုင်း။ လက်ပံပင်ကြီးတွေမှာတော့ ကျီးအာသီးများက နွယ်တက် လျက် နီရဲသောအသီးများကို သီးပေးလျက်နေကြသည်။ ဆိုင်ကာ ပင်များအကြားဝယ် ကြက်ဆူရွေးနတ်သီးပင်များ၊ ဇော်ဂျီတောင်ဝှေး ပင်များ၊ အစေ့ပါသောတောငှက်ပျောပင်များ၊ ရှင်သူငယ်ဂမုန်းပင် များက ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိသည်။

ညဆိုလျှင် အဆိုပါသချိုင်းထဲမှ ခွေးအအုပ်များက ထွက် လာတတ်ကြသည်။ ကျောခြမ်းဖွယ်ရာ ညည်းညူသံများ ပေါ်ထွက် လာတတ်သည်။ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများကလည်း ပေါ်ထွက်လာ တတ်သည်။ ဂျပန်ခေတ်ကတည်းက တည်ရှိခဲ့လေသော ရေ ပျက်အား ဖုံးအုပ်ထားသည့် သွပ်ပြားဟောင်းထဲမှလည်း ခြော ခြောင်း တဒိုင်းဒိုင်းအသံတွေ ထွက်ပေါ်လာတတ်ရာ တော



www.burmeseclassic.com

www.burmeseclassic.com



ဘိန်ရုံ လှည်းသမားများအနေဖြင့် အခိုပါ ရှမ်းရုသချိုင်းအား ရှောင်သွားတတ်ကြသည်သာတည်း။

ပြောမည့်သာပြောရသည်။

လှည်းမောင်းလာသော ဆြာလှကိုယ်တိုင်ပင်လျှင် သည် သချိုင်းကို ဖြတ်သန်းရတော့မည့်အတွက် ရင်ထဲလေးသလိုလို။ ခြေဖျားလက်ဖျားတွေကလည်း အေးစက်လာသလိုလို။ သို့သော် ယခုရှိအခြေအနေမှာ ကိုယ်က လူကြီးသူမတစ်ယောက်အနေဖြင့် ဦးဆောင်လာခဲ့သူမို့ အတတ်နိုင်ဆုံးတော့ စိတ်ကိုတင်းထားရသည်။

"ဟော့ ... ရပ်၊ ရပ်လိုက်စမ်း ... "

မမျှော်လင့်ပါဘဲနှင့် သင်္ချိုင်းထဲမှ ပေါ်ထွက်လာသည့်အသံ။

အသံနှင့်မရှေးမနှောင်းမှာပင် ငှက်ကြီးတောင်ဓားနှစ်လက် ကိုကိုင်ထားသည့် မျက်နှာဖုံးစွပ်လူနှစ်ဦးသည် လှည်းလမ်းပေါ်သို့ အတင့်ဝင့်ဖြင့်ရောက်လာကာ လှည်းရှေ့၌ ဆီးတားလိုက်သည်။

"အားလုံး လှုပ်ရှားဖို့မကြိုးစားကြနဲ့နော် ... ကျုပ်တို့ လက်ထဲမှာရှိနေတဲ့ ငှက်ကြီးတောင်က သွေးသိပ်ဆာနေ တာ၊ ကျုပ်တို့ လူသတ်ဖို့ဝန်မလေး ... "

"အောင်မယ်လေးလေး ... ဘုရား ... ဘုရား ကိုယ်တော်မှုပါ၊ ကယ်တော်မူကြပါ၊ အသက်ကိုချမ်းသာ ပေးကြပါ မောင်မင်းကြီးသားတို့ရယ် ... ကျုပ်တို့ ရန်ကုန်ကညွှသည်တွေပါတော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ထွားခမျာ မမျှော်လင့်ဘဲ အသက်အန္တရာယ်ကျ ရောက်နိုင်ဖွယ်ရာ အန္တရာယ်ဆိုးနှင့် ရင်ဆိုင်တိုးရလေသည်မို့ ဘုရား တ,ရင်း သူမ၏လက်မှ လက်ကောက်တို့ကို ချွတ်ရန်ဟန်ပြင်သည် လည်၌ဆွဲထားသော ရွှေဆွဲကြိုးကြီးကိုဖြုတ်ရန် ဟန်ပြင်သည်။

"ခင်ဗျားတို့ ရန်ကုန်က ဧည့်သည်တွေမှန်းသိလို့ လာပြီးစောင့်နေတာပဲ၊ ခု ... အနုကြမ်းစီးနေတာ"

"ချမ်း ... ချမ်းသာပေးပါ မောင်တို့ရယ်၊ ဦးတို့က သည်ပစ္စည်းတွေကို ရိုးရိုးသားသားနဲ့ သမ္မာအာဇီဝကျကျ ရှာဖွေထားရတာပါ"

ဦးလေးလုပ်သူမှာလည်း မမျှော်လင့်သောအသက်အန္တရာယ် အတွက် အသံတုန်တုန်ယင်ယင်ဖြင့် ရှိခိုးဦးချမတုတ် တောင်းပ ရှာလေသည်။

"ဟား ... ဟား ... ဟား ... အခွင့်သာခိုက်မှ သည်လိုမျိုးအဖိုးတန် ရွှေတွေ,ငွေတွေကို လက်လွှတ်ဆုံးရှုံး လိုက်ရမယ်ဆိုရင် အမိုက်ကျုပ်တို့အပြင် ရှိပါတော့မလား"

"ကိုင်း ... ရှည်ရှည်ဝေးဝေးပြောမနေတော့ဘူး ပါလာတဲ့လက်ဝတ်လက်စားတွေကို ချွတ်ကြစမ်း၊ ပြော စကားနားမထောင်လို့ကတော့ အားလုံး သွေးချောင်းစီး သွားမယ်"

"အာစရိ ... ဟိုကောင်မလေးကိုတော့ ချက်ချင်း မသတ်လိုက်ပါနဲ့ဦးနော်"

"မင်းက ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ကောင်မလေးက တောင့်တောင့်တင်းတင်း ဆူဆူဖြိုးဖြိုးလေးခင်ဗျ၊ အာစရိ အရင်ပွဲတော်တည်ပေါ့၊ ပြီးတော့ တပည့် ပွဲတော်တည်မယ်"

အနုကြမ်းသမားဆရာတပည့်နှစ်ယောက်၏ အပြန်အလှန် ပြောဆိုကြသောစကားက ဖြူမအတွက် နားရှက်စရာကောင်းလှသလို ဖခင်ဖြစ်သော ဆြာလှအတွက်လည်း ဒေါသတွေက အထွတ်အထိပ်သို့ရောက်သွားစေခဲ့သည်။

"ဟော့ကောင်တွေ ... မင်းတို့မယုတ်မာနဲ့ မပက်စက်နဲ့၊ ငါ့သမီးကို ထိရဲရင်ထိကြည့်၊ ငါ့အသက်နဲ့လဲပစ်မယ်"

"ဟာ ... ဟ... အဘိုးကြီးက အဘိုးကြီးသာဆိုတယ်၊ သတ္တိကတော့ မသေးပါလား အာစရိ"

"ဟုတ်ပကွာ ... တို့လက်ခုပ်ထဲက ရေဖြစ်နေတာတောင် မာန်က တက်နေရသေးတယ်၊ ကိုင်း ... မှတ်လောက်သားလောက်ဖြစ်အောင် ပညာပေးလိုက်စမ်း"

"ဟုတ်ကဲ့ ... အာစရိ"

မြှော်ပြောဆိုဆိုနှင့် တပည့်ဖြစ်သူက ဆြာလှအား လှည်းပေါ်မှ ဆွဲချလိုက်သည်။ ဤတွင် ဆြာလှက လက်ထဲရှိကြိမ်လုံးဖြင့် တုတ်ခနဲလွှဲရိုက်လိုက်သည်။ ထိုလျှပ်တစ်ပြက်အခြေအနေတွင်းမှာ လွှဲရိုက်သောကြိမ်လုံးကြား ခေါင်းဆောင်က ဓားဖြင့်ထိုးခံလိုက်သဖြင့် ကြိမ်လုံးလည်း ထောက်ခနဲဆိုသလို ပြတ်တောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်လဲလာ ... တော်တော်လဲစွာတဲ့ အဘိုးကြီး၊ ကိုင်း ... လူကျမကျဘဲ ခွေးကျကျ ကျစမ်းဟာ"

"ဘိုး ... "

"အား ... အမလေး ... အဘ ... အဘ ကယ်တော်မူကြပါရှင်၊ ကယ်တော်မူကြပါ"

ခြေလှကို လှည်းပေါ်မှပြုတ်ကျစေပြီးနောက် ခေါင်းဆောင်မှ ဓားနှောင့်ဖြင့်ထုလိုက်ချိန်ဝယ် ဖြူမလည်း အထိတ်တလန့်ဖြစ်ပြီး ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခံလိုက်သည်။

"အော် ... အော် ... ကြိုက်သလောက်အော်၊ အော်ချင်သလောက်အော်၊ အသံသာတိမ်ဝင်ပြီး ပျောက်သွားမယ်၊ ဘယ်သူမှကြားမှာမဟုတ်ဘူး"

"မောင်တို့ရယ် ... ရှိကြီးခိုးပါရဲ့ကွယ်၊ ဟောဒီအဒေါ် လက်ကောက်တွေကို ပေးလိုက်ပါ့မယ်၊ ယူပြီးသွားကြပါ"

"ဟုတ်ပါတယ်ကွယ် ... ဟုတ်ပါတယ်၊ လူကိုတော့ အန္တရာယ်မပြုကြပါနဲ့"

"ဟာ ... ဟ ... လာလာချည်သေး၊ ခင်ဗျားတို့ ဘယ်လောက်ချမ်းသာတယ်၊ ရွှေတွေဆင်လာတယ်၊ ငွေတွေပါလာတယ်ဆိုတာ သတင်းအတိအကျရထားလို့ စောင့်နေတာဗျာ၊ လောကမှာ မုဆိုးဆိုတာမျိုးဟာ သားကောင်ကို အလွတ်ပေးရိုးထုံးစံမရှိဘူး။

ကိုင်း ... ဆွဲကြိုးဖြုတ်၊ နားကပ်ချွတ်၊ ဟိုလူကြီး ခင်ဗျားအိတ်ကြီးထဲက ငွေတွေ ထုတ်စမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်စရာကောင်းလောက်အောင် ပွက်လောရိုက်နေချိန်
ယ် ဆြာလုခမျှာမှာတော့ လှည်းပေါ်မှပြုတ်ကျသည့်ဒဏ်၊ ဓားနှောင့်
င် အထုခံရသည့်ဒဏ်ကြောင့် လှည်းလမ်းဘေး၌ ခွေခွေကလေး
ပ်မောကျနေပြီဖြစ်သည်။ ဘာဆိုဘာမျှ သတိရဟန်မတူတော့။

"ဟာ ... အချိန်ဆွဲနေတဲ့လူကြီး၊ ကလီကမာလုပ်ချင်ဦး"

"ဒိုး"

"အဲ့"

"အောင်မယ်လေး ... ငါ့ယောက်ျားသေပါပြီ"

လင်ဖြစ်သူ၏နဖူးမှကျလာသောသွေးတွေကိုကြည့်လျက်
ခင်ထွားလည်း လန့်ဖျပ်ကာ ငုတ်တုတ်ကြီးမေ့သွားခဲ့လေပြီ။

"ကိုင်း ... ရစရာရှိတာတွေရပြီ၊ ဒီကောင်မလေးကို ကျွန်တော် ဆွဲခေါ်လာခဲ့မယ်"

"ဟုတ်တယ်၊ ခေါ်ခဲ့၊ ဘယ်သူမှမရိပ်မိနိုင်တဲ့ကမ်းစပ်က လှိုဏ်ထဲကို ခေါ်သွားမယ်၊ ပြီးတော့မှ မင်းနဲ့ငါ တစ်ဖက်ကမ်းကို ပြေးကြမယ်"

"ကောင်းတယ် အာစရိ၊ ကောင်းတယ်"

မျက်နှာတွေ မျက်နှာဖုံးတွေကိုယ်စီစွပ်ထားကြလေသည်မို့
ယ်သူဘယ်ဝါမှန်း မသိတတ်နိုင်ချေပြီ။ အတပ်သိလိုက်သည်ကား
သူနှစ်ဦးသည် အစွမ်းကုန်ပက်စက်ယုတ်မာကြတော့မည့်သူများ

"လွှတ် ... လွှတ် ... ရှင်တို့ မယုတ်မာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... သာယာတဲ့တွေ့ဆုံမှုလေးကို ဖန်တီးပေးတာပါကွယ်၊ ကိုင်း... လိုက်ခဲ့... လိုက်ခဲ့"

"လွှတ် ... လွှတ် ..."

ဖြူမကား လှည်းလက်ရမ်းကိုဆုပ်ကိုင်ထားသည်။ လူ ယုတ်မာကလည်း ဆွဲချနေသည်။ သည်ပုံအတိုင်းဆိုလျှင်ဖြင့် ဖြူမ တို့မိသားစုအဖို့ ပစ္စည်းဥစ္စာလည်းဆုံးပါး၊ လူတွေလည်း ဒုက္ခရာ အနာတရဖြစ်ခဲ့ရုံသာမက၊ ဖြူမကိုယ်တိုင်ပင် လူယုတ်မာတို့၏ အကြမ်းဖက်မှုဖြင့် ဘဝတစ်ခုလုံး ရေတိမ်နစ်ရတော့မည့်အဖြစ်။ အို ... ဘုရားရှင်၊ ကယ်တော်မူပါ ... ။

"ဟေ့ကောင်တွေ ... မိန်းကလေးကိုလွှတ်လိုက်ကြစမ်း"

အောင်မြင်ခံ့ညားစွာဖြင့် မာန်ပါလှလေသော အသံကြီး။ ဖြူမရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး အသံရှင်ကို တိမ်းငဲ့ကြည့်လိုက်သည်။ အို ... ကယ်တင်ရှင်ကား ကိုဖိုးအေးမှကိုဖိုးအေးအစစ်။

"ကိုဖိုးအေး ... "

"မပူနဲ့ဖြူမ၊ ကိုဖိုးအေး ရောက်လာပြီ၊ ကံသီပေလို့ပေါ့ကွယ်၊ မြို့ဆေးရုံကနေပြန်လာတုန်း ကြုံလိုက်ရတာ"

"ဟေ့ကောင် ... မဆိုင်ရင်ဝင်မရှုပ်နဲ့၊ ခေါင်းပြုတ်သွားမယ်နော်"

"လာလေ ... စမ်းကြည့်လေ"

"ပြောမရတဲ့ သအောက်မသား ... သေပေတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်"

"ဝှစ်"

အနုကြမ်းသမားနှစ်ဦးစလုံး ငှက်ကြီးတောင်ဓားဖြင့် ဖိုးအေးအား ဝင်၍ပိုင်းလိုက်ကြသည်။

အခြေအနေနှင့် အကွက်အနေအထားကို ကြိုတင်အကဲခတ်ထားသူမို့ ဓားချက်များကိုရှောင်တိမ်းရင်း လှည်းဒေါက်ဖြင့် ခေါင်းစလုံးကို ရိုက်ချပစ်လိုက်သည်။

"ဖောင်း ..."

"အား"

"ဖြောင်း"

"အမလေး ..."

သည်ရွှေ့သည်မျှသာ အသံထွက်နိုင်တော့သည်။ အနုကြမ်းသမားနှစ်ဦးမှာ ဆြာလှမွေးစက်ရာနံဘေးတွင် အလဲလဲအကွဲကွဲဖြင့် ပြောက်နေလေပြီ။

ဤတွင် တုပ်တုပ်မျှမလှုပ်နိုင်တော့ဘဲ လဲကျနေသူနှစ်ဦးထံ သွားရောက်ကာ ခေါင်းဆောင်၏မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

"ဟာ ... ဒါ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ရဲဘက်ပြေး တောက်ထွန်းပဲ၊ သည်ကောင်က လူသတ်မှု နှစ်မှုအပါအဝင် လုယက်မှုပေါင်းများစွာ ကျူးလွန်တဲ့သူမို့ အသေရရ၊ အရှင်ရရ သူ့ကိုမိခဲ့ရင် ဆုငွေတစ်သိန်းတဲ့၊ အင်း ... ကြိုးတုပ်ထားမှတော်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးသည် လှည်းပေါ်တွင်ပါလာသောလျှော်ကြိုးဖြင့် လူဆိုးခေါင်းဆောင် ရဲဘက်ပြေးတောက်ထွန်းအား နောက်ပြန်ကြိုး တုပ်လိုက်ပြီး တစ်ဆက်တည်းဆိုသလို တောက်ထွန်း၏တပည့်ကို လည်း နောက်ပြန်ကြိုးတုပ်ကာ မျက်နှာဖုံးစွပ်ကို ခွာလိုက်သည်။ ဖိုးအေး၏ရဲစွမ်းသတ္တိအပြည့်ဖြင့် လုပ်ဆောင်နေမှုအား မျက်တောင် ပခတ် ငေးကြည့်နေသူကား ချစ်ရသူ ဖြူမရယ်သာတည်း။

"ဟာ ... ဒါ ဘယ်သူများလဲမှတ်တယ်၊ ကျူတောရိုး က လူမိုက်တာတီးပဲ"

မကြာခင်မှာပဲ ဆြာလှသည်လည်းကောင်း၊ ကြီးတော်တို့ လင်မယားသည်လည်းကောင်း သတိပြန်လည်ရလာကြသည်။

"ကိုင်း ... ဆြာလှတို့ အဒေါ်တို့ ကျွန်တော်နဲ့အတူ လိုက်ခဲ့ကြပါခင်ဗျာ၊ သည်နှစ်ကောင်ကို စခန်းပို့အပ်ပြီး ဆေးခန်းဝင်ကြရအောင်"

"အေးပါကွယ် ... အေးပါ"

သည်တစ်ခါတော့ လိုလိုလားလား ခွန်းတုံ့ပြန်သူမှာ ဆြာလှ ပင်ဖြစ်သတည်း။

"ဒါပဲနော် အဘ ... သမီး ကြီးတော်တို့နဲ့ ရန်ကုန်မလိုက်တော့ဘူး"

"အေးပါကွယ် ... အေးပါ၊ အဘ အားလုံးကို နားလည်သွားဘောပေါက်သွားပါပြီ၊ ငါ့သမီးလေးအလိုကျ အဘဘက်က အစစအရာရာ ခွင့်လွှတ်လိုက်ပါပြီ"

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြူမ အတိုင်းမသိဝမ်းသာသွားရသည်။

အခြေအနေက အဆိုးထဲမှ အကောင်း။

"ကိုင်း ... ဖြူမရေ၊ ဟိုလူဆိုးနှစ်ကောင်ကို ငါ လှည်းနဲ့တင်ခေါ်သွားမယ်၊ ဖြူမက အဘနဲ့ ကြီးတော်တို့ကို သက်သောင့်သက်သာအနေအထားနဲ့ အဘရဲ့လှည်းကို မောင်းပြီး နောက်ကနေ လိုက်ခဲ့ချေ။ ဖြစ်တယ်မဟုတ်လား"

"ဖြစ်တယ် ကိုဖိုးအေး၊ ဖြစ်တယ်"

"အေး ... ဒါဆို ငါ ရှေ့ကသွားမယ်၊ အဘတို့ ကြီးတော်တို့ကို သေသေချာချာထိန်းပြီး နောက်က လိုက်ခဲ့ချေနော်"

"အေးပါတော် ... အေးပါ ... "

သည်လိုနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို လှည်းကလေးနှစ်စီးသည် မြို့နယ်ဆေးရုံနှင့် ရဲစခန်းရှိရာသို့ မနေးအမြန် ရွေ့လျားလျက်ရှိနေပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အရုပ်နဲ့ကိုယ့်ဇာတ်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

ငွေးတောရွာမှာတော့ ရာဇဝင်တွင်မည့်ပွဲ။

သည်ပွဲကား... ငွေးတောရွာတစ်ရွာလုံးက အထူးတလည် စိတ်ဝင်စားသည့်ပွဲ။

ဓာတ်စက်အော်လံကြီးမှာတော့ ကျေးလက်၏အချစ်တော် အဆိုတော်ကြီး တွံတေးသိန်းတန်နှင့် အသံဘုရင်မ တင်တင်မြတို့၏ 'မင်္ဂလာတေး'သီချင်းက ငွေးတောရွာတစ်ရွာလုံးကိုသာမက ရွာနီး ချုပ်စပ်တိုင်ပါ ပျံ့လွင့်လျက်ရှိနေတော့သည်။

"တူနှစ်ဖြာ × × ရွှေဂဟေဆက်ပါလို့ × × သွေမပျက် တဲ့သစ္စာ × × ရေစက်ရဲ့ရှေးအလာဝယ် မနှေးခါခါချင့်တွေး ချစ်ရေးခု × × သမုဒယနွယ်လာ × × ချစ်ရေးခု သမုဒယ နွယ်လာ × × ခုဘဝ တကယ် ဘယ်မမုန်းတော့လေး × × လေး × × လေး × × လေး × × ×



www.burmeseclassic.com

www.burmeseclassic.com



ရှေးရေစက် × × အကြောင်းဆက်ဖန်လာ ရွှေဂဟေ
ဖြာ × × ရွှေပဒေသာ × × ×”

သည်သီချင်းကိုဖွင့်နေပြီဆိုမှတော့ မင်္ဂလာပွဲဖြစ်မည်ကို ဘယ်သူမဆို သိကြပေလိမ့်မည်။

မှန်စွ … မှန်လေစွ … မှန်ပါလေစွတကား။

ငွေးတောရွာတစ်ရွာလုံး အတိုင်းမသိ ပျော်မြူးနေကြသည်။ ပျော်မြူးကြပေမပေါ့။

ယခုမင်္ဂလာဆောင်ကြသည့် မင်္ဂလာမောင်မယ်တွေဆိုသည်မှာ တခြားသူတွေမှမဟုတ်ဘဲ။

တစ်ရွာလုံး တလေးတစားရှိသော ကာလသားခေါင်းဖိုးအေးနှင့် ငွေးတောရွာ၏အလှပဂေး ဖြူမပင် ဖြစ်ချေ၏။ သည်ပွဲကို ဆောက်ထဦးဆောင်ကျင်းပပေးသည့်သူကို သိကြလျှင်ဖြင့် အံ့အားသင့်ဖြစ်ကြမှာ သေချာသည်။

ဘယ်သူဖြစ်ရမတုန်း။

ဝိဇ္ဇာမဟိဒ္ဓိ အာယုဗ္ဗေဒဆြာလု ဖြစ်လေသည်မဟုတ်လား။

ငွေးတောရွာသူရွာသားအပေါင်း ရွာလုံးကျွတ် မီးခိုးတိတ်အောင်က ရွာနီးချုပ်စပ်ရှိ အနီးအပါးရွာများကပါ အားတက်သရော ဝမ်းတသာ လာရောက်အားပေးကြချေ၏။

ကြွရောက်ချီးမြှင့်ကြသော ပရိသတ်အပေါင်းအား ကျွေးမွေးမှုကိုကော ကြည့်ဦးမလား။

လက်သီးဆုပ်သဏ္ဌာန် ဝက်သားတုံးကြီးတွေကို မည်သည့်ပွဲမှ မရောမနှောဘဲ ပြောင်ချက်၏။ ငါးသလောက်ပေါင်း၏။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



င်ပြာရည်ချက်ပါ၏။ သရက်ချဉ်သုပ်ပါ၏။ ဆယ့်နှစ်မျိုးဟင်းချို ပါ၏။ ကဲ . . . ဘာလိုသေးလို့တုန်း။ ကြိုက်သလောက်ဝင်၊ ကြိုက်သလောက်စား။

သည့်အတွက် ကုန်ကျမှုအပိုင်းက ဆြာလုနှင့်ညီမဖြစ်သူ ဒေါ်ခင်ထွားတို့က အကုန်အကျခံ၏။

ဖိုးအေးနှင့်ဖြူမတို့ ချစ်သူနှစ်ဦးကား ပျော်ရွှင်မဆုံး၊ ကြည်နူးမဆုံး။

ထိုအချိန်တွင် မိုက်ခွက်ကိုင်ရပါမှ နေသာထိုင်သာရှိလှစွာသော ဦးမင်္ဂလာက မိုက်ခွက်ကိုလှမ်းကိုင်လိုက်ကာ သောင်းတိုက်ကြားလောက်အောင် ကြေညာချက်ထုတ်ပါလေတော့၏။

"ဟုတ်ကဲ့ . . . မင်္ဂလာပါခင်ဗျာ

သည်ကနေ့ကဖြင့် ကျွန်တော်တို့ငွေးတောရွာအတွက် အင်မတန်မှ ကျက်သရေမင်္ဂလာခသွောင်းတဲ့ နေ့ကလေး တစ်နေ့ဖြစ်ပါတယ်၊ ဆြာလုဆိုတာ အများသိကြတဲ့အတိုင်း ရပ်ရွာက တလေးတစားနဲ့ အစစအရာရာ အားကိုးအားထားပြုနေရတဲ့ တကယ့်စွယ်စုံရပုဂ္ဂိုလ်ကြီးပါ။

အဲ . . . မောင်ဖိုးအေးဆိုရင်လဲ ငွေးတောရွာမှာရှိတဲ့ လူငယ်ကာလသားအပေါင်းကို ဦးဆောင်ပြီး တကယ့်ရပ်ကျိုးရွာကျိုးကို သယ်ပိုးနေတဲ့ လူတော်လူကောင်းလေး တစ်ယောက်ပါ။

ဒါပေမယ့်လဲ . . . ဆြာလုဟာ မောင်ဖိုးအေးပေါ်မှာ အကြောင်းတစ်ခုခုကိုအခုရင်းခံပြီး အမြင်မကြည်ဖြစ်နေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပါပြီ၊ ဒါကိုသိလို့ ကိုဂျင်ဟုတ်တို့၊ ကျွန်တော်တို့က အမျိုးမျိုးဖြောင်းဖြပေမယ့် နားမဝင်ပါဘူး။

ခုတော့လဲ ... သူကိုယ်တိုင်ကပဲ မောင်ဖိုးအေးပေါ် သဘောပေါက်နားလည်သွားပြီး သူ အလွန်မတန် ချစ်မြတ်နိုးရတဲ့ သမီးကလေး ဖြူမနဲ့ သဘောတူလိုက်ပြီဆိုတော့ ကျွန်တော်တို့ ရပ်မိရပ်ဖတွေအပါအဝင် တစ်ရွာလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်နေကြရပါတယ်။

ကျွန်တော် မင်္ဂလာပြောတာ ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်ဗျို့ ... မှန်ပါတယ်ဗျို့ ..."

"အင်မတန်ပီတိဖြစ်စရာစကားတွေပဗျာ၊ ကိုင်း.. မောင်ဖိုးအေးနဲ့ မဖြူမတို့ရဲ့ မင်္ဂလာပွဲနဲ့ပတ်သက်ပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်မှာ အစွမ်းပြခဲ့တဲ့ ဇာတ်ဆရာ ဆြာလှအနေနဲ့ မင်္ဂလာစကားကလေးချီးမြှင့်ပေးဖို့ ပန်ကြားပါရစေခင်ဗျား ... ။

ဟုတ်ကဲ့ ... ကျွန်တော် မင်္ဂလာပါ"

ဦးမင်္ဂလာက သူ့စကားဆုံးတော့ မိုက်ခွက်ကို အာယုဗ္ဗေဒ ဆြာလှထံ ထိုးပေးလိုက်သည်။

"အဟမ်း ... အဟမ်း ...

ဟုတ်ကဲ့ ... ကြွရောက်အားပေးချီးမြှင့်ကြတဲ့ ညီ့ပရိသတ်အပေါင်းကို လေးစားဦးညွှတ်ပါတယ်ခင်ဗျား..

တကယ်တော့ ... ကျွန်တော်ဟာ လူ့အဖိုးတန်ကလေး ဖြစ်တဲ့ မောင်ဖိုးအေးအပေါ် ဘာမဟုတ်တာလေးနဲ့ ယှဉ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လှပါရမလားဆိုပြီး အထင်လွဲစိတ်နဲ့ အမြင်တွေ တိမ်းစောင်းခဲ့ပါတယ်၊ ကျွန်တော့်လို လူကြီးတစ်ယောက်က ဘယ်လိုပဲ ဘက်တိုက်ခဲ့ပေမယ့် မောင်ဖိုးအေးကတော့ ဘယ်လိုမှ ကျွန်တော့်အပေါ် အမှတ်မထားခဲ့ပါဘူး၊ သဘောထားကြီးရှာပါတယ်။

အမှန်တကယ် အတ္တကြီးတဲ့သူဟာ မောင်ဖိုးအေး မဟုတ်ဘဲ ကျွန်တော်သာဖြစ်ခဲ့ပါတယ်။ ဟိုတစ်နေ့က သမီးလေးဖြူမကို ငွေးတောရွာက ခွဲထုတ်မယ်၊ မောင်ဖိုးအေးရဲ့အသည်းကိုခွဲမယ်ဆိုတဲ့စိတ်နဲ့ ကျွန်တော် ကြိုးပမ်းခဲ့တာအမှန်ပါ။

အဲသည်နေ့က မောင်ဖိုးအေးသာ ရောက်မလာခဲ့ရင်၊ ရောက်လာခဲ့သည့်တိုင် သူ့အသက်အန္တရာယ်ကိုငဲ့ပြီး ရှောင်ထွက်သွားခဲ့မယ်ဆိုရင် ကျွန်တော်တို့မိသားစုအသိုက်အမြုံဟာ အန္တရာယ်နဲ့ကြုံတွေ့ရရုံမက ကျွန်တော့်သမီးလေး ခများလဲ ရေတိမ်နစ်ရတော့မယ့်အခြေအနေပါ။

ဒါပေမယ့် ... ဘယ်သူတရားပျက်ပျက် မောင်ဖိုးအေးကတော့ တရားမပျက်ခဲ့ပါဘူး၊ သူ့ကြောင့်ပဲ အများပြည်သူတွေ ကြုံတွေ့ရမယ့်အန္တရာယ်တွေ ဖယ်ရှားနိုင်ခဲ့တယ်၊ ကျွန်တော်တို့မိသားစုရဲ့ ဥစ္စာစည်းစိမ်၊ အသက်အပြင် သမီးလေးရဲ့အရှက်ကိုပါ လုံခြုံမှုရှိအောင် ကာကွယ်နိုင်ခဲ့ပါတယ်၊ သည်လိုမျိုး လူ့အဖိုးတန်ကလေးဟာ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတော့်ရဲ့သား ဖြစ်သွားခဲ့ရပါပြီ၊ ကျွန်တော်ကိုယ်တိုင် သားနဲ့ သမီးကို လက်ထပ်ထိမ်းမြားပေးခဲ့ပါပြီ။

တစ်ဆယ့်သိတည်းကြေညာချင်တာက မကြာခင်ကာလမှာ ကျွန်တော်ဟာ လောကီကို ငြီးငွေ့စိတ်နဲ့ ထာဝရဘုရားကျောင်းကန်ရိပ်ကို ခိုတော့မယ့်အကြောင်းပါခင်ဗျာ”

“ရှီး ... ဖြောင်း ... ဖြောင်း ... ဖြောင်း”

မင်္ဂလာပွဲလာပရိသတ်အပေါင်း၏ ဝမ်းမြောက်ဝမ်းသာသြဘာပေးသံ၊ လက်ခုပ်သံတွေက မင်္ဂလာမဏ္ဍပ်တစ်ခုလုံး လွှံ့ထွက်နေတော့သည်။

ဖိုးအေးက ဖြူမကို ရွှန်းရွှန်းစားစားကြည့်သည်။

ဖြူမကလည်း ဖိုးအေးကို မြတ်မြတ်နိုးနိုးကြည့်သည်။

အလဲ့ ... ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ်ကတော့ တကယ့်ကို ထပ်တူညီမျှခြင်း ဖြစ်နေပါကလား။

ရှင်လန်းချမ်းမြေ့ကြပါစေ။

မြို့မေတ္တာခံယူမယ့်

ကိုရွှေတောသား



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးစကား

ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးတင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။

ကျွန်တော် 'ကိုရွှေတောသား' ဟူ၍ ဖြစ်တည်လာရခြင်း၌လည်း ကျေးဇူးတင်ထိုက်သူတွေ တစ်ပုံတစ်ပင်ရှိပါ၏။ ဦးစွာ ကိုရွှေတောသားဖြစ်လာမည့် ကျွန်တော့်အား တောရပ်ကျေးရွာကလေးတွင် မွေးဖွားပေးခဲ့သော အနန္တဂိုဏ်းဝင် မိဘနှစ်ပါး။ ပြီးတော့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ။

သရော်စာ၊ ဟာသများရေးပြီးသကာလ စာနယ်ဇင်းအချို့၌ ဖော်ပြပေးခဲ့ကြသော အယ်ဒီတာများ၊ ဆရာဦးရဲဇော် ကိုင်တွယ်သည့် ရုပ်ရှင်အောင်လံမဂ္ဂဇင်း၌ လစဉ်ရေးခဲ့သော သရော်စာများအား



www.burmeseclassic.com

www.burmeseclassic.com



စုစုစည်းစည်းထုတ်ဝေပေးခဲ့သည့် တောင်လုံးပြန်စာပေဆက်ဆံရေးမှ ဆရာမာန် (တောင်လုံးပြန်)၊ ယခု ကျေးလက်ပျော်ဟာသသီးသန့် အဖြစ် စဉ်ဆက်မပြတ်ထုတ်ဝေပေးနေသည့် ဆရာဟိန်းဇေ(စိုးစာပေ) တို့ကို ကျေးဇူးဥပကာရ တင်ရှိရပါသည်။

ဤ'ပြောစမှတ်တွင်မယ့် တောရပ်ခွင်'စာအုပ်၌ သီချင်း အချို့ကို ဖန်တီးပေးသော ကဗျာဆရာ ကေမင်းညီ၊ ကျေးလက် တကယ့်ဖြစ်ရပ်အချို့ကို ပြောပြခဲ့သော နောင်တော် ချစ်ကိုကိုယု (နှလုံးလှလှမိုက်)နှင့် ရေးဖြစ်အောင်ဦးဆောင်တိုက်တွန်းလမ်းညွှန် ခဲ့သော အစ်ကိုကြီးမောင်ငြိမ်းသူ (ကြို့ပင်ကောက်)တို့အား မှတ်တမ်း တင် ဂါရဝပြုပါသည်။

တစ်ဖန် ကိုရွှေတောသားအဖြစ် ရပ်တည်လာနိုင်အောင် အားပေးဖတ်ရှုကြကုန်သော၊ ဝေဖန်အကြံပြုကြကုန်သော ကျေးလက် ချစ် စာပေပရိသတ်အသီးသီးကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်ရ ပါကြောင်း။

အစဉ်ထာဝရ ဂါရဝတရားဖြင့်
မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား



www.burmeseclassic.com